www.burmeseclassic.com

# တာတေ
# မယ်ပဲဂါကိုဖမ်းမဲ့ကဝေ



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပန်းချီ
ဝင်း-အဖွဲ့တ

မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး

အတွင်းသရုပ်ဖော်
ကေလတ်

ကွန်ပြူတာစာစီ
ဇာနည်မော်

မျက်နှာဖုံးဖလင်
EAGLE

အတွင်းဖလင်
ရာဇာမျိုးဝင်း

စာအုပ်ချုပ်
ဇာနည်

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
(မြဲ-၀၀၂၃၉)

ပုံနှိပ်သူ
ဦးသိန်းဦး
မြတ်ရတနာပုံနှိပ်တိုက်
(မြဲ-၀၉၁၃၁)

အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်

ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်
အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၃၅၄

www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေ
# မဲပဝါကိုဖမ်းမဲ့ကဝေ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ကျွဲလူးအိုင်သရဲ . . . . . . . . . . . . . . . . . . . . . . ၅

၂။ လူနီကလေး . . . . . . . . . . . . . . . . . . . . ၃၃

၃။ ကိုယ်ပွားလိုက်ခြင်း . . . . . . . . . . . . . . . . . . ၆

၄။ မဖဲဝါကိုဖမ်းမဲ့ကဝေ . . . . . . . . . . . . . . . . . . ၁၀၀

၅။ ခြေရာတစ်တောင် နေကြမ်မှောင် . . . . . . . . . . . ၁၂


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# ကျွဲလူးအိုင်သရဲ

အောက်ပြည်ကို တာတေ ရောက်တုန်းကဗျ။ ကျွန်တော်တို့
ထနောင်းကုန်းက ကိုညွန့်မောင်နဲ့ လိုက်သွားတာလေ။ ကိုညွန့်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



မောင်က တစ်နှစ်ကို တစ်ခါ အောက်ပြည်သွားပြီး ငါးသလောက်ငပိကောင် ဝယ်တာလေဗျာ။ ရာဇူဒိုင်သလောက်ဆိုတာ လွတ်နာမည်ကြီးတာဗျ။

ရာဇူဒိုင်ဆိုတာ မော်ကျွန်းအထက်ဘက်က မြစ်ကြီးလေဗျာ။ မြစ်ကြီးအကျယ်ကြီးထဲမှာ သေလောက် ပိုက်ချတဲ့လှေတွေမှ အများကြီးဗျ။

ကျုပ်က အညာသားဆိုပေမယ့် ပင်လယ်ဘက်လည်း ရောက်ဖူးတယ်။ ကျုပ်တို့ရွာက ကိုဆိတ်ဖွားနဲ့ ဘိတ်ဘက်လိုက်သွားတဲ့အကြောင်းကို ကျုပ် ရေးခဲ့တဲ့ 'ပင်လယ်စုန်း' ဝတ္ထုထဲမှာ ဖတ်ကြည့်ပေါ့ဗျာ။

အခုတော့ ကိုညွှန့်မောင် ငါးသလောက်ငပိကောင် ဝယ်တဲ့ဆီကို ကျုပ် ရောက်လာတာဗျ။ ရာဇူဒိုင်ရွာမှာပဲ ကျုပ်တို့ တည်းကြတာဗျ။

အောက်ပြည်ဓလေ့က ကျုပ်တို့ အညာဓလေ့နဲ့တော့ မတူဘူးပေါ့ဗျာ။ ကျုပ်တို့ဆီမှာက သဲချောင်းတွေပဲ ရှိတာမို့လား။ ဒီမှာကတော့ မြစ်တွေ ချောင်းတွေဆိုတာ လက်ယှက်ထိုးကို ရှိနေတာဗျ။ ကျုပ်တို့အညာကတော့ ကုန်းခေါင်ခေါင်တွေဆိုတော့ ဘယ်သွားသွား လှည်းနဲ့ နွားကိုပဲ အားကိုးရတာပေါ့။ ဒီမှာကတော့ ဘယ်သွားသွား လှေကလေးတွေနဲ့ဗျ။ ဆယ်တောင်လှေ၊ ဆယ့်နှစ်တောင်လှေတွေကို လှော်တက်နဲ့ လှော်ကြ၊ ခတ်



www.burmeseclassic.com

www.burmeseclassic.com



တက်နဲ့ ခတ်ကြပေါ့ဗျာ။

လှေနံတစ်ဖက်စီမှာ ခတ်တိုင် တစ်တိုင် ရှိတယ်လေဗျာ။ ခတ်တိုင်မှာပါတဲ့ အထစ်ကလေးတွေမှာ ခတ်တက်မှာ တပ်ထားတဲ့ ခတ်ကွင်းကို စွပ်ပြီး ခတ်ရတာဗျ။ လှေခတ်ကောင်းရင် ရိပ်ကနဲ ရိပ်ကနဲနေအောင်ကို သွားတာဗျ။

လှေထဲမှာက လှေကတ်ခင်းထားတာဆိုတော့ ကျကျနန ထိုင်လိုက်လို့ရတာပေါ့ဗျာ။ လှေထဲကို စိမ့်ဝင်တဲ့ရေကိုတော့ ရေပက်ကန့်ထဲမှာ ရေပက်ခွက်နဲ့ ခတ်ထုတ်ရတယ်။

ရေပက်ခွက်ဆိုတာ ဝါးဘိုးခြမ်းကို လုပ်ထားတာဗျ။ လက်ကိုင်ဖို့ အချိုင့်လေးလည်း ပါတယ်။ ဒါပေမဲ့ လှေစပ်ထားတဲ့ ပျဉ်းဆက်တွေကြားမှာ ပွတ်ညှက်နဲ့ သေသေချာချာ ထေးထားတာဆိုတော့ ရေလုံနေတာဗျ။ လှေထဲကို ရေသိပ်မဝင်ပါဘူး။ လှေက ပဲ့ဘက်ကရော ဦးဘက်ကရော ကော့နေတာဆိုတော့ လှေထဲကို ဝင်လာတဲ့ရေက ရေပက်ကန့်ထဲကိုပဲ ရောက်လာပြီး စုတော့တာပေါ့ဗျာ။

ကိုညွှန့်မောင်နဲ့ ကျုပ်နဲ့ ကိုအုန်းညွှန့် ဆိုတဲ့ ကောင်လေး လိုက်ပို့တာဗျ။ ဒီကောင်လေးက အသက်ဆယ်နှစ်သားလောက်ပဲ ရှိဦးမယ်ဗျ။ လှေလှော်တာ လှေခတ်တာများ ကျွမ်းကျင်လိုက်တာ မပြောပါနဲ့တော့ဗျာ။ အညာသားဆိုပဲ။ ကျုပ်က ဈေးကို ကျွမ်းကျွမ်းကျင်ကျင် ကူးနိုင်တဲ့ကောင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



တာတေ ဆိုတဲ့ကောင်က ငယ်ငယ်ကလေးတည်းက ယင်းချောင်းထဲမှာ ရေကူးလိုက်၊ သဲထဲမှာ လိုက်ပြီး ပုရစ်နှိုက်လိုက် လုပ်နေတဲ့ကောင်ပဲဗျာ။ ရေကူးတတ်ပါပြီလား။

အုန်းညွှန့်က ကျုပ်တို့ကို လှေတစ်စီးနဲ့ ချောင်းကြို ချောင်းကြားအနှံ့ လိုက်ပို့တာဗျို့။ ချောင်းကျဉ်းကလေးတွေထဲမှာ ဘဲခြံတွေက လွှတ်ပြီးကျောင်းနေတဲ့ ဘဲအုပ်တွေဆိုတာ အကောင်ရာနဲ့ချီနေတာဗျို့။ ဘဲကျောင်းသားကလည်း လှေတစ်စီးနဲ့ပဲဗျ။ လှော်တက်နဲ့ ရေကို ဖြန်းကနဲရိုက်လိုက်ရင် သူ့ဘဲအုပ်က သူလိုချင်တဲ့ဘက်ကို ကူးကြရောဗျို့။

ချောင်းဘေးက လတာပြင်ထဲမှာတော့ ငပျံတွေဆိုတာ တဖျတ်ဖျတ်ခုန်နေတာဗျို့။ ဂဏန်းနီနီလေးတွေကလည်း လတာထဲမှာ ဟိုပြေး ဒီပြေးနဲ့ဗျ။ အဲဒီလတာပြင်ထဲမှာ ငါးမြွေထိုးချိတ်နေတဲ့ လူတွေလည်း ရှိသဗျ။ ငါးမြွေထိုးချိတ်ဆိုတာက တံဇဉ်အကျိုးနဲ့ လုပ်ထားတဲ့ သံပြားကောက်ကောက်ကလေးပေါ့ဗျာ။ ဝါးလုံး တစ်လံသာသာလောက် ထိပ်မှာ အဲဒီချိတ်ကောက်ကို တပ်ထားတာဗျို့။ ပြီးရင် အဲဒီဝါးလုံးကို လေထဲမှာ လွှဲလွှဲပြီး လတာထဲက ငါးမြွေထိုးကို ချိတ်ရတာဗျ။

ငါးမြွေထိုးက ကောက်ထားတဲ့ သံချိတ်ကလေးမှာ ညှပ်ပြီး ပါလာတာပေါ့ဗျ။ ဘူ့ခလေ့နဲ့သူတော့ တော်တော်ကိုအဆင်ပြေတာဗျို့။ ချောင်းကမ်းပါးမှာတော့ စက်ကတုံးပင်တွေ။ ကိုရုံကြီး



www.burmeseclassic.com

www.burmeseclassic.com



ပင်တွေ၊ ဆွမ်းမွှေးပင်တွေ၊ ကန်ဇွန်းပင်တွေ၊ ခရမ်းပြာရောင် အပွင့်လေးတွေပွင့်တဲ့ ခရာပင်တွေ၊ လမုပင်တွေနဲ့ပေါ့ဗျာ။

ကျုပ်တို့အညာမှာကတော့ နွားသုံးကြတာပေါ့ဗျာ။ အောက်ပြည်မှာက ကျွဲသုံးတာဗျ။ မိုးတွေ ရေတွေများတဲ့ ဒေသ ဆိုတော့ ကျွဲသုံးကြရတာပေါ့ဗျာ။

ကျုပ်ဖြင့် ကျွဲနွားကို ကပ်ကို မကပ်ဝံ့တာဗျ။ ချိုကြီးတွေ ကလည်း ရှည်ရှည်ကွေးကွေးကြီးတွေလေဗျ။

တာတေဆိုတဲ့ ကျုပ်က နွားဆိုရင် လွတ်ကျွမ်းကျင်တာ ဗျ။ အဲ. ... ကျွဲကျတော့ ကျုပ် အနားကိုတောင် မသီရဲဘူးဗျို့။ ကျုပ်တို့အညာမှာ နွားတွေက ရွံ့လူးတယ်ဆိုတာ ဘယ်ရှိမှာတုံး ဗျာ။ ကျွဲကျတော့ ရွံ့လူးတယ်ဗျ။

သူတို့ပြောတာတော့ ကျွဲဆိုတာ လူးချပေးရတယ်ဆိုပဲ။ သူတို့တွေဆီမှာ 'ကျွဲလူးအိုင်' တွေ ရှိတယ်ဗျ။ ညွံ့အိုင်တွေပေါ့ဗျာ။ ကျွဲလေးငါးကောင် ဆင်းပြီး လူးနိုင်လောက်အောင် ကျယ်တယ် ဗျ။

ကျွဲတွေကို လူးချဖို့ မောင်းသွားပြီး ကျွဲလူးအိုင်ရောက် ရင် လူးချပေးရတာပေါ့ဗျာ။ ကျွဲကြီးတွေက ရွံ့ညွံ့တွေထဲမှာ တစ်ကိုယ်လုံးစိမ်ပြီး နေကြတာဗျ။ ခေါင်းလေးပဲ ဖော်ထားတာ။ ကျွဲတွေ ကျွဲလူးအိုင်ထဲက တက်လာတော့မှ ချောင်းထဲကို မောင်း ချပြီး ရေချိုးခိုင်းရတာ။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲမှာ ရေစိမ်နေရင်တော့ ရေထဲမှာ တစ်ကိုယ်လုံးငုတ်ပြီး စိမ်ကြတာဗျ။

'ဖူး'ဆိုတဲ့ နှာမှုတ်သံကြီးတွေနဲ့ ရေထဲကနေ ပေါ်ပေါ်လာတဲ့ ကျွဲကြီးတွေကို ကြည့်ရတာ ကြည့်လို့ကောင်းသားဗျ။ ဒါက တော့ အောက်ပြည်ရဲ့ ဓလေ့ပေါ့ဗျာ။

ကိုညွှန့်မောင်ရဲ့ ငါးသလောက်ငပိကောင်က ငါးသလောက် ပိုက်ချတဲ့အိမ်တွေမှာ လိုက်ဝယ်ရတာကိုဗျ။ တစ်နေရာတည်းမှာ များများဝယ်လို့ရတာမှ မဟုတ်တာ။ ရာဇူ ဒိုင်ကနေ တပ်ချောင်း၊ ကွင်းချောင်းဘက်ကို သွားဝယ်ပြီး ကျုပ်တို့ ပြန်လာကြတော့ လိုက်ပို့တဲ့ အုန်းညွှန့်က ရေဆင်းတံတားလေးဘောကို လှေထိုးဆိုက်လိုက်တယ်။

လှေအဆင်း၊ မြင်းအတက် ဆိုပေမယ့်လည်း လှေကနေ တံတားပေါ်ကို ပြန်တက်တာလည်း မတက်တတ်ရင် ကိုးရို့ကားရား ဖြစ်တာပဲဗျ။ ခြေထောက်တစ်ဖက်ကို လှေထဲမှ ထိန်းထားပြီး တက်ရတာ။

အောက်ပြည်က ရွာတွေဆိုတာက ချောင်းကမ်းဘေးမှာ တန်းပြီးတည်ကြတာ။ အိမ်တွေ၊ ခြံတွေ၊ ဥယျာဉ်တွေကလည်း ချောင်းကမ်းဘေးမှာပဲ တန်းပြီးရှိနေတာဗျ။ အိမ်တိုင်း အိမ်တိုင်းမှာ ချောင်းထဲကိုဆင်းတဲ့ ရေဆင်းတံတားလေးတွေနဲ့ဗျ။ အဲဒီ တံတားလေးတွေမှာ လှေတစ်စင်းလောက်ကတော့ အမြဲချည်



www.burmeseclassic.com

www.burmeseclassic.com



ထားကြတာ။

ကျုပ်တို့တည်းတဲ့အိမ်က ရာဇဒိုင် သူကြီးဦးဖိုးဆင်ရဲ့ အိမ်ဗျ။ ကျုပ်တို့ကို လိုက်ပို့တဲ့ အုန်းညွန့်က သူကြီးဦးဖိုးဆင်ရဲ့ စာရင်းငှား ကိုကွန့်ရဲ့သားဗျ။

ကျုပ်တို့ သူကြီးအိမ်ကို တက်လာတော့ သူကြီးအိမ်ပေါ်မှာ လူတွေ ရောက်နေကြတယ်ဗျ။ ရွာထဲက ရွာသားတွေ ဘာများ အမှုအခင်းဖြစ်လို့တုံးလို့ ကျုပ်က နားစွင့်ရင်း အိမ်ပေါ်ကို တက်လာတာဗျို့။

သူကြီးရဲ့အိမ်က တစ်ထပ်အိမ်ဗျ။ ဒါပေမဲ့ အတော်လေးတော့ ကျယ်ပါတယ်။

"ဟော ကျုပ်ညှော့်သည်တွေတောင် ပြန်လာပြီဗျ"

သူကြီးက ပြောလိုက်တော့ ထိုင်နေတဲ့လူတွေက ကျုပ်တို့ကို လှည့်ကြည့်တယ်။ အားလုံးခြောက်ယောက်ဗျ။

"ဒါ ထနောင်းကုန်းက ကျုပ်ညီ ဘိုးသင်ရဲ့သား ညွန့်မောင်တဲ့ဗျ။ ဟိုသူငယ်က ညွန့်မောင်နဲ့ ပါလာတာလေ၊ မောင်တာတေတဲ့ဗျ။ သူတို့အရပ်မှာ ပြန်ရောင်းဖို့ ငါးသလောက် ဆားနယ် လာဝယ်တာလေဗျာ။ အဲဒါ ခင်ဗျားတို့လည်း သတင်းနည်းနည်းဖြန့်လိုက်ပါဦးဗျာ၊ ငါးသလောက်ငပိကောင် ရောင်းဖို့ရှိတယ်။ ဒီက ဝယ်တယ်လို့၊ ဈေးကတော့ ပေါက်ဈေးပဲပေါ့ဗျာ၊ ကဲ ညွန့်မောင်ရော မောင်တာတေရော ထိုင်ကြ၊ ထိုင်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့လည်း သူကြီးနဲ့ မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်ကြတာပေါ့ဗျာ။

"အေး ငရွှေရေ မင်း စောစောကစကားကို ဆက်စမ်းပါဦးကွ"

သူကြီးက ကိုရွှေ ဆိုတဲ့လူကို ပြောတယ်။ အသားညိုညို၊ ခပ်ထွားထွားနဲ့ ကိုရွှေ ဆိုတဲ့လူက ကျုပ်တို့အိမ်ပေါ်ကို တက်လာလို့ ပြတ်သွားတဲ့စကားစကို ပြန်ဆက်တယ်ဗျ။

"ဒီလို သူကြီးရေ. . . ကျုပ်လယ်ထဲက ကျွဲလူးအိုင်ကို သူကြီး သိတယ်မို့လား"

"ကျွဲလူးအိုင်၊ ဟ ငရွှေရဲ့၊ မင်းလယ်ထဲမှာက ကျွဲလူးအိုင်က နှစ်အိုင်တောင် ရှိတာမို့လား၊ ဘယ်အိုင်ကို ပြောတာတုံး"

"ဟိုအိုင် သူကြီးရာ၊ ကနစိုပင်ကြီးရှိတဲ့ အိုင်လေဗျာ"

"အေး. . . ဒါဆို သိပြီ၊ လမုတောကြီးရှိတဲ့ အိုင်ပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်"

"အေး. . . အဲဒါ ဘာဖြစ်တုံး"

"လွန်ခဲ့တဲ့ သုံးလေးရက်က ကျုပ်တို့ ကျွဲတွေ လူးချပြီး ပြန်တက်လာတော့ ကျွဲတစ်ကောင်အပေါ်မှာ ပုဆိုးအကွက်ကြီး ဝတ်ထားတဲ့ အကျီကိုယ်တုံးလုံးနဲ့ လူကြီးတစ်ယောက် စီးပြီး ပါလာတယ်တဲ့ဗျ။ အရွယ်ကတော့ ရိုးရိုးလူအရွယ်ပဲတဲ့ သူကြီးရဲ့။ ဆံပင်စုတ်ဖွားကြီးနဲ့ မျက်လုံးကြီးတွေက နီနီရဲရဲကြီးတွေဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်သူက တွေ့တာတုံး"

"ကျုပ်သား ငဆယ် တွေ့တာဗျ သူကြီးရဲ့"

"ဟင် ဟုတ်လား၊ ငဆယ်က ဘာလုပ်လိုက်တုံး"

"ဟာ သူကြီးရာ ဒီကောင်တွေက တော်ရုံတန်ရုံ ကြောက်တတ်တဲ့အကောင်တွေမှ မဟုတ်တာ၊ လက်ထဲက ပေါက်ခွနဲ့ လှမ်းပစ်လိုက်တယ်တဲ့ဗျ၊ အဲဒီလူက ကျွဲပေါ်ကနေ နောက်ဂွမ်းပစ်ချပြီး ပျောက်သွားရောတဲ့ဗျို့။ ဒီတော့မှ သရဲမှန်း သိပြီး ကျွဲ ကို ခပ်သုတ်သုတ်မောင်းပြီး ချောင်းထဲမှာ ရေသွား ချတယ်တဲ့ဗျ"

သူကြီးဦးပိုးဆင်က ခေါင်းကို နှစ်ချက်လောက်ညိတ် လိုက်ပြီးတော့မှ ပြောပါယ်ဗျ။

"ငရွှေရာ ဒါမျိုးတွေက အဆန်းမှ မဟုတ်တာကွာ၊ နာနာဘာဝ၊ ဝိနာဘာဝ ဆိုတာတွေဟာ ရှိကြတာပေါ့ကွာ၊ သူတို့ လည်း သူတို့ဘာသာ နေကြတာပါ၊ တစ်ခါတလေ အကြောင်း တိုက်ဆိုင်တဲ့အခါ မြင်ရတာပေါ့"

"တိုက်ဆိုင်တာ မဟုတ်ဘူး သူကြီးရဲ့၊ တမင်ပြတာ၊ အဲဒီ ညပဲ ကျုပ်သား ငဆယ် ဖျားလိုက်တာ မပြောပါနဲ့တော့ဗျာ၊ သန်းခေါင်လောက်ကျတော့ ကယောင်ကတမ်းတွေ ပြောရောဗျ။ ပထမတော့ ကျုပ်က ကယောင်ကတမ်းတွေ ပြောတယ်ထင်တာ၊ နောက်တော့မှ ဒီကောင်က ကြမ်းပြင်ကို လက်ဝါးနဲ့ ဖြန်းကနဲ



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ရိုက်ပြီး ပြောတာဗျ"

"ဟော မင်းသား ဆေယ်က ပြောတာလား"

"ဘယ်ကဟုတ်ရမှာတုံး သူကြီးရာ၊ ကျုပ်သားကို သူ မြင်ခဲ့တဲ့ သရဲက ဝင်ပူးပြီး ပြောတာဗျ"

"ဟေ. . . ဘာပြောတာတုံး ငရွှေရဲ့"

"ငါက ကျွဲလူးအိုင်က သရဲကွ၊ ငါ့ကို အမဲသားတစ်ပိဿာ ချက်နဲ့ ထမင်းဝအောင်ကျွေး၊ မကျွေးရင် နင့်သားကို ငါ ဘတ်ပစ်မယ်တဲ့ဗျ"

"ဟော ဟုတ်လား၊ ဒါနဲ့ မင်းက"

"ဟာ ကျွေးရတာပေါ့ဗျာ၊ မြို့သွား အမဲသားဝယ်၊ သေသေချာချာချက်ပြီး ဆန်ကောထဲမှာ ငှက်ပျောဖက်ခင်း၊ ထမင်းတွေ ဟင်းတွေ ပုံပြီး ကျွဲလူးအိုင်က ကနစိုပင်ကြီးအောက်မှာ သွားကျွေးလိုက်တာ။ ဆေယ်လည်း ဖျားတာ ချက်ချင်းယူပစ်သလိုကို ပျောက်သွားတာဗျို့"

"အင်း. . . တော်ရှာလွန်းလို့ ထင်ပါတယ်ကွာ၊ တစ်ခါတလေ စားချင်သောက်ချင်လို့ နေမှာပါကွာ"

"ဟာ တစ်ခါတလေ မဟုတ်ဘူးဗျ သူကြီးရဲ့၊ ကျုပ်သား မြင်ပြီး နောက်တစ်နေ့မှာ ဟိုဘက်က ရေခန်းချောင်းမှာနေတဲ့ ကိုသုန်ရဲ့သား ငအေးလည်း ဖြစ်တယ်ဗျ။ ငအေးက ကျွဲလူးအိုင်က လမုတောထဲမှာ ခြောက်တောင်ဗျိုင်းကို လေးခွနဲ့ ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ ဖျိုင်းကျသွားလို့ သွားကောက်တာတဲ့ဗျို့။ လမ့ပင်တွေနား ရောက်တော့ အဲဒီအကောင်ပဲဗျ၊ ပုဆိုးကွက်တုံးကြီးနဲ့တဲ့၊ အကျီ မပါဘူးတဲ့၊ မျက်လုံးနီနီကြီးတွေနဲ့တဲ့၊ ဆံပင်က အရှည်ကြီးတဲ့ဗျ။ ငအေး ပစ်လိုက်တဲ့ ဖျိုင်းကို ပါးစပ်ကြီးနဲ့ ကိုက်ထားတာတဲ့ဗျာ၊ ငအေးကို မျက်လုံးနီနီကြီးနဲ့ စိုက်ကြည့်နေတာတဲ့ဗျို့၊ ငအေးဆိုတဲ့ ကောင် ငယ်သံပါအောင် အော်ပြီးပြေးတော့တာ၊ အိမ်ရောက် တော့ သတိလစ်နေလို့ မနည်းကို နှာနှပ်ယူရတာတဲ့ သူကြီးရေ"

"ဟေ ဒီလောက်တောင် ဖြစ်နေတာလားဟ"

"နေဦးပေါ့ သူကြီးရ၊ ကျုပ်ပြောပြဦးမယ်၊ အဲဒီကောင် လေးလည်း အဲဒီည ဖျားတာတဲ့ဗျာ၊ ဖျားရင်းနဲ့ ကျွဲလူးအိုင်သရဲ ဝင်ပူးပြီး ကြက်တစ်ကောင်ချက်နဲ့ ထမင်းကျွေးရမယ်ဆိုလို့ ကျုပ် လုပ်သလိုပဲ သွားလုပ်လိုက်မှ ပျောက်သွားတာတဲ့ဗျ"

"ဟာ ငရွှေရေ တော်တော်ဆိုးနေတာပဲကွ၊ မင်းပြော ပေလို့ပဲကွာ၊ ငါ ဒါတွေ ဘာမှကြားကာ မဟုတ်ဘူး"

"ဟုတ်တယ် သူကြီးရဲ့၊ ပထမတစ်ခါ ကျုပ်သား ငဆယ် ဖြစ်တုန်းက ကျုပ်လည်း ဇဝေဇဝါ ဖြစ်နေတာဗျ၊ ဟုတ်မှ ဟုတ်ရဲ့ လားပေါ့ဗျာ၊ ပြီးတော့ သူကြီး ပြောသလိုပေါ့၊ တစ်ခါတလေ ဖြစ်တာနေမှာပါလို့လည်း တွေးလိုက်မိတာကိုးဗျ၊ ဒါပေမဲ့ ကိုသုန့် သား ငအေး ထပ်ဖြစ်တော့ ကျုပ် နည်းနည်းစိုးရိမ်လာတာနဲ့ သူကြီးကိုတော့ ပြောမှပဲဆိုပြီး လာပြောတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ငါ ဆရာတော်ကို သွားပြီးတိုင်ပင်ကြည့်ဦးမယ် ကွာ"

သူကြီးက ဆရာတော်ကို အားကိုးပုံရတယ်ဗျ။ ဒါပေမဲ့ ဒီစကားကို လာပြောတဲ့ ရွာသားတွေကတော့ သိပ်ပြီးကြိုက်ပုံ မရဘူးဗျ။

"သူကြီးရာ ဒီကိစ္စက ဆရာတော်နဲ့ သိပ်မဆိုင်ပါဘူးဗျာ၊ ဆရာကောင်းကောင်းရှာပြီး နှင်ထုတ်လိုက်ရင် ပိုကောင်းမယ်ဗျ"

"အေးလေ ပိုကောင်းတာတော့ ဟုတ်တာပေါ့ကွ ငရွှေ ရ၊ ဆရာက ဘယ်သွားရှာရမှာတုံး၊ မင်းမှာရော ဆရာအဆက် တွေ ဘာတွေ ရှိလို့လား"

"ဆရာအဆက်တော့ မရှိဘူးပေါ့ဗျာ၊ ဒီလိုပဲ စုံစမ်းရမှာ ပေါ့ဗျာ"

"နေဦး ကိုရွှေကြီးရဲ့၊ ခင်ဗျား ဆရာ ရှာနေတုန်း ဒီသရဲ က ငြိမ်နေပါ့မလား"

"ဟာ မငြိမ်လည်း ဒီလိုပဲ ကျွေးမွေးထားရမှာပေါ့ ကံမြင့် ရာ၊ ဆရာ ရှာလို့ရတော့မှ ဒင်းကို တွယ်ထုတ်ပစ်ရမှာပေါ့"

ကိုကံမြင့် ထောက်ပြတာကို သူကြီးလည်း စဉ်းစားနေပုံ ပဲဗျ။ ခေါင်းလေး တညိတ်ညိတ်လုပ်ပြီး တွေးနေတယ်။ ကိုရွှေ လည်း ကိုကံမြင့် ဆိုတဲ့လူကို ပြောသာ ပြောလိုက်တယ်ဗျ။ သူ လည်း ဘာလုပ်ရင်ကောင်းမလဲဆိုပြီး စဉ်းစားနေပုံပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး၊ သူကြီး၊ သူကြီး ရှိလားဗျ"

"ဟေ ရှိတယ်ဟေ့၊ ရှိတယ်၊ ဘယ်သူတုံးဟ၊ ပျာတိပျာယာနဲ့ ဘာများအရေးကြီးနေလို့တုံး၊ အိမ်ထဲဝင်ခဲ့လေ"

ပြောသာ ပြောတာဗျ၊ အချိန်က မှောင်ရိပ်သမ်းနေပြီ။ ကျုပ်တို့ တပ်ချောင်းဘက်က ပြန်ရောက်ကတည်းက ညနေတော်တော်စောင်းနေပြီ။ သူကြီးနဲ့ ရွာသားတွေ ကျွဲလူးအိုင်သရဲအကြောင်း ပြောနေကြတာ တော်တော်ကြာနေပြီပဲ။ မှောင်စပြုပြီပေါ့ဗျာ။

"ဟင် စောဖေပါလား၊ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာတုံးကွ"

ပုဆိုးတစ်ထည် ခေါင်းပေါင်းပြီး ဝင်လာတဲ့ စောဖေဆိုတဲ့လူက အသက်လေးဆယ်လောက် ရှိပြီဗျာ။ သူကြီးရှေ့မှာ ခပ်သုတ်သုတ် ဝင်ထိုင်လိုက်တယ်။

"သူကြီး ချောင်းကူးတံတားနားက ဒေါ်မဲစိန်ကြီး ဆုံးသွားလို့ဗျ"

"ဟေ မမဲစိန် ဆုံးသွားပြီ ဟုတ်လား၊ ဘာဖြစ်တယ်မှလည်း မကြားပါလား၊ မနေ့ကတောင် ငါနဲ့ ဆရာတော့်ကျောင်းမှာ တွေ့သေးတာပဲ စောဖေရဲ့၊ ဘာဖြစ်လို့တုံးကွ၊ မြန်းစားကြီးပါလား"

ကိုရွှေတို့ ဖိုးကံမြင့်တို့တွေလည်း အံ့ဩပြီး တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက်တွေ ပြောနေကြတာ၊ သူကြီးအိမ်မှာ ဆူဆူ ဆူဆူ ဖြစ်လို့ဗျာ။

"ဗြုန်းစားကြီးဆုံးတာ သူကြီးရဲ့၊ ညနေကတင် ကျွဲတွေ သွားလိုက်ဦးမယ်ဆိုပြီး ထွက်သွားတာတဲ့၊ ကျွဲလူးအိုင်နားရောက် တော့ သူ့ကျွဲတွေ တွေ့သတဲ့ဗျ၊ ဒါပေမဲ့ သူ့ကျွဲပေါ်မှာ ပုဆိုးကွက် တုံးကြီးနဲ့ လူတစ်ယောက်ကို တွေ့တယ်တဲ့ဗျ၊ အင်္ကျီမပါဘူးတဲ့၊ ဆံပင်ဖားလျားကြီးနဲ့ မျက်လုံးနီနီကြီးတွေနဲ့တဲ့ဗျ။ သူ့ကျွဲ တစ်ကောင်ကို စီးထားတာတဲ့ဗျို့။ ဒါနဲ့ မမဲစိန်က ဟဲ့ အဲဒါ ငါ့ကျွဲ လို့လည်းပြောလိုက်ရော ကျွဲတွေက သူ့ကို လိုက်ခတ်တော့တာပဲ တဲ့ဗျာ။ ဒီမှာတင် မမဲစိန်လည်း အိမ်အရောက် အသက်လုပြီး ပြေးရတာတဲ့ဗျာ။ ရွာထဲဝင်ကာနီးတော့ နောက်တစ်ချက် လှည့် ကြည့်သေးတယ်တဲ့ဗျ။ ကျွဲပေါ်မှာ အဲဒီအကောင် ပါလာတာပဲတဲ့ ဗျ။ ဒါနဲ့ သူ့အိမ်အရောက်ပြေးပြီး အိမ်ပေါ်အတက်မှာ သတိလစ် ပြီး ဝုန်းကနဲ ထိုးလဲတော့တာပဲတဲ့ဗျ။ သူ့သားတွေက အမေ ဘာဖြစ်လို့တုံးဆိုပြီး မနည်းကို သတိရအောင် လုပ်ယူကြရသတဲ့"

"သတိကော ပြန်ရသေးသလား"

သူကြီးက ဝင်မေးတာဗျ။ ဒီတော့ လာပြောတဲ့ ကိုစော ဖေက သူ့ခေါင်းမှာ ပေါင်းလာတဲ့ ပုဆိုးခေါင်းပေါင်းကို ဆွဲဖြုတ် လိုက်ပြီး. . .

"ရတယ် သူကြီး၊ သတိပြန်ရတယ်၊ သူသိပြန်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ ပြောသေးတယ်၊ အဲဒါတွေ ပြောပြီးမှ ဆတ်ခနဲ တွန့်သွားပြီး မျက်ဖြူကြီးလန်သွားတာတဲ့ဗျ။ 'အား' ဆိုအသံနက်ကြီးနဲ့ တစ်ချက်အော်ပြီး ငြိမ်သွားတာ၊ အသက်မရှိတော့ဘူးတဲ့ဗျာ"

"ဟာ ဖြစ်မှဖြစ်ရလေဗျာ၊ နေပါဦး၊ သူတို့ကျွဲတွေကရောဘယ်ရောက်ကုန်တုံး ကိုစောဖေရဲ့"

ကိုရွှေက မေးတာဗျ။

"ကျွဲတွေကတော့ တင်းကုပ်ထဲမှာ ပြန်ရောက်နေတာတဲ့ဗျို့၊ ဘာမှမဖြစ်သလိုပဲတဲ့ဗျ"

"ဟာ ဖြစ်မှဖြစ်ရလေဗျာ၊ မမဲစိန်က ကျုပ်ထက် နှစ်နှစ်ပဲကြီးတာဗျ"

"မဲစိန်က မင်းထက် နှစ်နှစ်ကြီးတာပေါ့ကွ မောင်ရွှေရ၊ ငါနဲ့က မီးဝင်မီးထွက်တဲ့၊ အမေတို့ ပြောတာ"

ကိုကံမြင့်ကြီးကလည်း စိတ်မကောင်းတဲ့ပုံစံနဲ့ ဝင်ပြောတယ်။

"သူကြီးရေ ကျွဲလူးအိုင်က သရဲကတော့ အချိန်ဆွဲလို့မဖြစ်တော့ဘူး သူကြီးရေ၊ ကဲ ကျုပ်တို့လည်း အသုဘအိမ် တန်းသွားကြမှပဲဗျာ"

"အေး. . သွားကြရမှာပေါ့ကွာ၊ ငါလည်း လိုက်မှာပေါ့"

"ဘကြီးသွားရင် ကျုပ်တို့လည်း လိုက်မယ်ဗျာ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးကို ပြောရဦးမယ်၊ ဟောဒီ မောင်တာတေက ဘကြီးတို့ အခုဖြစ်နေတဲ့ကိစ္စမျိုးတွေကို နားလည်တယ်ဗျ၊ သူ့မှာ အတွေ့ အကြုံတွေ အများကြီးရှိတယ်၊ ဆရာသမားတွေနောက်ကိုလည်း ကောင်းကောင်းလိုက်ဖူးတယ်"

"ဟေ ဟုတ်လား မောင်တာတေ၊ အဆင်သင့်လိုက်တာ ကွယ်၊ အောက်ပြည်အောက်ရွာရောက်တုန်း ကျုပ်တို့ကို တစ်ဆိတ်ကူညီခဲ့ပါ မောင်တာတေရယ်"

"ကျုပ်လည်း ဘကြီးတို့ ပြောဆိုနေတာတွေကို နား ထောင်နေပါတယ်၊ ကျုပ် တစ်ခုမေးချင်တာက အရင်တုန်းက ဒီကျွဲလူးအိုင်မှာ ဒါမျိုးဖြစ်ခဲ့ဖူးသလားဗျ"

"ဟာ တစ်ခါမှ မဖြစ်ဖူးပါဘူး မောင်တာတေရယ်"

ကိုရွှေက ပျာပျာသလဲဝင်ပြောတာဗျ။

"အင်း. . ဒါဆိုရင် တခြားက လွင့်လာတဲ့ အကောင်ဗျ ဒီသရဲကြည့်ရတာ တော်တော်ဆိုးတဲ့ပုံဗျ၊ ကျုပ် အခြေအနေ ကြည့်ပြီး လုပ်သင့်တာ လုပ်ပေးပါ့မယ်"

"ဟာ ကျေးဇူးတင်ပါတယ်ကွာ၊ တော်သေးတာပေါ့ ငရွှေရာ၊ ဆရာ မရှာရဘဲ ဆရာက အိမ်ပေါ်မှာ အဆင်သင့် ရောက်နေပေလို့ကွာ"

"ဟာ ဘကြီး၊ ကျုပ်က ဆရာ မဟုတ်ပါဘူးဗျ၊ ဒီကိစ္စမျိုး တွေ ဗဟုသုတ ရှိတာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဟုတ်ဟုတ် မဟုတ်ဟုတ်ပါ မောင်တာတေရယ် ကျုပ်တို့က မောင်တာတေကို အားကိုးကြတာပါကွာ"

စကားလက်စသတ်ပြီး အသုဘအိမ်ကို ကျုပ်တို့ လာခဲ့ကြတယ်။ ရာသီက ဆောင်းရာသီဗျ။ ဒါပေမဲ့ အောက်ပြည်က ဆောင်းတွင်းက ကျုပ်တို့ အညာသားတွေအတွက်တော့ နေလို့ကောင်းရုံလေးပဲဗျ၊ လုံးဝကို မချမ်းတာ။ သူကြီးအိမ်က ကျုပ်တို့ သူစုထွက်လာတော့ မိုးချုပ်စပေါ့ဗျာ။ သူကြီးက ငါးတောင့်ထိုး ဓာတ်မီးကြီး တဝင်းဝင်းနဲ့ ထိုးသွားနေတာဗျ။ အိမ်တွေမှာတော့ ရေနံဆီမှုန်အိမ်လေးတွေ ထွန်းလို့ပေါ့ဗျာ။

အိမ်တွေရှေ့က ဖြတ်သွားတိုင်း လူတွေစုပြီး ကျွဲလူးအိုင် သရဲအကြောင်းကို ပြောနေကြတာဗျ။ ဒီသတင်းက တစ်ရွာလုံး ကို ပျံ့နေတဲ့ပုံပဲဗျ။ လူတွေ အကုန်လုံးလည်း ကြောက်နေကြတဲ့ ပုံပဲဗျို့။ လူဆိုတာ သရဲ တစ္ဆေ ကြောက်တတ်တဲ့အမျိုးပဲဗျာ၊ ကြောက်တာပေါ့။

"အီ၊ အီ၊ အီ၊ အီ"

ဟာ ခွေးတွေ ကြောက်နေပြီဗျို့။ 'တအီအီ' နဲ့ အိမ် အောက်တွေ တိုးဝင်နေကြလေရဲ့ဗျာ။ ဒါမျိုးတွေ ကျုပ် ကြုံဖူး ပေါင်း များပြီလေဗျာ။ ရွာထဲကို ကြောက်စရာကောင်းတဲ့ မကောင်းဆိုးဝါးတစ်ကောင် ရောက်နေတာ သေချာနေပြီပေါ့ ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဆရာတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမဲ့ ပြော
ရင်တော့ ဆရာတစ်ပိုင်းလိုတော့ ဖြစ်နေတာပေါ့လေ။ ကျ
သွားလေရာကို ကျုပ်ရဲ့ ဆေးလွယ်အိတ်ကို ယူလာနေကျဗျ

အခုလည်း သူကြီးတို့လူစုနဲ့ အသုဘအိမ် လိုက်မလာခ
မှာ ကျုပ်ရဲ့ဟန်းဘက်အိတ်ကြီးထဲမှာ ထည့်လာတဲ့ ဆေးလွယ
အိတ်ကို ကျုပ်ယူပြီး စလွယ်သိုင်း လွယ်ခဲ့တာဗျ။

ကျုပ်တို့ အသုဘအိမ်ရောက်တော့ အသုဘက ပြ
တောင်ထားပြီဗျ။ အောက်ပြည်အောက်ရွာရဲ့ ထုံးစံအတိုင်းပေ
ဗျာ။ ဝါးခြမ်းတွေကို ကပ်စီးပြီး အလောင်းစင် လုပ်ထားတာပေ
ညနေကမှ ကျွဲလူးအိုင်သရဲလိုက်လို့ ရုတ်တရက် သေသွားတ
ဒေါ်မဲစိန်ရဲ့အလောင်းက ဝါးကပ်ပေါ်မှာ ဆန့်ဆန့်ကြီးပေါ့ဗျာ
ထုံးစံအတိုင်း အလောင်းကို ထဘီအသစ် အင်္ကျီအသစ်တွေ
လွှမ်းထားတယ်ဗျ။

ရွာသားတွေလည်း ဟိုက ရောက်လာ၊ ဒီက ရောက်လာ
နဲ့ စုစု စုစု လုပ်နေကြတာပေါ့ဗျာ။ အသုဘအိမ်မှာပြောတဲ
အကြောင်းအရာကလည်း တစ်ခုတည်းပဲဗျ။ အဲဒါကတော့ ပုဆိ
ကွက်တုံးကြီး ဝတ်ထားတဲ့ ကျွဲလူးအိုင်သရဲ ကိုရွှေသား ငဆ
ကိုသုန့်သား ငအေးနဲ့ သရဲစီးတဲ့ ကျွဲအလိုက်ခံရတဲ့ ဒေါ်မဲစိန်ရဲ
အသေဆိုး၊ ပြီးတော့ ကနစိုပင်ကြီးရှိတဲ့ ကျွဲလူးအိုင်ဘက်ကို
မသွားကြဖို့ ကျွဲတွေကိုလည်း အဲဒီဘက် မလွှတ်ဖို့ပေါ့ဗျာ။ ဒေါ်မဲ



www.burmeseclassic.com

www.burmeseclassic.com



စိန်တို့အိမ်ရှေ့မှာ ကနဖျင်းတစ်ခုကိုလည်း ညတွင်းချင်း ထိုးနေကြလေရဲ့ဗျို့။ ဟိုကတစ်လုံး၊ ဒီကတစ်လုံးနဲ့ ယူလာတဲ့ အောက်လင်းဓာတ်မီးကြီးတွေလေးလုံး ထွန်းထားတာနဲ့တင် မီးတွေ လင်းထိန်နေတာပါဗျာ။ အလောင်းကတော့ အိမ်ပေါ်မှာပဲ ရှိသေးတာဗျ။ အိမ်ရှေ့က ဘုရားခန်းလိုနေရာမှာ ကျုပ်တို့တွေ စုပြီးထိုင်နေကြတာပေါ့ဗျာ။ အိမ်နောက်ဖေး မီးဖိုချောင်မှာတော့ အသုဘလာတဲ့လူတွေကို ကျွေးဖို့မွေးဖို့ ကြက်သားဟင်း ချက်နေပုံပဲဗျ။ ဟင်းနံ့က အိမ်ရှေ့အထိ ထွက်လာတယ်။ ငံပြာရည်ချက်နံ့လည်း ရတယ်။

ကျုပ် ထိုင်နေတာက အိမ်ရှေ့ကို ကျောပေးထားတာဗျ။ ဒီတော့ ကျုပ်မျက်စိတွေက ဒေါ်မဲစိန်ရဲ့ အလောင်းကြီးကို မြင်နေရတာပေါ့ဗျာ။

"ဟာ"

ကျုပ်စိတ်ထဲမှာ 'ဟာ'ကနဲကို ရေရွတ်လိုက်တာဗျ။ ကျုပ်မြင်နေရတဲ့ ဒေါ်မဲစိန်ရဲ့ အလောင်းကြီးကတော့ မလှေ့အတိုင်းပေါ့ဗျာ။ ခြေထိပ် လက်ထိပ် ခတ်ထားတာပေါ့လေ။ ခြေမနှစ်ချောင်းကိုပူးပြီး အပ်ချည်ကြိုးနဲ့ အထပ်ထပ်ချည်တုတ်ထားတာလေဗျာ။ ဒီလိုပဲ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်မှာယှက်ပြီး လက်မနှစ်ဖက်ကို အပ်ချည်ကြိုးနဲ့ ခိုင်ခိုင်ချည်တုတ်ထားတာပေါ့ဗျာ။ တကယ်ကတော့ အလောင်းတောင်းလာတဲ့အခါ ကိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



ကားရားကြီး မဖြစ်အောင် လုပ်တာဗျ။

ကျုပ် 'ဟာ'ကနဲ ဖြစ်သွားတာက ဒေါ်မဲစိန်ကို ချည်ထားတဲ့ ခြေထိပ်ကြိုးတွေ ပြတ်ထွက်သွားလို့ဗျ။

"ဟော"

လက်ကို ချည်ထားတဲ့ လက်ထိပ်ကြိုးတွေလည်း ပြတ်ထွက်သွားပြီဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား"

ကျုပ် ကြည့်နေတုန်းမှာပဲ ဆံပင်ဖားလျားနဲ့ ဒေါ်မဲစိန်ရဲ့ အလောင်းကြီးက ဝုန်းကနဲ ထထိုင်ပြီး တဟားဟားနဲ့ အော်ရယ်တော့တာပဲဗျာ။

"ဟာ အလောင်းကြီး ထလာပြီဟေ့၊ ပြေးကြ၊ ပြေးကြ"

"ဟာ အလောင်းကြီး၊ အလောင်းကြီး"

အသံမျိုးစုံနဲ့အော်ပြီး အိမ်ပေါ်က လူတွေ ဆင်းပြေးကြတော့တာပေါ့ဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား"

အိမ်ပေါ်မှာ ကျုပ်ရယ်၊ ကိုညွန့်မောင်ရယ်၊ ကိုရွှေရယ်၊ ကိုကံမြင့်ရယ်ပဲ ကျန်တော့တယ်ဗျို့။ တစ်အိမ်လုံး ဝရုန်းသုန်းကားနဲ့ကို ဆင်းပြေးကုန်ကြတာဗျာ၊ အရပ်ပျက်သလားတောင် ထင်ရတယ်။ ရွာထဲက လူတွေကလည်း ပြေးလာပြီး ကြည့်ကြတယ်ထင်တယ်ဗျို့။ အိမ်ရှေ့မှာ လူကိုဖွေးနေတော့တာပဲ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ကိုတော့ ဘယ်သူမှ မတက်ကြဘူးဗျ။ တချို့ကလည်း ဒေါ်မဲစိန် မသေသေးဘူးလို့ ပြောကြတာ ကျုပ် ကြားရတယ်ဗျ။

"ငါ့ကို ကျွေးကြ၊ ငါ ဆာတယ်၊ ဟား၊ ဟား၊ ဟား"

ဆံပင်ဖားလျားကြီး ချထားတဲ့ ဒေါ်မဲစိန်ရဲ့ အလောင်းကြီးက မျက်စိကြီး စုံမှိတ်ပြီး အော်နေတာဗျ။ လက်စသတ်တော့ ဒီသရဲဟာ ဒေါ်မဲစိန်နောက်ကနေ ကပ်လိုက်လာပြီး ဒေါ်မဲစိန် အသက်ထွက်သွားကတည်းက ဒေါ်မဲစိန်ရဲ့ကိုယ်ထဲကို ဝင်နေလိုက်ပုံပဲဗျ။ ဒါဟာ ဖုတ်ကောင်အစစ်ပဲဗျ။

"ကိုရွှေတို့ ကိုကံမြင့်တို့ အခုနေ နတ်ဝင်သည်တစ်ယောက်လောက် အမြန်ရှာလို့ ရမလားဗျ"

ကျုပ်က ရုတ်တရက် မေးလိုက်တော့ ကိုရွှေက ချက်ချင်းပြန်ပြောတာဗျ။

"ဟာ မောင်တာတေကလည်း အခုဆုံးသွားတဲ့ မမဲစိန်က နတ်ဝင်သည်လေကွာ"

"ဟာ ငရွှေ မဲစိန်က သေသွားပြီပဲကွ၊ ဘယ်လိုလုပ်ခေါ်မှာတုံး၊ မောင်တာတေ ပြောတာက ရွာထဲက နတ်ဝင်သည်တစ်ယောက်ကို ပြောတာ"

"ဩော် ငါကလည်း အယောင်ယောင် အမှားမှားတွေ ပြောလိုက်တာ ထင်ပါရဲ့ကွာ၊ အေး ရှိတယ်၊ ရှိတယ်၊ ဟောဒီ ကံမြင့်မိန်းမက ဒီရွာမှာ မမဲစိန်နဲ့အပြိုင် ဟောနိုင်ပြောနိုင်တဲ့

www.burmeseclassic.com



နတ်ဝင်သည်ပဲကွ”

“ဟာ နေရာကျသဗျာ၊ ကဲ ကိုကံမြင့် ခင်ဗျားမိန်းမကို မြန်မြန်ပြန်ခေါ်ပေတော့ဗျာ၊ ဒီလိုမလုပ်ရင် ဒီသရဲဟာ ခင်ဗျားတို့ ရွာကို ဆက်ပြီးဒုက္ခပေးတော့မှာဗျ”

“နို့ မောင်တာတေရဲ့ အခုထထိုင်နေတာ မဲစိန်ကြီး မဟုတ်ဘူးလားကွ”

“ဟာ မဟုတ်ဘူးဗျ ကိုကံမြင့်ရဲ့၊ အဲဒါ ခင်ဗျားတို့ပြောတဲ့ ကျွဲလူးအိုင်သရဲကြီးဗျ၊ ဒေါ်မဲစိန် ဝိညာဉ်ခွာတဲ့အချိန် အသက်မကုန်ခင် သူ ဝင်နေလိုက်တာ၊ သူ့ကို နှင်မထုတ်နိုင်ရင် ဒီကိုယ်ထဲကနေ တော်တော်နဲ့ ထွက်မှာမဟုတ်ဘူးဗျ”

“ဟေ ဟုတ်လား၊ ဒါဆို ငါ အခုပဲ ငါ့မိန်းမကို သွားခေါ်ခဲ့မယ်”

အိမ်ရှေ့က လူအုပ်ကြီးကတော့ ဆူညံ ဆူညံနဲ့ပေါ့ဗျာ။

“ကဲ သူကြီး ဒီကောင်ကြီးကို ထမင်းကျွေးလိုက်ဗျာ၊ မစားရမချင်း အေးမှာမဟုတ်ဘူးဗျ”

“နေပါဦး မောင်တာတေရဲ့၊ စားပြီးရင်ရော ဒီကောင် ထွက်သွားမှာလား”

“ဒီပုံစံက ထွက်မယ့်ပုံစံ မဟုတ်ဘူး သူကြီးရဲ့၊ ဆက်ဖြားနေဦးမှာဗျ၊ အဲဒီကိစ္စ သူကြီး မပူနဲ့၊ ကျုပ်လုပ်မယ်၊ အခုတော့ ထမင်းကျွေးထားလိုက်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး၊ ကဲ မောင်ရွှေ အိမ်ထဲမှာလည်း ဘယ်သူမှ မရှိကြတော့ဘူးကွ၊ မင်းပဲ ထမင်းကျွေးလိုက်ကွာ"

သူကြီးက ခိုင်းတော့ ကိုရွှေက အိမ်နောက်ဖေးကို ဝင်သွားတယ်။ ကိုညွှန့်မောင်လည်း နောက်က လိုက်သွားတယ်ဗျ။

ဟော ကိုရွှေနဲ့ ကိုညွှန့်မောင် ပြန်ထွက်လာပြီ။ လင်ပန်းကြီးထဲမှာ ထမင်းတွေပုံပြီး စောစောက လူတွေကို ကျွေးဖို့ ချက်ထားတဲ့ ကြက်သားဟင်းတွေ အပေါ်က လောင်းထည့်လာတာပေါ့ဗျာ။

ဒေါ်မဲစိန်ကြီးကတော့ ဆံပင်ဖားလျားကြီးနဲ့ အလောင်းစင်လုပ်ထားတဲ့ ဝါးကပ်ပေါ်မှာ တင်ပလ္လင်ခွေကြီး ထိုင်လို့ဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ငါ စားမယ်၊ ငါ့ကိုကျွေး"

ကိုရွှေက ထမင်းလင်ပန်းကို ထိုးပေးလိုက်တယ်။ ကိုညွှန့်မောင်က ရေဖလားကြီးကို ဘေးမှာ ချပေးလိုက်တယ်ဗျ။

ဟာ စားပြီဗျို့။ ဒေါ်မဲစိန်ကြီး ပေါင်ကြီးကားထိုင်ပြီး စားနေတာဗျာ။ ကြက်ရိုးတွေကို တဂျွတ်ဂျွတ်ဝါးပြီး စားနေတာဗျို့။

တကယ်တော့ ဒေါ်မဲစိန် ဘယ်ဟုတ်မှာတုံးဗျာ၊ ကျွဲလူးအိုင်သရဲကြီး စားနေတာပေါ့။

"မောင်တာဆော ဟောဒါ ငါ့မိန်းမ မယ်တင်ကွ၊ မင်းသိတာပေါ့"

ကိုအံမြင့်နဲ့ သူ့မိန်းမ ရောက်လာပြီဗျ။ ကျပ်အလုပ်စရ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပေါ့လေ။

"ကဲ သူကြီး ကျုပ် အလုပ်စလုပ်တော့မယ်"

"လုပ်ပါ မောင်တာတေရယ်၊ လုပ်ပါ၊ လုပ်ပါ၊ ငါတို့ရွာသားတွေကို ကြံ့တုန်း ကူညီခဲ့ပါကွာ"

"ကဲ ကိုရွှေ၊ အိမ်ရှေ့မှာ အုံနေတဲ့လူတွေကို ဟိုဘက်ဒီဘက် ခပ်ဝေးဝေး ကပ်ခိုင်းဗျာ၊ လမ်းပေါက်ကျယ်ကျယ် လိုချင်တယ်၊ အခု ကျုပ်ပင့်မယ့်သူက ကျွဲလူးအိုင်သရဲထက် အဆတစ်ရာမက ကြမ်းတဲ့သူဗျ" •

"ဟေ ဟုတ်လား၊ ဘယ်သူများတုံးကွဲ့ မောင်တာတေရဲ့"

သူကြီးက ကျုပ်ကို စိုးရိမ်တကြီး မေးတယ်။

"မဖဲဝါလေ သူကြီးရဲ့"

"ဟေ၊ ဟာ"

'ဟေ' ဆိုတာက သူကြီးပါးစပ်က လာတဲ့ အံ့ဩတဲ့အသံပေါ့ဗျာ။ 'ဟာ' ဆိုတာက ကိုရွှေရဲ့ ပါးစပ်က ထွက်လာတဲ့ အာမေဋိတ်သံဗျ။

ကိုရွှေ အိမ်ရှေ့က လူအုပ်ကို ရှင်းတယ်။ ဝင်ပေါက်ပေါ်လာပြီ။ ကိုရွှေ နည်းနည်းခြောက်လိုက်ပုံရတယ်ဗျ။ လူတွေ ရှဲသွားပြီး ဘာသံမှ မထွက်ဘဲ ငြိမ်နေကြတယ်ဗျ။

ကျုပ်က နတ်ဝင်သည် ဒေါ်မယ်တင်ကို ခေါ်ပြီး အိမ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့တယ်။ အိမ်အပြင်မှာ ထွန်းထားတဲ့ အောက်လင်းမာတ်မီးကို ငြိမ်းခိုင်းလိုက်တယ်။ မီးအလင်းရောင်အောက်ကို မဖဲဝါ မဝင်ဘူးဆိုတာ ကျုပ် သိတယ်လေဗျာ။

ဒေါ်မယ်တင်က ဆံပင်ဖားလျားချပြီး လက်အုပ်ချီထားတယ်။ မြေပြင်မှာ ကြုံ့ကြုံ့လေးထိုင်လို့ပေါ့ဗျာ။ ကျုပ်က လွယ်ဒိတ်ထဲက မဖဲဝါ ကျုပ်ကို အပ်ထားတဲ့ 'ကိုယ်တူကိုယ်ခွဲ' အရုပ်ကလေးကို ထုတ်ယူလိုက်တယ်။ ပြီးတာနဲ့ မဖဲဝါကို ကျုပ် ပင့်တယ်။

ဒီတုန်းမှာပဲ အိမ်ထဲမှာ စားသောက်နေတဲ့ ကျွဲလူးအိုင်သရဲကြီးက စားသောက်လို့ ပြီးသွားပြီဗျ။

"ငါ့ကို ဆေးပေါ့လိပ်တိုက်၊ ငါ ဆေးလိပ်သောက်ချင်တယ်"

ဒီသရဲလေသံက တော်တော်မာလာပြီဗျ။ နောက်ဆိုရင် တစ်ရွာလုံးကို ဒုက္ခပေးတော့မှာ သေချာတယ်ဗျ။ ကိုညွှန့်မောင်က ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး ပေးလိုက်တယ်။ အောက်ပြည်အောက်ရွာက တောရွာတွေမှာသောက်တဲ့ ဆေးပေါ့လိပ်ဆိုတာ ငါးမူးလုံးလောက် ရှိတာဗျ။ အဲဒီဆေးပေါ့လိပ်ကြီးကို သရဲကြီးက အားရပါးရ ဖွာနေတယ်။

ဟော လာပြီ၊ လာပြီ။ ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့ မဖဲဝါရဲ့ ကိုယ်ပွားအရုပ်ကလေး ဆတ်ကနဲ ဆတ်ကနဲ တုန်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဝင်သွားပြီဗျို့၊ ဒေါ်မယ်တင်ရဲ့ ကိုယ်ထဲကို မဖဲ့ဝါ ရောက်သွားပြီ။ ဒေါ်မယ်တင်က လက်ကြီးတွေ ကွေးကောက်ပြီး ထိုင်ရာကနေ ထတယ်။ အိမ်ထဲကို မျက်လုံးပြူးကြီးနဲ့ လှမ်းကြည့်တယ်။

"မဖဲ့ဝါ ကျုပ် တာတေပါ။ အောက်ပြည်ကို အလည်လာရင်း ဒီမှာ အခက်အခဲကြုံနေလို့ မဖဲ့ဝါကို အကူအညီတောင်းတာပါ။ ကွဲ့လူးအိုင်မှာနေတဲ့ ဒီသရဲဟာ ဘယ်ကရောက်လာမှန်း မသိဘူး မဖဲ့ဝါ။ ဒေါ်မဲစိန်ကိုသတ်ပြီး ကိုယ်ထဲဝင်နေတယ်၊ အလောင်းစင်ပြင်ပြီးမှ ထလာပြီး စားလားသောက်လားတွေ လုပ်နေတယ်ဗျ၊ ဒီကောင်ကြီးကို ရှင်းပေးပါ မဖဲ့ဝါ"

မဖဲ့ဝါက အိမ်ထဲကို စိုက်ကြည့်နေတယ်ဗျ။

"တာတေ ဒါ တောကြီးတစ္ဆေတစ်ကောင်ဟဲ့၊ ဒါကြောင့် တအားကြမ်းတမ်းနေတာ၊ နယ်ကျွံပြီး ရောက်လာတာ၊ မပူနဲ့၊ ငါ ပြန်ခေါ်သွားမယ်၊ ဟော့ အိမ်ထဲကအကောင် အခုထွက်ခဲ့စမ်း"

မဖဲ့ဝါရဲ့ အသံကြီးက ဟိန်းပြီးထွက်လာတယ်။

"သေချင်လို့လား၊ ဘယ်ကကောင်မတုံး"

"သိချင်ရင် နင် အခုချက်ချင်းထွက်ကြည့်၊ တောကြီး တစ္ဆေကောင်"

"အောင်မာ ကောင်မ၊ သေပေတော့"

ပြောပြောဆိုဆိုနဲ့ ဒေါ်မဲစိန်ကြီးက ဆံပင်ဖွားလျားကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြင်ကို ထွက်လာတယ်။ အိမ်ပြင်ရောက်တော့ ဒေါ်မယ်တင်ကို တွေ့တာပေါ့ဗျာ။

"ရော့ မသာမ၊ ဒါသောက်"

ပြောပြောဆိုဆိုနဲ့ ဒေါ်မဲစိန်က သူ့လက်ထဲက မီးရဲရဲနဲ့ ဆေးပေါ့လိပ်ကြီးနဲ့ ဒေါ်မယ်တင်ကို လှမ်းပစ်တယ်။

ဒါက လူတွေအမြင်ပေါ့ဗျာ။ ညနေက သေသွားတဲ့ ဒေါ်မဲစိန်နဲ့ နတ်ဝင်သည် ဒေါ်မယ်တင်ပေါ့။ တကယ်ကတော့ ကျွဲလူးအိုင်သရဲကြီးနဲ့ မဖဲဝါပေါ့ဗျာ။

မဖဲဝါက သရဲကြီး ပစ်လိုက်တဲ့ ဆေးလိပ်ကို လက်နဲ့ ဗုတ်ထုတ်လိုက်ပြီး သရဲကြီးကို စူးစူးဝါးဝါး ကြည့်တယ်။

ကျွဲလူးအိုင်သရဲကြီး မဖဲဝါမှန်း သိသွားပုံရတယ်ဗျ။ မဖဲဝါ ရှေ့ကို တစ်လှမ်းချင်း လျှောက်လာပြီး ဒူးထောက်တယ်။

မဖဲဝါရဲ့ လက်ဝါးကြီးတစ်ဖက် လေထဲကို မြောက်တက်သွားပြီး ပြန်ကျလာတယ်။

"ဘုန်း၊ ဘုန်း၊ ဘုန်း"

ကျွဲလူးအိုင်သရဲကြီးရဲ့ ကျောကုန်းပေါ်ကို သုံးချက်ဆင့် ကျတ်လိုက်တယ်။

ဟာ ဒေါ်မဲစိန်ရဲ့ အလောင်းကြီး ဝမ်းလျားမှောက် လဲကျသွားပြီဗျို့။ ဟော မဖဲဝါ ဝင်နေတဲ့ ဒေါ်မယ်တင်ကြီးလည်း ခွေကနဲ လဲကျသွားပြီဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဒေါ်မယ်တင်မျက်နှာကို ရေနဲ့တောက်ပြီး ခပ်မြန်မြန် နှိုးလိုက်တယ်။ ဒေါ်မယ်တင် သတိပြန်ရလာပြီ။

"ကဲ ကိုရွှေရေ. . ခင်ဗျားတို့ လူတွေခေါ်ပြီး ဒေါ်မဲစိန်ရဲ့ အလောင်းကို ပြန်ပြင်ကြပေတော့ဗျာ၊ ပြီးတော့ အောက်လင်း ဓာတ်မီးကြီးလည်း ပြန်ထွန်းတော့ဗျို့၊ ခင်ဗျားတို့ရွာမှာ ဘာ အန္တရာယ်မှ မရှိတော့ပါဘူးဗျာ"

"ဟာ ဟုတ်လား မောင်တာတေ"

သူကြီးက ကျုပ်ကို ဝမ်းပမ်းတသာ မေးတယ်ဗျာ။

"ဟုတ်ပါတယ် သူကြီး၊ နယ်ကျွံပြီးရောက်လာတဲ့ တောကြီး တစ္ဆေကို မဖဲဝါကြီး ပြန်ခေါ်သွားပါပြီဗျာ၊ ဘာမှမရှိတော့ပါဘူး"

ရွာသားတွေလည်း ဒီတော့မှ ဆူညံ ဆူညံနဲ့ လုပ်စရာ တွေ ပြန်လုပ်ကြတာပေါ့ဗျာ။

နှစ်ရက် သုံးရက်ကြာတော့ ကိုညွှန့်မောင်နဲ့ ကျုပ် အညာ ကို ပြန်ခဲ့ကြတယ်။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# လူနီကလေး

ကျုပ်အဘပိုင်တဲ့ ယာကွက်တွေထဲမှာ သမုန်းပင်တွေ ခြောက်ပင်၊ ခုနစ်ပင် ပေါက်နေတဲ့အကွက်ကို သမုန်းတောယာလို့ ကျုပ်တို့ရွာသားတွေက ခေါ်ကြတယ်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အဘပိုင်တဲ့ ယာတွေထဲမှာ အဲဒီအကွက်က မြေ
ဘက်အကျဆုံးပဲဗျ။ ဒီမနက် ကျုပ်တစ်ယောက်တည်း သ
တောယာမှာ ယာထွန်နေတာဗျ။ ယာထွန်တယ်ဆိုတာလ
နွားကောင်းဦးမှဗျ။ ပြီးတော့ ထွန်တဲ့လူကလည်း လက်ဖြေ
တင်းဦးမှဖြစ်တာ။

နက်နက်ထွန်နိုင်မှ မြေဆီပေါ်တာဗျ။ အပေါ်ယံ
ထွန်နေလို့ကတော့ အလကားပဲဗျို့။ မြေဆီပေါ်မှ သီးနှံအေ
တာလေဗျာ။

ကျုပ်ဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းနေတဲ့အချိန်မှာ
ချွေးသီးချွေးပေါက်ကျနေတော့တာဗျို့။ ဒီတစ်စပ် ထွန်ပြီး
တော့ ခဏနားဦးမှလို့ ကျုပ်တွေးနေတာ နွားလည်းနား လူလ
နားပေါ့ဗျာ။

"တာတေ လုပ်လှချည်လားကွ၊ တစ်ယောက်တည်း
နင်းတွယ်နေတော့တာပဲကွာ"

ကျုပ်ကို ခေါ်သံကြားလို့ နောက်ကို လှည့်ကြည့်လို
တယ်။ သမုန်းပင်တွေအောက်မှာ ရပ်နေတဲ့လူက ကျုပ်ကို ပြုံး
ကြည့်နေတယ်။ ဝါးဖတ်ခမောက်ဆောင်းထားပြီး လည်ပင်းမှ
ပုဆိုးဟောင်းတစ်ထည် ပတ်ထားလို့ဗျ။ ပြုန်းစားကြီးဆိုတေ
ဘယ်သူမှန်း ကျုပ် မသိဘူးဗျ။

"အောင်မာ အောင်မာ တာတေတို့များ သွေးကြီးေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ ငါ့ကိုတောင် မမှတ်မိတော့ဘူးလားကွ”

ပြောပြောဆိုဆိုနဲ့ သူ့ခေါင်းက ခမောက်ကို ချွတ်ပြလိုက်တယ်။

“ဟာ စုတ်ဖွား၊ ဘယ်ကရောက်လာတာတုံးကွ၊ ငါ ဒီယာမှာ ထွန်နေတာ မင်း ဘယ်လိုလုပ်သိတုံး”

“ငါ မင်းတို့အိမ် ရောက်ပြီးပြီကွ၊ မင်းအဘနဲ့ မင်းအမေက တာတေသမုန်းတောမှာ ယာထွန်လို့ဆိုလို့ ငါ လိုက်လာတာကွ”

ဒီကောင်စုတ်ဖွားက ကျုပ်နဲ့မှ ရွယ်တူဗျ။ ငွေတွင်းကုန်းသား။ ကျုပ် မြို့ကျောင်းမှာ ကျောင်းတက်တုန်းက ဒီကောင်လည်း လာတက်သေးတယ်။ ဒါပေမဲ့ စုတ်ဖွားက ခုနစ်တန်းလောက်မှာ ဆက်မတက်တော့ဘူးဗျ။ ကျုပ်ကိုတော့ လွှတ်ခင်တဲ့ကောင်ဗျာ။ ဒီကောင့်နာမည်က ကျော်ဒင်လေ။ ဒါပေမဲ့ ဒီကောင့်ဆံပင်တွေက အမြဲတမ်း ရှည်ရှည်ပွပွကြီးဆိုတော့ သူတို့တစ်ရွာလုံးက ဒီကောင့်ကို စုတ်ဖွားပဲ ခေါ်ကြတာ။ တစ်ခါတလေ ကျော်ဒင်လို့ ပြောမိရင်တောင်-

“နေပါဦးကွ၊ ကျော်ဒင် ဆိုတာ ဘယ်သူတုံး”

လို့ သူတို့ရွာသားတွေက မေးတာဗျ။

“ဟာ ဘထွေးကလည်း ကျော်ဒင် ဆိုတာ စုတ်ဖွားကို ပြောတာလေဗျာ”



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြန်ပြောယူရတာဗျ။ စုတ်ဖွားဆိုတဲ့ကောင်က လူ
အရပ်ပုပြတ်ပြတ်၊ မျက်ပေါက်က ကျဉ်းကျဉ်း၊ ရယ်စရာပြော
လည်း လွှတ်အရယ်သန်တဲ့ကောင်ဗျာ။ ရယ်ပြီဆိုရင်လည်
မျက်စိပေါက်တွေ ပျောက်ကိုသွားတော့တာဗျ။ ဘာပဲပြော
ဗျာ စုတ်ဖွားဆိုတဲ့အကောင်က ကျုပ်ကိုတော့ လွှတ်ခင်တာ

သမုန်းပင်တွေအောက်ကို ကျုပ်ရောက်တော့ ဒီကော
က ရယ်ကျဲကျဲနဲ့ ကျုပ်ကို ကြည့်နေတယ်။ ပြီးတော့ သမုန်း
တွေကို တစ်ချက်မော့ကြည့်ပြီး ပြောတယ်။

"ငါလည်း တောထဲဝင်ပြီး သမုန်းဥ တူးရဦးမယ်ကွ
အဘတို့ အမေတို့က သမုန်းဥနဲ့ ကျန်းမာကြတာ"

"အေးကွ စုတ်ဖွားရ၊ မင်းပြောမှ ငါလည်း သတိရတ
ငါ့အဘမှာရော သမုန်းအမှုန့်တွေ ကျန်သေးရဲ့လား မသိ
မေးကြည့်ရဦးမယ်"

ကျုပ်တို့ရွာတွေဘက်မှာတော့ တချို့လူကြီးတွေ
သမုန်းဥကို အမှုန့်ထောင်းပြီး ပျားရည်နဲ့တေပြီး သောက်ကြ
ဗျ။ ရာသီဒဏ်၊ ဥတုဒဏ် ခံနိုင်ကြတယ်။ ခြေဖဝါး လက်ဖဝါး
ချွေးတစိုစိုနဲ့ လူကြီးတွေ လွှတ်ပြီးကျန်းမာတာဗျ။

သမုန်းပင်ရဲ့ နာမည်အမှန်က သမားမုန်းပင်တဲ့ဗျ။
ကိုးသတဲ့ လူတွေဟာ ဘာရောဂါမှ မဖြစ်တော့လို့ ဆေးသ
တွေ ထမင်းငတ်ကြလို့၊ ဒီအပင်ကို သမားမုန်းပင်လို့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပဲဗျ။ အမြစ်ကနေ ဥဖြစ်တဲ့အမျိုးပေါ့ဗျာ။ အဲဒီသမုန်းဥကို ါးပါးလှီးပြီး နေခြောက်လှန်း၊ အမှုန့်ထောင်းရတာဗျ။ ပြီးမှ ပျားရည်နဲ့တေပြီး စားကြတာ။ သိပ်များများတော့ မစားရဘူးဗျ၊ နည်းနည်းပဲ စားရတယ်။

"နို့ နေပါဦးကွ၊ စုတ်ဖွားရ၊ ဘယ်ကလှည့်ပြီး ငါ့ဆီ ရောက်လာတာတုံး"

"ဟကောင် တာတေရ၊ ဘယ်ကမှ လှည့်တာ မဟုတ်ဘူး ကွ၊ မင်းဆီကိုပဲ သက်သက်လာခဲ့တာ၊ ကိစ္စရှိလို့"

ကျုပ်က ကျုပ်ရဲ့ လွယ်အိတ်ကလေးထဲက နဂါး ဆေးပေါ့လိပ်တစ်လိပ်ထုတ်ပြီး စုတ်ဖွားကို လှမ်းပေးလိုက်တယ်။ ခနုဖြူဒေါ်ရီ မီးခတ်ကိုလည်း ပေးလိုက်တယ်။ ကျုပ်လည်း နဂါး ဆေးပေါ့လိပ်ကလေးတစ်လိပ် ယူလိုက်တယ်။

"ထောက်"

စုတ်ဖွားက မီးခတ်အဖုံးကိုဖွင့်ပြီး မီးခြစ်တယ်။ မီး တောက်က တစ်ချက်တည်းနဲ့ ထတောက်တော့ စုတ်ဖွားက ဆေးလိပ်ညှိပြီး ကျုပ်ကို မီးခတ်ထိုးပေးတယ်။ ကျုပ်လည်း မီးခတ်ကိုယူပြီး မီးညှိလိုက်တယ်။

"မင်းမီးခတ်က ကောင်းလှချည်လားကွ၊ တစ်ချက်ခြစ် တစ်ချက်တောက်ပါပဲလား၊ အေးကွ၊ မီးခတ်ဆိုတာ အဲလို တစ်ချက်တည်းတောက်မှ စိတ်ချမ်းသာရတာကွ၊ တချို့မီးခတ်



www.burmeseclassic.com

www.burmeseclassic.com



တွေများ သုံးလေးချက် ခြစ်တာတောင် မတောက်ဘူး၊ မီးခြစ်ရတဲ့ လက်ကို နာရောကွာ”

“ငါက ညဆိုရင် မီးခတ်ကို ဂွမ်းလဲဖို့လိုရင်လဲ၊ မီးစာလဲဖို့ လိုရင်လဲ၊ မီးခတ်ကျောက်အသစ်လိုရင်လည်း အမြဲလဲတာကွ၊ ပြီးတော့ ငါက မီးခတ်ထဲထည့်တဲ့ ဓာတ်ဆီကိုလည်း အကောင်း စားရှာဝယ်ပြီးမှ သုံးတာကွ စုတ်ဖွားရဲ့”

“သြော် ဒီလိုလား၊ ဒါကြောင့် မင်းမီးခတ်က ကောင်းနေ တာကိုး”

“ပြောပါဦး စုတ်ဖွားရဲ့၊ ကိစ္စရှိလို့ဆိုတာ ဘာကိစ္စများတုံး ကွ”

စုတ်ဖွားက နဂါးဆေးပေါ့လိပ်ကို အားရပါးရဖွာပြီး ရှိုက် လိုက်တယ်။ ပြီးတော့ မီးခိုးတွေကို နှာခေါင်းကနေ အလိပ်လိုက် မှုတ်ထုတ်လိုက်တယ်ဗျ။

“ဒီလိုကွ တာတေရ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ငါတို့ ရွာမှာ တုတ်ပီး၊ ဓားပီး ဆေးလာထိုးတဲ့ ဆရာတစ်ယောက် ရောက်လာခဲ့တာ မင်း ကြားမိသေးလား”

“အေး. . ကြားတယ်၊ ကြားတယ်၊ မော်ဝိဇ္ဇာဆရာမြ ဆိုတာမို့လား၊ မင်းတို့ရွာသားတွေ အလိမ်ခံလိုက်ရတယ်ဆို စုတ်ဖွား”

“ဟာ ဟုတ်တာပေါ့ တာတေရာ၊ ထိုးကားကာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘက်တော်ကို စွမ်းတာကွ၊ နောက်တော့မှ ဘာမှမဖြစ်တော့တာ"

"ပီးဆေးထိုးတဲ့အထဲမှာ မင်းရောပါလား"

"ဟာ ပါပါပြီလား တာတေရ၊ စုတ်ဖွားဆိုတဲ့ကောင်က ရှေ့ဆုံးကပေါ့ကွ၊ ဆရာမြကငါ့ကို အရင်ဆုံး ထိုးပေးတာပေါ့၊ ဆေးစုံအောင်လည်း ထိုးပြီးရော သူ့လွယ်အိတ်ကြီးထဲက လက်ထိပ်ကိုထုတ်ပြီး ငါ့ကို 'ချောက်'ကနဲနေအောင် ခတ်တော့တာပဲပေါ့"

ရွာထဲက ကာလသားတွေလည်း ငါ့ကို အံ့ပြီးကြည့်နေကြတာပေါ့ကွာ။ မှော်ဝိဇ္ဇာဆရာမြက ဟန်ပါပါနဲ့ ငါ့ကို ပြောတာပေါ့"

"ဟင် ဘာပြောတာတုံး"

"ကဲ တပည့်ကြီး မောင်ကျော်ဒင် မင့်စိတ်ထဲကနေ လက်ထိပ်ဖြုတ်စမ်းလို့ အမိန့်ပေးလိုက်စမ်းကွာလို့ ပြောတာပေါ့၊ ငါတော့ ဆရာပြောတဲ့အတိုင်း ငါက အမိန့်ပေးလိုက်တာပေါ့ တာတေရ"

"ဟေ မင်းကို ခတ်ထားတဲ့ လက်ထိပ်ကြီး ပြုတ်ရောလား ကွ"

"ဟာ ပြုတ်တာပေါ့ တာတေရ၊ ချောက်ကနဲကို မြည်သွားပြီး ပြုတ်သွားတာပေါ့၊ ငါတို့ရွာသားတွေဆိုတာ ဟယ်ကနဲ ဟာကနဲ ဖြစ်ကုန်ကြတော့တာပေါ့ကွာ"

"အေး နောက်တော့ရော"



www.burmeseclassic.com

www.burmeseclassic.com



"လက်ထိပ်လည်းပြုတ်ရော ငါ့ခြေတွေလက်တွေ ကြိုး တုပ်ပြန်ရောဟေ့၊ ပြီးတော့ ခုနက ပြောသလိုပဲ၊ ငါ့ကို စိတ်ရှိ အမိန့်ပေးခိုင်းတယ်။

"ဟေ ပြုတ်တာပဲလားကွ"

"ဟာ ပြုတ်ရုံဘယ်ကမတုံး တာတေရ၊ ကြိုးတွေပြုတ်ထို ထွက်သွားတာကွ"

"ဟေ စွမ်းလိုက်တဲ့ဆေးကွာ"

"တော်စမ်းပါ တာတေရာ၊ မင်းကံ မြင်ရတာ မဟုတ်ဘဲ နဲ့၊ ငါပြောတာ ကြားရုံနဲ့ကို ချီးမွမ်းနေတာကိုကွ၊ ငါ ဆက်ပြောပါ ဦးမယ်"

"အေး အေး ပြောစမ်းပါဦး စုတ်ဖွားရဲ့"

"ဆရာမြကြ သူ့ဘေးမှာ အဆင်သင့်ချထားတဲ့ ဝါးရင်း တုတ်နဲ့ ငါ့ခေါင်းကို ခွမ်းကနဲနေအောင် ထရိုက်တာဟေ့"

"ဟာ ဟုတ်လား၊ မင်း ဘာဖြစ်သွားတုံး"

"ဘာမှမဖြစ်ဘူးကွ၊ နာလည်းမနာ၊ ကွဲလည်းမကွဲဘူးကွ ဒီမှာတင် တို့ရွာသားတွေလည်း ဟာကနဲ၊ ဟာကနဲ ဖြစ်ကုန်ကြ တော့တာပေါ့ကွာ၊ ရွာသားတွေ အဲဒီလို အံ့ဩဘနန်းဖြစ်နေတုန်း မှာပဲ မှော်ဝိဇ္ဇာဆရာမြက သူထိုင်နေတဲ့ဖျာအောက်မှာ ထိုးသွင်း ဝှက်ထားတဲ့ ငှက်ကြီးတောင်ဓားကို ဖျတ်ကနဲ ဆွဲထုတ်ပြီး ငါ့ကို ခုတ်တာပေါ့၊ ဟောဒီလက်မောင်းကိုပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်း ဘာမှမဖြစ်ဘူးလား"

"မဖြစ်လို့ပေါ့ကွ၊ တာတေရ ပြတ်သာပြတ်ရင် ဒီလက်ကြီးတစ်ဖက် ဘယ်ရှိတော့မှာတုံး"

"ဟေ စွမ်းလှချေလားကွာ"

"အေး. . . မင်းလိုပဲ တာတေရေ၊ ငါတို့ရွာသားတွေလည်း ချက်ချင်းအိမ်ပြန်ပြေးပြီး ပိုက်ဆံတွေ ယူကြတာပေါ့ကွာ၊ မရှိတဲ့ကောင်ကလည်း ရွာထဲမှာ ရှာကြရတာပေါ့ကွာ၊ နှမ်းအိတ်တွေထမ်းပြီး ရောင်းတဲ့ကောင် ရောင်းပေါ့ကွာ၊ မှော်ဝိဇ္ဇာဆရာမြဆီမှာ အလုအယက် လက်အုပ်တွေချီ ဆေးထိုးကြတာဟေ့"

"ဒီလူတွေရော စွမ်းတာပဲလား စုတ်ဖွားရဲ့"

"ဟာ စွမ်းပါပြီလားကွာ၊ ငါ့လိုပဲ အကုန်စွမ်းတာကွ၊ ညရောက်တဲ့အထိကို ဆရာမြက အောက်လင်းဓာတ်မီးကြီး ထွန်းပြီး ဆေးထိုးရတာကွ၊ ရလိုက်တဲ့ ပိုက်ဆံတွေဆိုတာကွာ နည်းမှတ်လို့ အိတ်ကြီးနဲ့ တစ်လုံးပဲကွ။ လူတွေအားလုံး ရှင်းသွားတော့ ဆရာမြက ငါ့ကို အသာခေါ်ပြီး ငါပေးထားတဲ့ ပိုက်ဆံတွေ ပြန်ပေးတယ်၊ ပြန်ပေးရုံတင်မကဘူးကွ၊ ငါသုံးဖို့ဆိုပြီး ပိုက်ဆံသပ်သပ်ပေးသေးတာ"

"ဟေ ဘာဖြစ်လို့တုံးကွ စုတ်ဖွားရဲ့"

"ဩော် ဒီလိုလေကွာ၊ ငါက ပထမဆုံးထိုးတဲ့လူလေကွာ၊ ငါက သူ့စမ်းသပ်မှုကို ပထမဆုံး ခံရတဲ့လူလေ၊ ငါ့ကို စမ်းပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ကျန်တဲ့လူတွေက ပိုက်ဆံအထပ်လိုက် ကန်တော့ပြီး ဆေးထိုးကြတာမို့လားကွ၊ ဒီတော့ ငါ့ကို ကျေးဇူးတင်လို့ဆိုပြီး ပေးတာပေါ့ကွာ"

"ဩော် ဩော် ဒီလိုလား"

"ဒါပေမဲ့ တာတေရေ မနက်မိုးမလင်းခင်ပဲ မော်ဝိဇ္ဇာ ဆရာမြ ရွာက ထွက်သွားတယ်၊ ငွေထုပ်ကြီးလည်း ယူသွားတာပေါ့ကွာ၊ တခြားရွာတစ်ရွာမှာ ဆေးထိုးဖို့ ချိန်းထားတာရှိလို့ ဆိုလားပဲကွ"

"ဟေ ဒါနဲ့ မင်းတို့ရွာသားတွေအားလုံး တုတ်ပီး၊ ခေးပီး ဖြစ်ကျန်ရစ်ခဲ့တာပေါ့ ဟုတ်လား စုတ်ဖွား"

"ဟာ တော်စမ်းပါ တာတေရာ၊ မင်းကလည်း ဒီသတင်း ကြားတယ်လည်းဆိုသေး၊ ဒီလိုကွ၊ ဆရာမြ ပြန်သွားပြီး တစ်ရက် နှစ်ရက်လောက်ကြာတော့ ရွာထဲကကောင်တွေက ကြွစောင်း စောင်းတွေ ဖြစ်နေတော့တာပေါ့ကွာ"

"ဟင် ဘာဖြစ်လို့တုံးကွ"

"ဟာ ဘာဖြစ်ရမှာတုံးကွ၊ ကိုယ့်ကိုယ်ကိုယ် တုတ်ပီး၊ ခေးပီး၊ လက်ထိပ်ပြုတ်တဲ့အကောင်တွေဆိုပြီး မာန်တက်နေကြ တော့တာပေါ့ကွ၊ ဒီမှာတင် တစ်ယောက်နဲ့တစ်ယောက်စ စကားကို အတင်မခံတော့ဘူးပေ့ါ။ ဒါနဲ့ပဲ ရွာလယ်ပိုင်းက ကျေးသီး ဆိုတဲ့ကောင်နဲ့ ကျော်ဝ ဆိုတဲ့ကောင် ရန်ဖြစ်ကြရော



www.burmeseclassic.com

www.burmeseclassic.com



ဟော့၊ ဖြစ်လည်းဖြစ်ရော တစ်ယောက်နဲ့တစ်ယောက် ဝါးရင်းတုတ်တွေနဲ့ ဆော်လိုက်ကြတာ နှစ်ယောက်စလုံးကွဲပြီး သွေးတွေစီးကျလာလိုက်ကြတာ မနည်းကို လုပ်ယူလိုက်ရတာဟော့။ ဒီတော့မှ ဆေးထိုးထားတဲ့ကောင်တွေလည်း ကိုယ့်ကိုယ်ကိုယ် အပ်နဲ့ထိုးကြည့်၊ ဝါးခြမ်းပြားနဲ့ရိုက်ကြည့် လုပ်ကြရတာပေါ့ကွာ၊ ကြိုးနဲ့ချည်ကြည့်လည်း ဘာအမိန့်ပေးလို့မှ မပြုတ်တော့ဘူးကွ"

"ဟေ မင်းရော စမ်းကြည့်သေးလားကွ စုတ်ဖွားရဲ့"

"ဟာ စမ်းဖို့တောင် မလိုပါဘူးကွာ၊ ခလုတ်တိုက်တာ အသားကွဲထွက်သွားပြီး နာလိုက်တာမှ မပြောပါနဲ့တော့ တာတေရာ"

"ဩော် ဒီလိုကိုး"

"အေးကွာ၊ ဒီတော့မှ ငါတို့ရွာသားတွေလည်း အလိမ်ခံရပြီဆိုတာ သိကြတော့တာပေါ့ကွာ၊ မှော်ဝိဇ္ဇာဆရာမြ ဆိုတာကို လိုက်ရှာမယ်လို့ပြောတဲ့ကောင်ကပြော၊ တွေ့ရင် တွေ့တဲ့နေရာမှာ သတ်မယ်လို့ပြောတဲ့ကောင်ကပြောနဲ့ တို့တောသားတွေ ထုံးစံပေါ့ကွာ၊ သူခိုးပြေးမှ ထိုးကွင်းတွေ ထကုန်ကြတော့တာပေါ့ တာတေရာ"

"ဒါပေမဲ့ စုတ်ဖွားရဲ့ ဒီလူပညာက ပေါ့သေးသေးတော့ မဟုတ်ဘူးကွနော်"

"အေးကွ၊ ငါတို့ရွာက လူကြီးတွေကလည်း ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ဆရာမြ သုံးသွားတာ 'တစ်ပွဲတိုး' လို့ ခေါ်တဲ့ ဆေးတဲ့ကွ၊ ပြီးရင် ပျက်သွားရောဆိုပဲ၊ ငါတို့တစ်ရွာလုံး 'တစ်ပွဲတိုး' ဆေးနဲ့ မိသွားတာပေါ့ကွာ"

"ဒါနဲ့ မင်း အခု ငါ့ဆီလာတာက ဒီဆရာမြ ဆိုတဲ့လူနဲ့ ဆိုင်လို့လားကွ"

"ဆိုင်ပါပြီလား တာတေရာ၊ ငါတို့ရွာကို ပုလိပ်ဘက်က လူသုံးယောက် ရောက်နေတယ်ကွ၊ ငါ့အဘပြောတာကတော့ စုံထောက်တွေလို့ ပြောတယ်။ ငါတို့ရွာကို ဆင်းလာပြီး စုံစမ်းတာကွ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ငါတို့ရွာကို ဆရာမြ လိမ်သွားတယ်ဆိုတာ ဟုတ်,မဟုတ်ပေါ့ကွာ၊ ပြီးတော့ လိမ်ပုံလိမ်နည်းတွေကို မေးတာကွ။ ဒီမှာတင် ဒီလူတွေက ထူးထူးဆန်းဆန်းတစ်ခု ပြောတယ် တာတေရ၊ မော်ဝိဇ္ဇာဆရာမြဟာ ဖါတို့ကြုံခဲ့တာထက် အများကြီးကို စွမ်းတာတဲ့ကွ။ ဒီလူကိုဖမ်းပြီး ထောင်ထဲထည့်တာ လည်း အကြိမ်ကြိမ် ရှိပြီဆိုပဲ၊ ဘယ်လိုဖမ်းထားလို့မှ မရဘူးတဲ့ကွ၊ ထောင်ပြင်ကို ပြန်ရောက်သွားတာချည်းပဲတဲ့"

"ဟာ ဟုတ်လား၊ ဒါဆိုရင် ဆရာမြကို ဖမ်းလို့ ဘာထူးမှာတုံးကွ"

"အေး ငါ့အဘကတော့ စုံထောက်တွေကို ပြောလေးတယ်ကွ၊ ဆရာတို့ကလည်း ဒီလိုလူကို ဖမ်းနေရတယ်လို့ဗျာ၊ တစ်ခါတည်း သတ်ပစ်လိုက် ပြီးရောဆိုတော့ စုံထောက်တွေက



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြီးပြောတယ်ကွ"

"ဟေ ဘာပြောတုံး စုတ်ဖွားရဲ့"

"အဘိုးပြောတာ နောက်တောင်ကျနေပြီဗျ။ ကျုပ်တို့က ဒီလူကို သေနတ်နဲ့လည်း ပစ်ဖူးတယ်၊ ဓားနဲ့လည်း ခုတ်ဖူးတယ်၊ ဧရနွှစ်ပြီးလည်း စီရင်ဖူးတယ်၊ ကြိုးပေးပြီးလည်း စီရင်ဖူးတယ်။ ဘယ်လိုမှ လုပ်လို့မရဘူးဗျ။ ဒါပေမဲ့ တစ်ခုကောင်းတာက ဆရာမြက ဘယ်တော့မှ လူမသတ်ဘူး၊ သူသာ လူသတ်လို့ကတော့ ကျုပ်တို့ သေဘာ ကြာပေါ့ဗျာ"

"ဟာ ဆရာမြ ဆိုတဲ့လူက ဒီလောက်တောင် စွမ်းသလား စုတ်ဖွားရဲ့"

"စွမ်းပါပြီလား ဟာတေရာ၊ အဲဒါနဲ့ ငါ့အဘက လျှပ်စစ်နဲ့ သတ်ကြည့်ပါလား ဆရာရဲ့လို့ စုံထောက်တွေကို ပြောတော့ စုံထောက်တွေက ရယ်လိုက်ကြတာ တာတေရာ၊ ပြီးတော့မှ ပြောတာကွ"

"ဟေ ဘာပြောတာတုံး"

"လျှပ်စစ်လည်း မကျန်တော့ပါဘူး ဘိုးရာ၊ လျှပ်စစ်တွေ အကုန်လုံး ပြတ်ကုန်လို့ ထောင်ကြီးတစ်ခုလုံး မှောင်တောင်ကျသွားသေးတယ်ဗျ"

"ဟာ ဒါဆိုရင် ဆရာမြကို ဘယ်လိုမှ မနိုင်တော့ဘူးပေါ့ စုတ်ဖွားရဲ့"

www.burmeseclassic.com



"ဒီလိုတော့လည်း မဟုတ်ဘူးကွ၊ အခု တို့ရွာကိုရောက်နေတဲ့ စုံထောက်ကြီးတွေက အစွမ်းထက်တဲ့ ဆရာသမားကို စုံစမ်းနေတာကွ၊ သူတတ်ထားတဲ့ ပညာတွေကို ဖျက်ပစ်နိုင်မှ ဆရာမြကို ဥပဒေနဲ့ အရေးယူနိုင်မှာလို့ ပြောတယ်ကွ၊ အဲဒါ သူတို့က ဆရာ စုံစမ်းလို့ ငါ့အဘက မင်းအကြောင်း ပြောပြလိုက်တာ၊ စုံထောက်ကြီးတွေက မင်းကို လွှတ်တွေ့ချင်နေကြပြီကွ တာတေရ"

"ဟေ. . . ငါက ဆရာမှ မဟုတ်တာ၊ စုတ်ဖွားကလည်း မင်း စဉ်းစားကြည့်လေကွာ၊ ငါက ဆရာဆိုရင်တောင် မှော်ဝိဇ္ဇာ ဆရာမြလို ပုဂ္ဂိုလ်တစ်ယောက်ကို နိုင်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား ကွာ"

"ဘာပဲဖြစ်ဖြစ်ကွာ တာတေရာ၊ စုံထောက်ကြီးတွေကိုတော့ လိုက်တွေ့စေချင်တယ်ကွာ၊ သူတို့က မင်းကို တော်တော်တွေ့ချင်နေကြတာကွ"

"ဟင် ဒါဆိုရင် ငါက မင်းတို့ငွေတွင်းကုန်းကို လိုက်ခဲ့ရမှာပေါ့ ဟုတ်လား စုတ်ဖွား၊ ငါကလည်း မင်းမြင်တဲ့အတိုင်း ယာထွန်လက်စကြီးကွ"

"ဟာ မဟုတ်ဘူးကွ၊ စုံထောက်ကြီးတွေက ငါနဲ့ တူတူပါတည်း လိုက်လာတာ၊ မင်းတို့ ထနောင်းကုန်းသူကြီးအိမ်ကို ရောက်နေကြပြီ၊ ငါက သူတို့ကို လှည်းနဲ့ လိုက်ပို့တာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ မင်းက စောစောက အဲဒီလိုမှ မပြောတာ၊ စုံထောက်တွေက ငါတို့ရွာမှာ ရောက်နေပြီပေါ့ ဟုတ်လား စုတ်ဖွား"

"အေး. . . ရောက်နေပြီ၊ မင်းတို့သူကြီးကို ငါက တာတေ ယာထဲဆင်းသွားတယ်၊ ယာထွန်နေတယ်၊ ကျုပ်သူငယ် ချင်းကို ကျုပ် သွားခေါ်ပေးမယ်လို့ပြောပြီး မင်းဆီကို လိုက်လာ တာကွ၊ အကျိုးအကြောင်းလေးတွေလည်း ကြုံပြီးပြောပြထားချင် လို့ ငါ လိုက်လာတာလေ"

ကျုပ်လည်း ထွန်ဖြုတ်လိုက်ရတော့တာပေါ့ဗျာ။ စုတ်ဖွား က ချက်ချင်းပဲ လှည်းကောက်လိုက်တယ်။ ပြီးတာနဲ့ လှည်းပေါ် ကို ထွန်တုံးတင်ပြီး ရွာကို တန်းမောင်းခဲ့တာပေါ့ဗျာ။ အိမ်ပြန်ပြီး ရေမိုးချိုးပြီးမှ သူကြီးအိမ်ဘက်ကို ကျုပ်နဲ့ စုတ်ဖွားနဲ့ ထွက်လာခဲ့ ကြတယ်။

ကျုပ်တောင် သူကြီးအိမ်ဘက်ကို မရောက်တာ ကြာနေ ပြီဗျ။ သူကြီးအိမ်ဝိုင်းထဲက မန်ကျည်းပင်ကြီးတွေကတော့ စိမ်း မှောင်နေတာပါပဲ။

"အိမ်ပေါ်ကို တက်ခဲ့ဟေ့ တာတေရေ"

ကျုပ်နဲ့ စုတ်ဖွား ဝိုင်းထဲဝင်လိုက်တာနဲ့ ဆယ်အိမ်ခေါင်း ကိုမြင့်က လှမ်းပြောလိုက်တာဗျ။

ကျုပ်တို့နှစ်ယောက်လည်း လှေကားအတိုင်း သူကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးပေါ်ကို တန်းတက်ခဲ့ရတာပေါ့ဗျာ။ အိမ်ပေါ်ကို ရောက်တော့ ဆယ်အိမ်ခေါင်းနှစ်ယောက်ရယ်၊ သူကြီးရယ်၊ လူစိမ်းသုံးယောက်ရယ် တွေ့ရတယ်ဗျ။

"လာဟေ့ တာတေ၊ ဒီမှာ ဝင်ထိုင်ကြ"

သူကြီးကပြောလို့ ကျုပ်နဲ့ စုတ်ဖွား လူကြီးတွေအနားမှာ ခပ်ယို့ယို့ဝင်ထိုင်ကြရတာပေါ့ဗျာ။

"အင်စပက်တော်မင်း ဟောဒါ ကျုပ်တို့ရွာက မောင်တာတေ ဆိုတဲ့ သူငယ်ပဲဗျ"

သူကြီးက ပြောတော့. . .

"ဟာ သူကြီးကလည်း ဘယ့်နှယ် အင်စပက်တော်မင်းကမှာလည်းဗျာ၊ ကျုပ်က ရဲအုပ်အောင်ဒင်ပါ။ ဟောဒီဘက်က ရဲအုပ်ခင်ကျော်၊ ဟိုဘက်က ရဲအုပ်စိန်ပွင့်ပါဗျာ"

"ဩော် ဟုတ်ကဲ့၊ ရဲအုပ်ကြီးတို့ မောင်တာတေနဲ့ ပြောလိုရာ ပြောကြပါဗျာ"

သူကြီးက ရဲအုပ်ကြီးလို့ ပြောင်းပြောလိုက်တော့မှ စုံထောက်ကြီးတွေက ပြုံးပြုံးရွှင်ရွှင်နဲ့ ကျုပ်ကို စကားစပြောကြတယ်ဗျ။

"မောင်တာတေက ငယ်ငယ်လေးပဲ ရှိသေးတာ၊ ဘယ့်နှယ်လုပ်ပြီး ဆရာဖြစ်နေတာတုံး"

"ဟာ ကျုပ်က ဆရာ မဟုတ်ပါဘူး ရဲအုပ်ကြီး ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့လိုက်ပြီး လိုတာတွေ ကူညီလုပ်ကိုင်ပေးဖူးတာပါဗျာ"

"ဩော် ဒီလိုလား၊ ဒါဆို မောင်တာတေမှာ ဆရာသမား ကောင်းတွေနဲ့ အဆက်အသွယ်ရှိမှာပေါ့နော်"

"အဆက်အသွယ်ရယ်လို့တော့ မရှိပါဘူးဗျာ၊ ဒီဆရာတွေ ကျုပ်တို့ရွာတွေဘက်ကို ရောက်လာတဲ့အခါ လျှောက်လိုက်ဖူးတာပါ။ သူတို့တွေ ဘယ်မှာနေကြတယ် ထိုင်ကြတယ် ဆိုတာတော့ ကျုပ် မသိဘူး ရဲအုပ်ကြီးရဲ့"

"ဩော် ဒီလိုလား၊ ဒါလည်း ဟုတ်တာပေါ့"

"နို့ ရဲအုပ်ကြီးတို့က အခု ဘာအကူအညီများ လိုနေလို့တုံး၊ ကျုပ် သိရရင် တတ်နိုင်တာ ကူညီပေးနိုင်တာပေါ့ဗျာ"

"ဒီလို မောင်တာတေရဲ့၊ မှော်ဝိဇ္ဇာဆရာမြ ဆိုတဲ့လူ တစ်ယောက်ဟာ တော်တော်ကို ဒုက္ခပေးနေတာကွ၊ နည်းမျိုးစုံနဲ့ကို လိမ်လည်နေတာ များပြီကွ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က တောင် မင်းသူငယ်ချင်း စုတ်ဖွားတို့ရွာမှာ လိမ်သွားသေးတယ်မို့လား။ တခြားနေရာတွေမှာလည်း လျှောက်လိမ်တာပဲကွ၊ တစ်နေရာမှာ ပုံစံတစ်မျိုးနဲ့ကို လိမ်တာ၊ ပြီးတော့ ရုပ်ကိုလည်း အမျိုးမျိုးပြောင်းနိုင်တယ်၊ ကဲ စုတ်ဖွား မင်းတို့ရွာမှာ လာလိမ်တုန်းက ပုံစံက ဘယ်လိုပုံစံတုံး"

ရဲအုပ်ကြီးအောင်ဒင်က စုတ်ဖွားကို မေးလိုက်တယ်။ စုတ်ဖွားက သေသေချာချာ စဉ်းစားပြီးပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သျှောင်တစောင်းနဲ့ နှုတ်ခမ်းမွေးကားကားကြီးနဲ့ဗျ အသားညိုညို ပိန်ပိန်ပါးပါးပဲ၊ ပါးစပ်ထဲမှာ ရွှေသွားလေး နှစ်ချောင်း စိုက်ထားတယ်၊ မျက်လုံးတွေကတော့ အရောင် တော်တော်တောက်တာဗျ"

"ကဲ တွေ့လား မောင်တာတေ၊ ရှမ်းပြည်ဘက်မှာ-ရှမ်း သူဌေးမတစ်ယောက်ကို ဆေးခတ်ပြီး သားမယားအဖြစ် ပေါင်း သင်းပြီး ရှမ်းသူဌေးမရဲ့ စိန်တွေ၊ ရွှေတွေကို ယူပြေးတုန်းက တရုတ်ပုံစံနဲ့ အသားမှ ဖြူဖွေးနေတာကွ၊ တစ်ခါ ရန်ကုန် မဂိုလမ်း မှာ စိန်ဘာဘူဆီက စိန်တွေ ယူသွားတုန်းက အိန္ဒိယကလာတဲ့ ကုလားသူဌေးပုံစံနဲ့၊ ကုလားလိုပြောပြီး စိန်အစစ်နဲ့ အတုတွေနဲ့ လဲသွားတာ"

"ဟာ ဒီလူ ရုပ်အမျိုးမျိုး ဖန်ဆင်းနိုင်တာပဲ"

ကျုပ်က အံ့ဩပြီးတော့ ပြောလိုက်တာဗျို့။ ဒီလူ တတ် တဲ့ပညာက ဘာပညာမှန်းတောင် ကျုပ် မသိဘူး။ ဒါမျိုးကို ကျုပ် ဆရာတွေလည်း မပြောဖူးကြဘူး။

"အခု နောက်ဆုံးဖြစ်သွားတာက ရန်ကုန်က မုဆိုးမ တစ်ယောက်ကို လိမ်သွားတာကွ၊ လိမ်ပြီးတော့ ရတနာသေတ္တာ ယူသွားတာ၊ ငါနဲ့ ဟောဒီက ကိုစန်းပွင့် လိုက်ဖမ်းရတာ၊ ရှင်းရှင်း ပြောရရင်တော့ သတင်းအတိအကျရလို့ လိုက်ဖမ်းတာပေါ့၊ အဲဒီ မြို့လေးက သူ့အသိတစ်ယောက်အိမ်မှာ သွားရှောင်တာပဲ၊ တွေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါက ပြောတာပေါ့ကွာ၊

'ဆရာရယ် ဆရာ့ကို ကျုပ်တို့ အကြိမ်ကြိမ် ဖမ်းခဲ့ဖူးပါ ပြီဗျာ၊ အကြိမ်ကြိမ်လည်း လွှတ်ခဲ့တာပါပဲ၊ ဒါပေမဲ့ ဆရာ့တပည့် များကို အထက်က အလုပ်ဖြုတ်မပစ်အောင် ဆရာ ကူညီပါ၊ ကျုပ်တို့မှာ မိသားစုတွေနဲ့မို့ အလုပ်ပြုတ်မှာ ကြောက်လို့ပါဗျာ'

'ကောင်းပြီ၊ ကျုပ်တပည့်ပြော၊ ဆရာ ဘာကူညီရမလဲ'

'ဆရာ ယူလာတဲ့ ရတနာသေတ္တာ ကျုပ်တို့ကို အပ်ပါ ဆရာ၊ ပြီးတော့ ကျုပ်တို့နဲ့ ရန်ကုန်ကို ပြန်လိုက်ခဲ့ပါ၊ ဆရာ့ကို လက်ထိပ်လည်း မခတ်ပါဘူးဗျာ၊ ခတ်လည်း အပိုပဲဆိုတာ တပည့်တို့ သိပြီးသားပါ' ဆိုပြီး အချိုသတ်ခေါ်ရတော့တာပေါ့ ကွာ၊ ဒီတော့ ဒီလူက. . .

'အေး. . ကောင်းပြီ၊ ငါ့ကြောင့် မင်းတို့ ထမင်းအိုး မကွဲ စေရဘူး'

အဲဒီလိုပြောပြီးတော့ ငါတို့နဲ့ အေးအေးဆေးဆေးပဲ လိုက်လာတာကွ၊ ရန်ကုန်ရောက်တော့ သူ့ကို တရားစွဲပြီး ထောင် ချလိုက်တယ်"

"ဟာ ဒီလိုတော့လည်း အေးအေးဆေးဆေး ထောင် ကျခံတာပဲကိုး"

သူကြီးက ဝင်ပြောတာဗျ။

"ဟာ သူကြီးရာ၊ ဘယ်ကအေးဆေးမှာတုံးဗျာ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောမှာပါ၊ ထောင်ထဲရောက်ပြီး သုံးညမြောက်မှာ သူ့အစွမ်း ပြတော့တာပဲဗျ"

"ဟင် ဘယ်လိုမျိုးပြတာတုံး ရဲအုပ်ကြီးရဲ့"

ကျုပ်က သိချင်စိတ်နဲ့ မေးမိတာဗျို့။

"ဒီလိုကွ၊ မောင်တာတေရဲ့၊ ရန်ကုန်ထောင်မှာက ထောင်ပိုင်ကြီးရဲ့နာမည်က ဦးကျော်မွေးတဲ့၊ ကရင်ကြီးကွ၊ အဲဒီ ညမှာ ထောင်ပိုင်ကြီးက ဒုထောင်ပိုင်နဲ့ ထောင်မှူးတွေကို ခေါ် ပြောတယ်။ 'ငါတို့ထောင်ထဲကို အင်မတန် ဒုက္ခပေးတဲ့ကောင် တစ်ကောင် ရောက်နေတာ မင်းတို့ သိတယ်မို့လား၊ အဲဒီတော့ မင်းတို့တာဝန်ကို ခါတိုင်းထက် ပိုပြီးထမ်းရတော့မှာပဲ၊ ဒီည ၁၂ နာရီကျော်ရင် အိပ်ဆောင်တွေ လိုက်စစ်ပါ' လို့ မှာပြီး ထောင်ပိုင် ကြီးက သူ့ကားလေးနဲ့ ထောင်ကြီးအပြင်ကို ထွက်သွားတယ်။ ည ၁၂ နာရီကျော်တော့ ဒုထောင်ပိုင်နဲ့ ထောင်မှူးတွေ ထောင်ပိုင်ကြီး မှာတဲ့အတိုင်း အိပ်ဆောင်တွေ လိုက်စစ်ကြတာ ပေါ့ကွာ၊ ဒီမှာတင် မင်းတို့ပြောတဲ့ မော်ဝိဇ္ဇာဆရာမြရဲ့ အိပ် ဆောင်ကို ရောက်လာပြီး ဆရာမြအခန်းကို ဝင်စစ်တာပေါ့ကွာ၊ ထောင်ဝတ်စုံအဖြူကြီးဝတ်ပြီး အိပ်ပျော်နေတဲ့ ဆရာမြက ထောင်မှူးတွေ ဘယ်လောက်ခေါ်ခေါ် မနိုးဘူးတဲ့ကွ၊ ဒါနဲ့ ဒုထောင်ပိုင်က သံသယဖြစ်လာပြီး သော့ဖွင့်ဝင်ပြီး အိပ်နေတဲ့ ဆရာမြကို ကြည့်လိုက်တော့ ဆရာမြ မဟုတ်ဘဲ သူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်ကြီး ဦးကျော်မွေး ဖြစ်နေတယ်ကွ"

"ဗျာ၊ ဘယ်လို ထောင်ပိုင်ကြီး ဟုတ်လား၊ ထောင်ပိုင်ကြီးက ကားနဲ့ ထွက်သွားပြီပဲ"

"အေး ဟုတ်တယ် မောင်တာတေ၊ ဆရာမြ ဆိုတဲ့လူက အဲဒီလောက်ကို စွမ်းတာကွ၊ ကားနဲ့ ထွက်သွားတာ သူပေါ့ကွာ၊ အဲဒီကတည်းက ငါတို့ သူ့နောက်ကို လိုက်နေကြတာ"

"ဟာ ဒါဆို ဆရာမြက လွတ်သွားတာပေါ့ ဟုတ်လား ရဲအုပ်ကြီး"

"ဟုတ်တာပေါ့ မောင်တာတေ၊ ဒါကြောင့် သူရောက်ခဲ့သွားခဲ့တဲ့ နေရာတွေကို ငါတို့ လိုက်စုံစမ်းနေရတာပေါ့ကွာ၊ ပြီးတော့ ဒီဆရာမြကို နိုင်မယ့် ဆရာမျိုး၊ ပညာမျိုးကိုလည်း စုံစမ်းနေတာကွ မောင်တာတေရ၊ အေး ခက်တာက ဆရာမြကို တစ်ခါမြင်ရင် ရုပ်ကတစ်မျိုး၊ နာမည်က တစ်မျိုးနဲ့ သူ့နဂိုရုပ်က ဘယ်လိုရှိမှန်းတောင် ငါတို့ မသိတာ၊ မျက်နှာချင်းဆိုင်တွေ့နေလည်း ငါတို့ ဘယ်လိုမှ ဖမ်းနိုင်မှာ မဟုတ်ပါဘူးကွာ၊ ပြီးတော့ ဖမ်းတယ်ပဲထား၊ ဒီလူက လက်ထိပ်လည်း ခတ်လို့မရ၊ ကြိုးလည်း တုပ်လို့မရ၊ ကုန်ကုန်ပြောမယ်ကွာ၊ ဒီလူကို အမျိုးမျိုး သတ်ကြည့်ခဲ့ဖူးပြီ၊ ဘယ်လိုသတ်လို့မှ မသေဘူးကွ၊ ရေထဲမှာ တစ်ညလုံး ခဲဆွဲပြီး နှစ်ထားတာတောင် သေတဲ့လူ မဟုတ်ဘူးကွ မောင်တာတေရဲ့

နောက်ဆုံးတော့ စုံထောက်ကြီးတွေက ဆရာမြနဲ့ခေါ်

www.burmeseclassic.com



ဟဲ့ လူကိုတွေ့ရင် အကြောင်းကြားဖို့၊ ဒီလူကို နိုင်မယ့်ဆရာကို စုံစမ်းပေးကြဖို့ မှာပြီး ပြန်သွားကြတာပေါ့ဗျာ။

ဒီလိုနဲ့ပဲ စိတ်ထဲဝေးသွားတာပေါ့ဗျာ။ ကျုပ်စိတ်ထင်တော့ နှစ်လကျော်ကျော်လောက် ရှိမယ်ထင်တယ်။ နွေပေါက်နေပြီဗျ။ အဘနဲ့ ကျုပ်နဲ့ နှမ်းပုတ်နေကြပြီလေ။

ဒီနေ့တော့ ယာထဲက ပြန်လာပြီး မောမောရှိတာနဲ့ ဝိုင်းထဲက ကွပ်ပျစ်မှာ ကျုပ် လှဲနေတာဗျ။

"တာတေရေ တာတေ"

ကျုပ် အိပ်နေတာ မဟုတ်တော့ ချက်ချင်း ခေါင်းထောင်ကြည့်လိုက်တာပေါ့ဗျာ။

"ဟေ့ကောင် သိန်းဇော် လာလေကွာ"

ဘန့်ဘွေးကုန်းက သိန်းဇော်ဗျ။ ဒီကောင်လည်း ကျုပ်နဲ့ တစ်ရွယ်တည်းပဲဗျ။ တင်သောင်းရယ်၊ သိန်းဇော်ရယ်၊ ကျုပ်ရယ်က မီးဝင်မီးထွက်တွေဗျ။ ခင်လည်း ခင်ကြပါတယ်။

သိန်းဇော် ကျုပ်ထိုင်နေတဲ့ သစ်သားကွပ်ပျစ်မှာ ဝင်ထိုင်တယ်။

သိန်းဇော် ဘယ်လာတာတုံး"

"မင်းဆီကို လာတာကွ တာတေရ"

"ဟေ ဟုတ်လား၊ ရော့ သောက် ဆေးပေါ့လိပ်"

ငါ ရေနွေးအိုး တက်ယူလိုက်ဦးမယ်၊ ဒီပေါ်ကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးအိုး တက်ယူတယ်။ ကျုပ် ပြန်ဆင်းလာတော့ သိန်းဇော်က နဂါးဆေးပေါ့လိပ်ကလေး ဖွာလို့ဗျ။ ကျုပ်က ရေနွေးငှဲ့ပေးလိုက်တယ်။ သိန်းဇော်က ရေနွေးကြမ်းတစ်ပန်းကန်ကိုယူပြီး သောက်လိုက်တယ်။

"ဒီလိုကွ တာတေရ၊ ငါတို့ရွာက ရွာလယ်ပိုင်းမှာနေတဲ့ ကိုကြီးဘလွင်ကို မင်းသိတယ်မို့လား"

"ဟာ သိတာပေါ့ကွ သိန်းဇော်ရ၊ ဘန့်ဘွေးကုန်းမှာ တာတေ မသိတဲ့လူက မမွေးသေးတဲ့လူပဲ ရှိတာဟ"

"အေးအေး အဲဒီကိုကြီးဘလွင်တို့အိမ်မှာ ညှော်သည်တွေ ရောက်နေတယ်ကွ၊ ကိုကြီးဘလွင်ရဲ့ ဆရာလိုလို ပြောတာပဲ၊ လင်မယားနှစ်ယောက်ကွာ မိန်းမက တော်တော်ချောတယ်၊ ငယ်လည်း ငယ်ပုံရတယ်၊ ယောကျ်ားက နည်းနည်းကြီးတယ်၊ အသားဖြူဖြူကွ၊ ရှမ်းလိုလိုပုံစံပဲ။ ငါစိတ်ထင်တော့ အခုမှ မိန်းမခိုးလာပြီး တို့ရွာမှာ နေတာ ထင်တယ်ကွ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွာ၊ အချိန်တန်တော့ ပြန်သွားကြမှာပေါ့၊ မင်း ငါ့ဆီကို ဒီအကြောင်း လာပြောတာလား"

"ဒီအကြောင်းတော့ ငါက မင်းကို လာပြောမလား တာတေရ၊ ဒီလိုကွ၊ မနေ့က ငါက သရက်သီးစိမ်း တို့စရာ ခူးနေတာကွ၊ ငါတို့ရွာအရှေ့ဘက်က သရက်ပင်အုပ်မှာလေကွာ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်ပေါ်မှာ ခူးနေတုန်း ကိုကြီးဘလွင်ရဲ့ ညို့သည် ရှမ်းလိုလိုလူ ရွာထဲက ထွက်လာတယ်။ သူတစ်ယောက်တည်းကွ။ သူ့မိန်းမ မပါဘူး။ ငါလည်း အသာကြည့်နေတာပေါ့ကွာ၊ ငါ သရက်သီးတစ်လုံး လှမ်းခူးပြီးတော့ လှည့်ကြည့်လိုက်တော့ တာတေရေ ငါဆိုတာ ကြက်သီးတွေတောင် ထသွားတယ်ဟေ့"

"ဟင် ဘာဖြစ်လို့တုံး သိန်းဇော်ရဲ့"

"စောစောက ငါမြင်တဲ့လူ မဟုတ်တော့ဘူးကွ"

"ဟေ. . . ဘယ်၊ ဘယ်လိုကွ၊ သိန်းဇော်ရဲ့"

"စောစောက ရှမ်းလိုလိုလူကနေ ပုဆိုးကွက်တုံးနဲ့ တိုက်ပုံအနက် ဝတ်ထားတဲ့ အသက်ကြီးကြီး လူတစ်ယောက်ပုံစံ ဖြစ်နေရောကွ တာတေရ"

"ဟာ မင်းဟာ သေချာလို့လားကွာ၊ ဘယ်လိုဖြစ်လို့ ချက်ချင်းကြီး ပုံစံပြောင်းသွားမှာတုံး၊ တခြားလူတစ်ယောက်ကို မင်း မြင်လိုက်တာများလားကွာ"

"ဘယ်ကလာ တခြားလူဖြစ်မှာတုံး တာတေရာ၊ ရွာထဲက ထွက်လာတာ ဒီလူတစ်ယောက်တည်း ထွက်လာတဲ့ဟာ ငါ သေသေချာချာကို မြင်တာကွ"

ကျုပ် ချက်ချင်းသဘောပေါက်သွားပြီပေါ့ဗျာ။ ဒီလူဟာ မှော်ဝိဇ္ဇာဆရာမြကလွဲရင် ဘယ်သူဖြစ်မှာတုံး။

"ဟေ့ကောင် သိန်းဇော်၊ ဒီအကြောင်းကို မင်း ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပြောသေးလဲ"

"ဟာ ငါ ဘယ်သူ့ကိုမှ မပြောဘူးကွ၊ ပြောရင် ငါ့ကို အရူးလို့ ပြောကြမှာပေါ့ကွ"

"အေး အေး ဟုတ်ပြီ၊ သိန်းဇော် မင်း ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့၊ ဒီလူကို ငါသိတယ်၊ ဒီလူနဲ့ ပတ်သက်ပြီး ငါ့မှာ လုပ်စရာတွေရှိတယ်၊ မင်းလုပ်ရမှာက ဒီလင်မယားကိုသာ တစ်စေ့တစောင်းကြည့်ထား၊ ဒီရက်ထဲမှာ ပြန်သွားရင် ငါ့ကို ချက်ချင်းသာလာပြော ကြားလား သိန်းဇော်၊ မင်း ရုပ်မပျက်စေနဲ့ နော်"

"အေးပါကွ၊ မင်းတို့ရွာက ရွှေတောင်ဦးဘုရားပွဲမှာ နှစ်တိုင်း ပြဇာတ်က,လာတာ၊ မင်း သိသားနဲ့ကွာ၊ ငါ သရုပ်ဆောင် တတ်ပါတယ်ကွ"

သိန်းဇော် ပြန်သွားတော့ ကျုပ် ချက်ချင်းစီစဉ်တယ်။ ကျောက်ခဲနဲ့ သံမဏိကို ခေါ်ပြီး ကြက်တစ်ကောင် ချက်တယ်။ ထမင်းတောင်းပြင်တယ်။ နတ်ကတော် ဒေါ်တုတ်ကို ချက်ချင်း သွားခေါ်ခိုင်းပြီး ညရှစ်နာရီထိုးတော့ ထနောင်းကုန်းသင်္ချိုင်းထဲ မှာ ကျုပ် ရောက်နေပြီဗျ။ ခါတိုင်းလိုပဲ ကျုပ် မဖဲဝါကို ပင့်တာပေါ့ ဗျာ။

"သင်္ချိုင်းရှင်မကြီး မဖဲဝါ၊ ရှိနေရာအရပ်ကနေ အမြန်ကြွ လာခဲ့ပါ၊ ကျွန်တော် တာတေက မဖဲဝါကို စားပွဲသောက်ပွဲများနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြိုဆိုပါတယ်ဗျာ"

ဟော မဖဲဝါ ကြွလာပြီဗျို့။ ဒေါ်တုတ်ကို ဝင်ပူးတယ်။ ဂူပေါ် ခုန်တက်ပြီး စားပြီဗျို့။ စားရင်းသောက်ရင်းကနေ ကျုပ်ကို လှမ်းကြည့်တယ်။

"မဖဲဝါ ဘန့်ဘွေးကုန်းမှာ ရုပ်ပြောင်းရုပ်လွှဲ အင်မတန် ကောင်းတဲ့လူတစ်ယောက် ရောက်နေတယ်ဗျ"

ကျုပ်ပါးစပ်က ဒါလေးပဲ ပြောရသေးတာဗျ။

"ဟဲ့ တာတေ၊ အဲဒါ ငမြဲဟဲ့၊ အင်မတန်ယုတ်မာတဲ့ အကောင်၊ ငှသခင် လူနီကလေးရဲ့ တပည့်ဟဲ့၊ ငှသခင်အနားမှာ ဆယ်နှစ်ဆယ်မိုး အလုပ်အကျွေးပြုလို့ ငှသခင်က ငမြဲကို မှော်ပညာ သင်ပေးလိုက်တာ၊ တစ်ဖက်ကမ်းခတ်အောင် ဒီအကောင် တတ်သွားတယ်။ ဒီအကောင်ကို ပုလိပ်တွေ လိုက်ရှာနေတာမို့ လား၊ ဘယ်တော့မှ သူတို့ ဖမ်းလို့မရဘူး တာတေရဲ့၊ ဒါပေမဲ့ ဒီ အကောင် လူတွေကို ဒုက္ခပေးတာ များလှပြီ၊ ဖယ်ပစ်ရတော့မယ်"

"ဟုတ်ကဲ့၊ ကျုပ် ဘာလုပ်ရမလဲ မဖဲဝါ"

"ဟုတ်ပြီ တာတေ၊ နင် အရှေ့ဘက်တောကိုတက်၊ နင့်ကို ခွေးနက်ကလေးတစ်ကောင် လာကြိုလိမ့်မယ်၊ သူ့နောက်က နင်လိုက်သွား၊ ရေတံခွန်ကြီးကျနေတဲ့ ဂူပေါက်ထဲကို ဝင်ပေ တော့၊ အဲဒီမှာ ငှသခင် ရှိတယ်၊ နင်က ငှသခင် လူနီကလေးကို မင်းကြီးလို့ခေါ် ကြားလား၊ ဇာတ်ထဲမှာ ရှင်ဘုရင်ကို ပြောသလို

www.burmeseclassic.com



ပြော ကြားလား တာတော၊ နင် လုပ်ရမှာကို သူပြောလိမ့်မယ်"

ကျုပ်ကိုပြောပြီးတော့ မဖဲဝါ ပြန်ကြွသွားတယ်။ ကျုပ် အချိန်မဆိုင်းဘူး။ နောက်တစ်နေ့စောစောမှာ ထမင်းထုပ် တစ်ထုပ် ထုပ်ပြီး ကျုပ် အရှေ့ဘက်က တောင်ပေါ်တက်ပြီး တောကြီးထဲကို ဝင်ခဲ့တယ်။

ဟော တွေ့ပြီဗျို့။ တောင်ခါးပန်းမှာ ကျုပ်ကို ကြိုနေတဲ့ ခွေးနက်ကလေးဗျ။ ဒီကောင်က အမြီးလေး တန့်န့်နဲ့ ကျုပ်ကို ကြိုနေတာဗျို့။

သူက ရှေ့ကပြေးတယ်။ ခပ်လှမ်းလှမ်းရောက်ရင် အမြီး လေးနှံ့ပြီး ကျုပ်ကို ရပ်စောင့်တယ်။ ကျုပ်က သူ့နောက်က လိုက် ရတာပေါ့ဗျာ။

"ဝေါ၊ ဝေါ၊ ဝေါ"

ဟာ ရေတံခွန်ကြီးဗျာ။ ဒီတော၊ ဒီတောင်မှာ ရေတံခွန် ရှိတယ်ဆိုတာ ကျုပ်တို့ တစ်ခါမှ မသိခဲ့တာဗျ။ ဘယ်သူပြောသံမှ လည်း မကြားမိပါဘူးဗျာ။ လှလိုက်တဲ့ ရေတံခွန်ကြီးဗျာ၊ သာယာ လိုက်တာလည်း လွန်ပါရော။ ရေတံခွန်ဘေးက သစ်ပင်တွေက စိမ်းစိုလို့၊ ပန်းတွေကလည်း ပွင့်နေလိုက်တာ။ ကျုပ် တစ်ခါမှ မမြင်ဘူးတဲ့ တောပန်းတောင်ပန်းတွေဗျ။ ခွေးနက်ကလေးက လမ်းမြောင်လေးတစ်ခုကနေ ရေတံခွန်အနောက်ကို တိုးဝင်သွား တယ်။ ကျုပ်လည်း သူ့နောက်က လိုက်ရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဂူပေါက်ကြီးပါလား။ ဟော ဟိုကောင် ဂူပေါက်ထဲကို ဝင်သွားပြီ။ ကျုပ်လည်း သူ့နောက်ကလိုက်ပြီး ဝင်ရတာပေါ့ဗျာ။ ကြောက်တော့ ကြောက်သားဗျ။ ဟင် ဂူကြီးတစ်ခုလုံး လင်းနေပါလား။ ကျောက်ဖယောင်းတိုင်ကြီးတွေ ထွန်းထားလိုက်တာ ဂူကြီးတစ်ခုလုံး လင်းထိန်နေတာဗျို့။

ဟော ခွေးနက်ကလေးက နေရာတစ်ခုမှာ ရပ်လိုက်ပြီး ထိုင်ပြတယ်ဗျ။ ကျုပ်ကို ဒီမှာထိုင်လို့ ပြောတာပေါ့ဗျာ။ သူပြတဲ့ နေရာမှာ ကျုပ် သွားပြီးထိုင်လိုက်တယ်။

ဒီကောင် ဂူထဲက ကျောက်တုံးကြီးတစ်တုံးနောက်ကို ဝင်သွားတယ်ဗျ။ ဟော ခွေးနက်ကလေး ပြန်ထွက်လာပြီ။ ဟင် သူ့နောက်မှာ လူနီကလေး ပါလာတယ်ဗျ။ ကျုပ်ဖြင့် ကြက်သီးတွေ တဖျန်းဖျန်း ထသွားလိုက်တာဗျာ။ အရပ်က တစ်ပေလောက်ပဲ ရှိတာဗျ။ လူမှ ဟုတ်ရဲ့လားလို့ ကျုပ်မှာ မနည်းကိုကြည့်ယူရတာ။ အင်္ကျီကလည်း အနီပဲဗျ။ သိုရင်းအင်္ကျီပုံစံမျိုး။ ကတ္တီပါအနီမှာ ရွှေချည်တွေ ထိုးထားတာ။ ပုဆိုးကလည်း အနီရဲပဲ။ အနီမှာ ရွှေချည်နဲ့ အပွင့်လေးတွေ ထိုးထားတယ်။ ခေါင်းမှာလည်း အနီရောင်ကတ္တီပါဦးထုပ်တစ်လုံး ဆောင်းလို့ဗျ။ ဦးထုပ်မှာလည်း ရွှေချည်တွေ ထိုးထားလိုက်တာ တော်တော်ကို ကျက်သရေရှိတာပါဗျာ။ ကျုပ်ရှေ့ တစ်လံလောက်မှာရှိတဲ့ ကျောက်ဖျာတစ်ချပ်ပေါ်မှာ တင်ပလ္လင်ခွေပြီး ထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က မဖဲဝါ မှာတဲ့အတိုင်း ဇာတ်ပွဲထဲမှာ ဘုရင်ကို ဖူးမြော်သလို နေရတာပေါ့ဗျာ။

"မောင်မင်း ငါကိုယ်တော်ကို မော်ဖူးနိုင်ပါတယ်"

အသံကတော့ သာမန်လူတစ်ယောက်ရဲ့ အသံပဲဗျ။ လူကသာ တစ်ပေလောက်ပဲ ရှိတာ။ သေသေချာချာကြည့်တော့ သူ့အသားတွေကလည်း နီရဲနေတာဗျ။ ဦးထုပ်အောက်က ထွက်နေတဲ့ ဆံပင်တွေကလည်း နီရဲနေတာဗျို့။ ကျုပ်က လက်အုပ်ချီပြီး မော့ဖူးနေလိုက်တယ်။

"မောင်မင်းနာမည်နဲ့ လာတဲ့အရပ်ကိုပြော"

"မင်းကြီး ကျွန်တော်မျိုးရဲ့ အမည်က တာတေပါဘုရား၊ လာတာကတော့ ထနောင်းကုန်းကျေးရွာကပါဘုရား"

"မောင်မင်းကို ဘယ်သူ လွှတ်လိုက်တာတုံး"

"ကျွန်တော်မျိုးကို မဖဲဝါ လွှတ်လိုက်တာပါဘုရား"

လူနီလေးက ခေါင်းညိတ်ပြတယ်။ ရုပ်ရည်က တော်တော်ကို ခန့်ညားတာဗျ။ ကြည်လင်တောက်ပနေတဲ့ မျက်နှာပါဗျာ။ ကျုပ်ဖြင့် သူ့မျက်နှာကိုကြည့်ရင်း တော်တော်ကို လေးစားမိတာဗျို့။

"မောင်မင်း လျှောက်တင်လိုတာ လျှောက်တင်ပေတော့"

လူနီကလေးက ခွင့်ပြုတာနဲ့ တစ်ပြိုင်နက် မော်ဖိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမြရဲ့ အကြောင်းတွေကို ကျုပ် လျှောက်တင်ရတော့တာပေါ့ဗျာ။ လူနီကလေးက ကျုပ်လျှောက်တင်သမျှကို လေးလေးနက်နက်ကိုတွေးပြီး နားထောင်နေတာဗျ။ ကျုပ်လျှောက်တင်လို့ပြီးတော့မှ လူနီလေးက ခေါင်းညိတ်ပြီး ပြောတယ်ဗျ။

"အင်း ငမြ၊ ငမြ တော်တော်ကို ဆိုးတဲ့အကောင်ပဲ၊ ငါကိုယ်တော်ကို ပေးခဲ့တဲ့ ကတိတွေ သစ္စာတွေလည်း အားလုံးမေ့သွားခဲ့ပြီကိုး၊ မောင်မင်းတာတေ အခုလည်း ငမြဟာ သူ့တစ်ပါး သားမယားကို ခိုးယူရုံမကဘဲ ပစ္စည်းဥစ္စာတွေပါ ခိုးယူပြီး လာပုန်းနေတာကွဲ့။ တစ်ခါ တစ်ခါ ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး အခြေအနေတွေကို သွားသွားစုံစမ်းတာကွဲ့၊ အင်း အင်း ကိုယ်တော်ရဲ့ပညာတွေ ပြန်သိမ်းပေးလိုက်ပါ့မယ်၊ ဒီအကောင့်ကို လူ့လောကရဲ့ တရားဥပဒေနဲ့သာ စီရင်လိုက်ပေတော့ကွယ်၊ ကဲ မောင်မင်းတာတေ ခေတ္တစောင့်ချေဦး"

လို့ ပြောပြီး ဂူကြီးထဲကို ဝင်သွားတယ်ဗျ။ ခဏကြာတော့ ပြန်ထွက်လာတယ်။ ဒီတစ်ခါတော့ လူနီလေးက ကျောက်ဖျာပေါ်မှာ မထိုင်တော့ဘဲ ကျုပ်ရှေ့အထိ လျှောက်လာတယ်။ ကျုပ်က ထိုင်ပြီး လက်အုပ်ချီထားလျက်က သူ့ကို ငုံ့ကြည့်ရတာပေါ့ဗျာ။ သူ့အရပ်က တစ်ပေလောက်ပဲ ရှိတာမို့လား။

"ဒီထဲမှာ ဆေးရည်ရှိတယ်၊ အဖုံးကိုလှည့်ဖွင့်လိုက်ပြီးရင် ရေတစ်ပုံးထဲကိုထည့်ပြီး မွှေလိုက်ပါ၊ အဲဒီရေတစ်ပုံးနဲ့ ဒီငမိုက်



www.burmeseclassic.com

www.burmeseclassic.com



သားကို ခေါင်းက ဖြိုလောင်းပစ်လိုက်၊ ငါကိုယ်တော်ပေးထားတဲ့ ပညာတွေအားလုံး ပျောက်ကွယ်သွားလိမ့်မယ်"

အစိမ်းရောင်ဘူးလေးဗျ။ သတ္တုတစ်မျိုးနဲ့ လုပ်ထားတာပဲ။ ခပ်လေးလေးကလေးပဲ။ ကျုပ် ဆေးရည်ဘူးကလေးကို ယူလိုက်တယ်။

"ဟဲ့ကောင် နက်ကျော်၊ မောင်မင်း တာတေကို မင်းပဲ ပြန်လိုက်ပို့လိုက်ပေတော့"

ခွေးနက်ကလေး နက်ကျော်က ဂူထဲကထွက်ဖို့ ပြင်နေတယ်။ ကျုပ်က လူနီကလေးကို ရိုရိုသေသေ ရှိခိုးလိုက်တယ်။

"မင်းကြီး ကျွန်တော်မျိုးကို ပြန်ခွင့်ပြုပါဘုရား"

"အေး အေး ပြန်ပေတော့ မောင်မင်း တာတေ"

ကျုပ် နက်ကျော်နောက်က လိုက်ခဲ့တယ်၊ နက်ကျော်က ကျုပ်ကို ကောင်းကောင်းမွန်မွန် လိုက်ပို့ပါတယ်။ ကျုပ် ထနောင်းကုန်းကို ရောက်တော့ ညနေ လေးနာရီတောင် ထိုးနေပြီဗျ။

"တာတေ နင် ဘယ်သွားနေတာတုံး၊ သူကြီးအိမ်က နင့်ကို လာမေးတာ သုံးခေါက်တောင်ရှိပြီ၊ နင် ဘာတွေလုပ်ထားလို့တုံး"

"ဟာ မလုပ်ပါဘူး အမေရဲ့ သူကြီးတို့ကိစ္စတစ်ခုကို ကျုပ် အကူအညီပေးဖို့ ရှိနေလို့ပါ၊ ကဲ ဒါဆို ကျုပ် တန်းသွားလိုက်တော့မယ်၊ သူကြီး မျှော်နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးအိမ်ကို ကျုပ်ရောက်တော့ လွန်ခဲ့တဲ့ နှစ်လလောက်က ရောက်လာတဲ့ စုံထောက်ကြီးသုံးယောက် ပြန်ရောက်လာကြတာဗျ။

"မောင်တာတေ၊ မင်း ဘယ်သွားနေတာတုံးကွ"

ကျုပ်က သိန်းဇော် လာပြောတာကစပြီး မဖဲဝါကို ပင့်မေးတာတွေ၊ အရှေ့ဘက် တောင်ပေါ်က တောကြီးထဲကို သွားပြီး လူနီကလေးနဲ့ တွေ့တာတွေ၊ ဆေးရည်ပေးလိုက်တဲ့ အကြောင်းတွေ၊ လူနီကလေးက သူ့တပည့် သူ့မိုက်ကို တရားဥပဒေအတိုင်း စီရင်လိုက်ဖို့ မှာတာတွေကို ပြောပြလိုက်တာပေါ့ဗျာ။ ဒီတော့မှ စုံထောက်ကြီးတွေလည်း ဝမ်းသာအားရ ဖြစ်သွားပြီး. . .

"ဒီတစ်ခါတော့ ဒီအကောင်ကို ဖမ်းနိုင်တော့မှာပေါ့ကွာ၊ ငါတို့လည်း ဒီကောင် ဒီမှာ ခိုနေတာကို သတင်းအတိအကျရလို့ လိုက်လာကြတာကွ၊ ဒါပေမဲ့ ဒီအကောင်ကို ဒီအတိုင်းဖမ်းလည်း ဘာမှထူးမှာ မဟုတ်တော့ မောင်တာတေဆီကို တိုင်ပင်ဖို့ ဝင်လာကြတာကွ၊ အခုတော့ ဟန်ကျပြီပေါ့ကွာ"

အဲဒီည ကိုးနာရီလောက်မှာ ထနောင်းကုန်းနဲ့ ဘန့်ဘွေးကုန်းက သူကြီးတွေ၊ ဆယ်အိမ်ခေါင်းတွေ အစုံအလင်နဲ့ စုံထောက်ကြီးသုံးယောက် ဦးဆောင်ပြီး ကိုကြီးဘလွင်တို့အိမ်ကို ဝိုင်းကြရောဗျို့။ ပြီးတော့ ကိုကြီးဘလွင်ရဲ့ ညော့်ညည်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ထိပ်ခတ်တော့တာပေါ့ဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

သူ့ကို လက်ထိပ်ခတ်တာကိုကြည့်ပြီး ရှမ်းလိုလို၊ တရုတ်လိုလိုလူက တဟားဟားနဲ့ အော်ရယ်တော့တာပဲဗျို့။ ဒီမှာတင်ရဲအုပ်ကြီးတွေက ဒီလူကို ခွေးခြေခုံတစ်လုံးပေါ်မှာ ထိုင်ခိုင်းပြီး ကျုပ်ကို အချက်ပြလိုက်တယ်။ ကျုပ်ကလည်း လူနီကလေး ပေးလိုက်တဲ့ ဆေးရည်ထည့်မွှေထားပြီးသား ရေပုံးကို ဆတ်ကနဲဆွဲယူပြီး မှော်ဝိဇ္ဇာဆရာမြကို ခေါင်းကနေ ဝုန်းကနဲ လောင်းချလိုက်တယ်ဗျ။

"ဟေ့ကောင်တွေ၊ ပုလိပ်တွေ မင်းတို့ ငါ့ကို ဘာလုပ်တာတုံးကွ"

"ဆရာမြ ရေတံခွန်ကြီးထဲမှာနေတဲ့ ခင်ဗျားရဲ့ဆရာ လူနီကလေး ခိုင်းတဲ့အတိုင်း ကျုပ် လုပ်ရတာပါ။ ခင်ဗျားဆရာက ခင်ဗျားကို ပေးထားတဲ့ ပညာတွေအားလုံးကို ရုပ်သိမ်းလိုက်ပါပြီ။ မယုံရင် ခင်ဗျားလက်မှာ ခတ်ထားတဲ့ လက်ထိပ်ကို ဖြုတ်ကြည့်ပေတော့"

ဆရာမြက သူ့လက်မှာ ခတ်ထားတဲ့ လက်ထိပ်ကို သူ့ပညာနဲ့ ဖြုတ်တယ်၊ မရတော့ဘူးဗျို့။ ဆရာမြ ရေပုံးကြီးကိုင်ပြီး ရပ်နေတဲ့ ကျုပ်ကို စူးစူးဝါးဝါးကြည့်ပြီး မေးကြောကြီးတွေထောင်လာအောင် အံကြိတ်လိုက်တယ်ဗျ။ ပြီးတော့မှ. . .

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သူတုံး"

"ကျုပ်က ထနောင်းကုန်းက တာတေပါ"

"သူကြီး၊ သူကြီး ဟိုကလေးမ သတိမေ့လဲသွားပြီ"

အိမ်ထဲက မိန်းမတစ်ယောက် အော်လိုက်တဲ့ အသံဗျ။ ကျုပ်က လက်ထဲက ရေပုံးကို လှမ်းပေးလိုက်တယ်။

"ရော့ ရော့၊ ဒီပုံးယူသွား၊ ပုံးထဲမှာ ကျန်နေတဲ့ ရေနဲ့ မျက်နှာကို တောက်လိုက်၊ ကောင်းသွားလိမ့်မယ်"

"ဟာ"

ကျုပ် ရေပုံးလှမ်းပေးပြီး ဆရာမြကို ပြန်လှည့်ကြည့်တော့ စောစောကလူ မဟုတ်တော့ဘူးဗျ။ အသားမည်းမည်းနဲ့ ခပ်ပိန်ပိန် လူတစ်ယောက် ဖြစ်နေတယ်။ ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ စုံထောက်ကြီးတွေလည်း အံ့သြကုန်ကြတာဗျို့။

"ဩော် ဆရာမြ၊ ဒါကမှ ခင်ဗျားရဲ့ နဂိုရုပ်ကိုးဗျ၊ ဟား ဟား၊ ဟား ခုမှပဲ ခင်ဗျားရဲ့ နဂိုရုပ်ကို မြင်ရတော့တယ်ဗျာ"

ရဲအုပ်ကြီး အောင်ဒင်လို့ခေါ်တဲ့ စုံထောက်ကြီးက တဟားဟား အော်ရယ်ရင်း ပြောလိုက်တယ်။

မှော်ဝိဇ္ဇာဆရာမြက ကျုပ်ကို အခဲမကြေတဲ့ပုံမျိုးနဲ့ ကြည့်ပြီး မေးတယ်ဗျို့။

"ဒီမှာ တာတေ၊ မင်းကို ငါ့ဆရာ လူနီကလေးဆီသွားဖို့ ဘယ်သူ လွှတ်လိုက်တာတုံး"



www.burmeseclassic.com

www.burmeseclassic.com

မဖဲဝါကိုဖမ်းမဲ့ ကာလ

"မဖဲဝါ"

ကျုပ်စကားကို ကြားတော့ ဆရာမြ အံ့ဩပြီး မျက်လုံးကြီးတွေ ပြူးသွားတယ်ဗျ။

အဲဒီညက ထနောင်းကုန်း သူကြီးရယ်၊ ဆယ်အိမ်ခေါင်းတွေရယ်၊ ကျုပ်ရယ် ထနောင်းကုန်းကို ပြန်ရောက်တော့ အရုဏ်တောင်တက်ပြီဗျ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပွားလိုက်ခြင်း

ကျုပ်တို့ရွာက ရွှေတောင်ဦးဘုရားပွဲ ပြီးသွားတာ
တစ်ပတ်ပဲ ရှိသေးတာဗျ။ ထုံးစံအတိုင်းပေါ့ဗျာ။ ဘုရားပွဲပြီးသွာ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်ကျရင် ကျုပ်တို့ရွာသားတွေ ခြေပစ်လက်ပစ်ကို ဖြစ်ကြတာဗျို့။

တာတေတို့ကာလသားပိုင်းကတော့ ပိုဆိုးတာပေါ့ဗျာ။ ဘုရားပွဲကိစ္စအကုန်လုံးမှာ ပါကြရတာမို့လား၊ ဘုရားပွဲအပြီးမှာ ရွာထဲ တိတ်ကိုနေတော့တာဗျ။ ခါတိုင်းလို ရွာထဲမှာ လတ်လျား လတ်လျား သွားနေတဲ့ကောင်တွေတောင် ပျောက်သွားတာဗျို့။

ကျုပ်လည်း ဒီအတိုင်းပါပဲဗျာ။ ရွှေတောင်ဦးဘုရားပွဲပြီး ရင် တစ်ပတ်လောက်ကို အိမ်ထဲအောင်းနေတော့တာဗျ။ ဒီလို ရက်မျိုးဆိုရင် ကျုပ်အမေကလည်း ကျုပ်ကို သေသေချာချာကို ချက်ကျွေးတာဗျ။ ဟင်းစားကို မရ,ရအောင် ရှာတယ်။ ကျုပ်က လည်း အမေချက်တဲ့ ထမင်းဟင်းကို ကောင်းကောင်းစားပြီး ကောင်းကောင်းအိပ်တော့တာပေါ့ဗျာ။

အိပ်ရေးပျက်တဲ့ညတွေက များခဲ့တော့ အိပ်ပျော်သွား ရင်လည်း ခေါင်းကို မထူနိုင်တော့ဘူးဗျာ။

နွေလေဗျာ။ အညာနွေလေ။ ပူချက်ကတော့။ ဒီရာသီ ဆိုရင် ကျုပ်တို့ဝိုင်းထဲက မန်ကျည်းပင်ကြီးက တန်ဖိုးမဖြတ်နိုင် အောင်ပေါ့ဗျာ။

မန်ကျည်းပင်အောက်က ကျုပ်အိပ်နေကျ ကွန်းသား ကွပ်ပျစ်ကြီးကလည်း တောင့်တောင့်တင်းတင်းနဲ့ဗျ။ အပေါ်မှာ အမြဲခင်းထားတဲ့ ထန်းကျောဖျာကလည်း နွေဆိုရင် အေးသား



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ လေကလေး တဖြူးဖြူးတိုက်တဲ့ရက်ဆိုရင်တော့ တာတေရဲ့ မန်ကျည်းရိပ်ဗိမာန်ဟာ လောကစည်းစိမ်ကို အပြည့်အဝခံစားရတဲ့နေရာပေါ့ဗျာ။

ဒီနေ့တော့ အမေက ဝက်သား ဆုံလာလို့ တာတေ့အကြိုက် ဝက်သားနီချက်နဲ့ ထမင်းသုံးပန်းကန် စားထားရတော့ ဗိုက်ကိုလေးပြီး မျက်စိကလည်း ခဲဆွဲထားသလိုကို လေးနေတာဗျ။

သောက်နေကျ နဂါးဆေးပေါ့လိပ်ကလေးကိုတောင် ကြာကြာမသောက်နိုင်တော့ဘူးဗျ။ ဆေးလိပ်ကို ပြာခံခွက်ကလေးထဲ ထည့်ထားလိုက်ပြီး ဝါးဘိုးခြမ်းခေါင်းအုံးပေါ်မှာ ပုဆိုးဟောင်းလေး ခေါက်ခင်းလိုက်တယ်။ ပြီးတော့ ခေါင်းချလိုက်တာနဲ့ ဘာမှမသိတော့ဘူးပေါ့ဗျာ။

"တာတေ၊ ဟေ့ကောင် တာတေ"

ခဲဆွဲထားသလိုလေးနေတဲ့ မျက်စိတွေကို မနည်းကိုမပြီး ဖွင့်လိုက်တယ်။ မထောင်ချင်တဲ့ခေါင်းကို အတင်းထူပြီး ဝိုင်းဝကို ကြည့်လိုက်တယ်။

ဝိုင်းဝမှာ ရပ်နေတာက တခြားသူ မဟုတ်ဘူးဗျ။ ကျုပ်တို့ရွာက ကိုဘသစ်ဗျ။ ကိုဘသစ်က ကျုပ်တို့ရွာတောင်ပိုင်းမှာနေတာလေဗျာ။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနဲ့ ကိုဘသစ်မှာထူးခြားတာက မျက်ခုံးတွေ။ မျက်ခုံး တော်တော်ကောင်းတဲ့လူဗျ။ ပြီးတော့ လူက လူပျိုကြီး၊ လွတ်ရိုးတဲ့လူပါဗျာ။ တာတေ့ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ခင်တာဗျ။

"ဟာ ကိုကြီးဘသစ် လာလေဗျာ"

ကျုပ်က အိပ်ချင်မူးတူးအသံနဲ့ ကိုဘသစ်ကို လှမ်းခေါ်လိုက်တယ်။

ကိုဘသစ် ခြေလှမ်းကျဲကြီးတွေနဲ့ မန်ကျည်းပင်အောက်ကို တန်းလျှောက်လာတာဗျ။

"ထိုင် ကိုကြီးဘသစ်"

ကျုပ်က အဆင်သင့်ရှိနေတဲ့ နဂါးဆေးပေါ့လိပ်ကို မီးညှိပြီး တည်လိုက်တယ်။ ပြီးတော့ အိမ်ပေါ်တက်ပြီး ရေနွေးအိုးနဲ့ လက်ဖက်သုတ် ယူလာခဲ့တယ်။

"ဘယ်လိုတုံး တာတေရဲ့၊ ဘုရားပွဲအပြီးမှာ အတော်ခင်ပန်းသွားပြီလားကွ"

"ဟုတ်တယ်ဗျ၊ ကိုကြီးဘသစ်ရ၊ အိပ်ရေးပျက်တာကများလာတော့ လူက နုံးလာတာဗျ။ အခုအိပ်တော့ အိပ်ရေးကဝတယ်လို့ကို မရှိတာဗျ။ နို့ နေပူကြီးထဲ ကိုကြီးဘသစ် လာတာကိစ္စရှိလို့လား"

"အေး. . ကိစ္စရှိလို့ကွ၊ ဒါပေမဲ့ ငါ့ကိစ္စတော့ မဟုတ်ပါဘူးကွာ၊ တောင်ဘက်ပိုင်းက ကိုထွေးမောင်ကိစ္စပါ"

"ကိုထွေးမောင်ကို မြို့ဆေးရုံ ခေါ်သွားတယ်ဆို"

"ပြန်ရောက်နေပြီကွ၊ မနေ့ကပဲ ပြန်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား၊ ကိုထွေးမောင် အခြေအနေက ဘယ်လိုတုံး ကိုကြီးဘသစ်ရဲ့"

"မြို့ဆေးရုံကလည်း ဘာမှလုပ်မပေးနိုင်ပါဘူးကွာ၊ ဒီလိုပါပဲ၊ အေး ဒါပေမဲ့ အစာသွင်းပေးဖို့ ပိုက်တွေဘာတွေတော့ တပ်ပေးလိုက်တယ်ကွ"

"ဟာ ဒုက္ခပဲဗျာ၊ လူကတော့ ပက်လက်ကြီးပဲလား"

"အေးပေါ့ကွ၊ ဒီအတိုင်း ပက်လက်ကြီးပဲ၊ ပိုက်ကနေ စွတ်ပြုတ်အရည် သွင်းပေးရမယ်တဲ့ကွ"

"နို့ နေပါဦး ကိုကြီးဘသစ်ရဲ၊ ကိုထွေးမောင်က အရင်တုန်းက မေ့လဲတာတို့ ဘာတို့ ဖြစ်ဖူးလို့လား"

"မဖြစ်ဖူးပါဘူးကွာ၊ မင်းလည်း မြင်သားပဲ၊ ကိုထွေးမောင်က သန်သန်မာမာကြီးပဲဟာ၊ ဒီရွာမှာ သူနဲ့ယှဉ်ပြီး တုတ်ဆွဲနိုင်တဲ့သူ ရှိတာမှ မဟုတ်တာ၊ လွတ်သန်တဲ့လူကွ"

"သူ အခုလို သတိမမေ့ခင်က ထူးထူးခြားခြား ဘာဖြစ်တတ်တုံးဗျ"

"ဘာမှမဖြစ်ဖူးပါဘူးတဲ့ကွာ၊ ပုံမှန်အတိုင်း သွားလာနေတာပါပဲတဲ့၊ မနက်မိုးလင်းလို့ အိပ်ရာထမလာတော့ သွားနှိုးကြည့်တဲ့အခါကျမှ သူ သတိလစ်နေတာကို သိကြတာကွ၊ အဲဒီကတည်းက ဒီအတိုင်း ပက်လက်ပဲ၊ အသက်ကတော့ ရှူးရှူးနဲ့ ရှူနေတာပဲ၊ လူကောင်းတစ်ယောက် အိပ်နေသလိုပါပဲကွာ"

www.burmeseclassic.com



"ဘယ်လောက်ရှိသွားပြီတုံးဗျ"

"တစ်လလောက်တော့ ရှိရောပေါ့ကွ"

ကိုထွေးမောင်လည်း ကိုဘသစ်လို လူပျိုကြီးပဲဗျ။ ကိုဘသစ်နဲ့လည်း တော်တော်လေးခင်ကြတယ်။

"ထူးခြားတာဆိုလို့ ကိုထွေးမောင်မှာ တစ်ခုပဲ ရှိတယ်ကွ၊ ဒီကောင်က ညအိပ်ရင် အိပ်မက် သိပ်မက်တာ"

"ဗျာ. . . အိပ်မက် မက်တယ်ဟုတ်လား၊ ဟာ ကိုကြီးဘသစ်ကလည်း အိပ်မက်ကတော့ လူတိုင်း မက်ကြတာပေါ့ဗျာ၊ သတိလစ်နေတာနဲ့ အိပ်မက် မက်တာနဲ့တော့ မဆိုင်ဘူး ထင်ပါတယ်"

"အေး. . . ဆိုင်တော့ မဆိုင်ဘူးပေါ့ကွာ၊ ဒါပေမဲ့ အိပ်မက် သိပ်မက်လွန်းတော့ အာရုံကြောတွေ ဘာတွေ ထိခိုက်ပြီး အခုလိုဖြစ်သွားသလားလို့ပါကွာ၊ ဒါလည်း တွေးကြည့်ရတာပေါ့ တာတေရာ"

"အိပ်မက် မက်တာ ဘာမှမဖြစ်နိုင်ပါဘူး ကိုကြီး ဘသစ်ရာ၊ ကျုပ် မြို့ကျောင်းမှာ နေတုန်းက ကျုပ်သူငယ်ချင်း ချစ်ထွန်းဆိုတဲ့ကောင် ပြောပြတယ်ဗျ။ သူက ငယ်ငယ်ကတည်းက တစ်ညကို အိပ်မက်သုံးခါ မက်တယ်ဆိုပဲ။ သူ့မိဘတွေက စိုးရိမ်လို့ ဆရာဝန်တွေ ဘာတွေနဲ့ ရန်ကုန် သွားပြကြတယ်။ ဒါပေမဲ့ ဒီကောင်ချစ်ထွန်းက အိပ်မက် မက်မြဲမက်တာပါပဲဗျာ။ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မထူးပါဘူး။ ချစ်ထွန်းလည်း ဘာမှဖြစ်တာတော့ မတွေ့ပါဘူး။

"ဒါပေမဲ့ကွ တာတေရ၊ ကိုထွေးမောင်က ငါ့ကို တစ်ခါ နှစ်ခါ ပြောဖူးတယ်ကွ၊ သူ အိပ်မက် မက်တာက တစ်မျိုးပဲတဲ့။ အိပ်မက်တစ်နေရာရာကို ရောက်သွားတယ်ဆိုရင်လည်း တကယ်ရောက်သွားသလိုကို ခံစားရတာတဲ့ကွ၊ အဲဒီနေရာမှာ တွေ့ကြုံနေရတာတွေဟာ တကယ်ဖြစ်တာလိုကို ခံစားရတာဆိုပဲ ကွ"

"အင်း ဒါလည်း အိပ်မက်ကို မှတ်မိနေတာပဲ ဖြစ်မှာပါ ကိုကြီးဘသစ်ရာ"

"ဟော့ကောင် ဘသစ် ငါတို့က မင်းအိမ်တောင် ဝင်မေး ခဲ့သေးတယ်၊ လက်စသတ်တော့ မင်းက ဒီရောက်နေတာကိုး"

ပြောပြောဆိုဆိုနဲ့ ဝိုင်းထဲ ဝင်လာကြတာက ကိုဘသစ် တို့တောင်ပိုင်းက ကိုကြီးထွန်းဖေနဲ့ ကိုကြီးဖိုးထောင်တို့ဗျ"

"ဟာ လာကြဗျာ၊ ကိုကြီးထွန်းဖေနဲ့ ကိုကြီးဖိုးထောင်"

ကျုပ် ကွပ်ပျစ်က ကျယ်တော့ အားလုံးကွပ်ပျစ်ပေါ်မှာပဲ ဝိုင်းထိုင်လိုက်ကြတယ်။

"မင်းတို့နှစ်ယောက် တိုးတိုး တိုးတိုးနဲ့ ဘာတွေတိုင်ပင် နေကြတာတုံးကွ"

ကိုဖိုးထောင်ကြီးက ကျုပ်တို့ကို နောက်သလို မေးသယ်။

"ကိုထွေးမောင်အကြောင်း ပြောနေကြတာပါ ဖိုးထောင်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ငါတို့လည်း အဲဒီအကြောင်း ပြောချင်လို့ တာတေ့ဆီကို လာကြတာကွ"

"ဟေ ဟုတ်လား ဖိုးထောင်၊ ဘာများထူးခြားတာ ရှိလို့တုံး"

"ထူးတယ်လို့တော့ မဟုတ်ပါဘူး ဘသစ်ရာ၊ ဒါပေမဲ့ တိုထွေးမောင် ဖြစ်နေတဲ့ပုံစံဟာ ရိုးမှရိုးရဲ့လားဆိုတာ တွေးမိကြလို့ပါ။ တာတေကတော့ ဒါမျိုးတွေ အတွေ့အကြုံရှိတဲ့သူ မဟုတ်လား ဘသစ်ရဲ့၊ အဲဒါ တာတေ့အနေနဲ့ နည်းနည်းပါးပါး စစ်ဆေးကြည့်ရင် ကောင်းမလားလို့ လာပြီးတိုင်ပင်တာပါကွာ"

"ကျုပ်စိတ်ထင်တာတော့ ဦးနှောက်တို့ အာရုံကြောတို့ တစ်ခုခုဖြစ်သွားတယ် ထင်တာပဲဗျာ"

ကိုထွန်းဖေကြီးက ပြောတာဗျ။

"ထွန်းဖေရ သူတို့လည်း ရန်ကုန်အထိသွားပြီး သေသေချာချာကို စမ်းသပ်ခဲ့တာပဲကွ၊ ဘာရောဂါမှ မရှိဘူးလို့ ရန်ကုန်က ပြောလိုက်တော့ ဘာဆက်လုပ်ရမှန်း မသိကြတော့ဘူးပေါ့ကွ"

သူတို့ပြောဆိုနေတာတွေကို ကျုပ်လည်း တွေးနေတာပဲ ဗျ။ ရန်ကုန်ဆေးရုံက ဘာရောဂါမှ မရှိဘူးဆိုတော့လည်း ခေါင်းစားရကျုပ်တော့တာပေါ့ဗျာ။ ဒီတော့လည်း ကိုဘသစ်တို့၊ ကိုဖိုးထောင်တို့ တွေးတာ ဟုတ်တာပေါ့ဗျာ။ ဒီကိစ္စက ရိုးမှ ရိုးရဲ့ လားပေါ့။ ရိုးသလား၊ မရိုးဘူးလားဆိုတာတော့ ကျုပ်လည်း

www.burmeseclassic.com



ဘယ်လိုမှကို မသိနိုင်တာပါဗျာ။

ကျုပ်တို့လေးယောက်လည်း ဟိုပြော ဒီပြောနဲ့ ဘာအဖြေမှထွက်မလာဘဲ နောက်ဆုံးတော့ ကိုထွေးမောင်တို့အိမ်ကို ကျုပ်တို့ ရောက်သွားရောဗျို့။ အိမ်အလယ်ခန်းမှာ ကိုထွေးမောင်က ဆန့်ဆန့်ကြီးဗျ။ သူ့ခေါင်းမှာတော့ အစာသွင်းတဲ့ပိုက်တပ်လို့ဗျို့။ ကျုပ်တို့လည်း ကိုထွေးမောင်ရဲ့ဘေးမှာထိုင်ပြီး သူ့အိမ်သားတွေနဲ့ စကားပြောရင်း လူမမာသတင်း မေးဖြစ်ရတာပေါ့ဗျာ။

ကိုထွေးမောင်က အသက်လည်း မှန်မှန်ရှူနေတာဗျ။ လူတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသလိုပါပဲဗျာ။ ဒါပေမဲ့ အခုလို သတိလစ်နေတာကတော့ တစ်လကျော် နှစ်လလောက်ရှိပြီဗျ။

ကျုပ်တို့လည်း ဘာလုပ်ရမှန်း မသိဘဲ အိပ်ပြန်ခဲ့ရတာပေါ့ဗျာ။ လမ်းရောက်တော့ ကျုပ်က ကိုဘသစ်တို့ကို ပြောတယ်။

"ကဲ ကိုကြီးဘသစ်တို့ ကိုကြီးဖိုးထောင်တို့ ကျုပ် ဒီည အလုပ်တစ်ခု လုပ်ကြည့်ဦးမယ်ဗျာ"

"ဟာ လုပ်စမ်းပါ တာတေရာ၊ ငါ ကိုထွေးမောင်ကို ကြည့်ရတာ စိတ်မကောင်းလွန်းလို့ပါကွာ"

"အေးဗျာ ထူးခြားရင်တော့ ကျုပ် ကိုကြီးဘသစ်တို့ကို ပြောပါ့မယ်"

"အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ တာတေရေ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နဲ့ လူချင်းခွဲပြီး ကျုပ် အိမ်ပြန်ခဲ့တယ်။ အိမ်ရောက်တော့ ကိုထွေးမောင်တို့အိမ်ရောက်တဲ့အကြောင်း၊ ကိုထွေးမောင် အကြောင်းတွေကို ကျုပ်က ပြောပြတော့ အဘနဲ့ အမေက စိတ်မကောင်းဖြစ်ကြတာပေါ့ဗျာ။

ညအိပ်ခါနီးကျတော့ ကျုပ် လွယ်အိတ်ထဲက မဖဲဝါရုပ်ကလေးကို ထုတ်လိုက်တယ်။ မဖဲဝါက သူ့ရဲ့ကိုယ်ခွဲရုပ်ကလေး ကျုပ်ကို အပ်တုန်းက ဘယ်သူ့ကိုမှ မပြရဘူးလို့ သေသေချာချာ မှာထားတာလေဗျာ။ ဒါကြောင့် ဒီအရုပ်ကလေးကို ကျုပ် သေသေချာချာ သိမ်းထားရတာဗျ။

ကျုပ် မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး ပြောလိုက်တယ်။

"မဖဲဝါ ကိုထွေးမောင် ဘာဖြစ်တာလဲဆိုတာ ကျုပ် သိပ်သိချင်တယ်။ ကျုပ် ကူညီနိုင်တဲ့ကိစ္စဆိုရင်လည်း ကူညီချင်ပါတယ်ဗျာ။ ဒီအစ်ကိုကြီးတွေက ကျုပ်ငယ်ငယ်ကတည်း ကျုပ်ကို ထိန်းကျောင်းလာခဲ့တဲ့လူတွေဗျ မဖဲဝါရဲ့၊ ကျုပ် တော်တော်စိတ်မကောင်းဖြစ်မိတယ်ဗျာ။

"ဘာဖြစ်တာလဲဆိုတာ ကျုပ်ကို ဒီည အိပ်မက်ပေးပြီး ပြောပါ၊ သချိုင်းရှင်မ မဖဲဝါ"

အရုပ်ကလေးကို ကျုပ် ခေါင်းအုံးအောက်မှာထည့်ပြီး အိပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ၊ ဝေါ၊ ဝေါ"

ဟာ လေတွေ တိုက်လိုက်တာဗျာ။ ပြတင်းပေါက်က ခန်းဆီးစတွေတောင် လွင့်ပျံနေပြီဗျို့။

"ဖလပ်၊ ဖလပ်၊ ဖလပ်"

ငှက်တွေထပြီးပျံတဲ့ အသံလည်း ကြားရတယ်။ အပြင်ဘက်ကို ကြည့်လိုက်တော့ မှောင်ပိန်းနေတာဗျ။ ကျုပ်က စားပွဲခုံ အဝိုင်းကလေးတစ်လုံးဘေးက ကုလားထိုင်တစ်လုံးမှာ ထိုင်နေတာဗျ။ အိမ်ကြီးက တော်တော်ကျယ်တယ်။ ဒါ ကျုပ်တို့အိမ် မဟုတ်ဘူးဗျ။ ကျုပ်က အိမ်ကြီးထဲကို ဟိုကြည့်၊ သည်ကြည့် လိုက်ကြည့်မိတယ်။ မီးရောင်မှိန်မှိန်ကလေးက အိမ်ကြီးတစ်အိမ် လုံးကို လင်းနေတာဗျ။ ဒါပေမဲ့ ဒီမီးရောင်က ဘယ်ကလာတာ မှန်း ကျုပ် မသိဘူး။ မှန်အိမ်ထွန်းထားတာလည်း ကျုပ် မတွေ့ ဘူး။ ဖယောင်းတိုင်ထွန်းထားတာလည်း ကျုပ် မတွေ့ဘူးဗျ။ တစ်အိမ်လုံးတော့ မီးရောင်ဖျော့ဖျော့ကလေး လင်းနေတာ သေချာတယ်။

ကျုပ်အိမ်ကြီးထဲကို လျှောက်ကြည့်ပြီး ကျုပ်ဘေးကို လှည့်ကြည့်လိုက်တော့ စားပွဲဟိုဘက်က ကုလားထိုင်မှာ ကောင်မလေးတစ်ယောက် ထိုင်နေတယ်။ ဘယ်တုန်းက ရောက် လာပြီး ထိုင်နေတာလဲတော့ မသိဘူးဗျ။ သူနဲ့ မနီးမဝေးမှာ ခွေး နက်ကလေးတစ်ကောင်က ဝပ်နေတယ်ဗျ။ ခွေးရဲ့မျက်လုံးတွေ

www.burmeseclassic.com



က ကျုပ်ကို စိုက်ကြည့်နေလိုက်တာ။ ကျုပ်ဖြင့် ကြက်သီးတွေ တဖျန်းဖျန်း ထသွားရောဗျို့။

ဒီကောင်မလေးကို ကျုပ် သိတာပေါ့ဗျာ။ သူ့ကို ဘန့်ဘွေးကုန်းနားမှာ တစ်ခါတွေ့ဖူးတယ်။ အိပ်မက်ထဲမှာ မြင်နေကျ မဖဲဝါပေါ့ဗျာ။

ကျုပ်ကို မဖဲဝါက အိပ်မက်ပေးတိုင်း ကျုပ်နဲ့ ရှယ်တူ ဒီကောင်မလေးပုံကို အမြဲဖန်ဆင်းပြတာဗျ။

ဟိုဘေးကခွေးကလည်း မဖဲဝါရဲ့ ခွေးနက်ကြီးမှန်း ကျုပ် သိတာပေါ့ဗျာ။

"တာတေ နင်ပြောတဲ့ ထွေးမောင်က လူထူးလူဆန်းဟဲ့၊ ဒီအကောင်က မွေးကတည်းက ပါလာတာ၊ ဘာလဲ နင်သိလား"

ကျုပ်က ခေါင်းခါပြလိုက်တယ်။ ဒီတော့မှ ကောင်မလေးရဲ့ခေါင်းမှာ ပန်းပွင့်ဝါဝါလေးတစ်ပွင့် ပန်ထားတာကို ကျုပ် သတိထားမိတော့တယ်။

"ကိုယ်ပွားထုတ်နိုင်တာဟဲ့ တာတေရဲ့"

"ဗျာ. . . ကိုယ်ပွားထုတ်နိုင်တယ် ဟုတ်လား"

"အေး ဟုတ်တယ်၊ သူဟာသူ ထွက်သွားတာ၊ ထွေးမောင် ထုတ်တာ မဟုတ်ဘူး။ ဒီအကြောင်းကို သူတောင် မသိဘူး။ သူက အိပ်မက်လို့ပဲ ထင်နေတာ"

"ဟာ ဒါဆိုရင် အခုလည်း ကိုထွေးမောင်ရဲ့ ကိုယ်ပွား



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာပေါ့ ဟုတ်လား မဖဲဝါ"

"အေး ဟုတ်တယ်"

"နေပါဦးဗျ၊ ကိုယ်ပွားထွက်သွားရင် ပြန်ရောက်လာမှာ ပေါ့၊ အခုဟာက တစ်လကျော် နှစ်လ ရှိနေမှပဲ၊ ဘယ်လိုဖြစ် တာတုံး"

"တခြားဘုံတစ်ခုကို ရောက်သွားတာကိုး"

"ဗျာ တခြားဘုံကို ရောက်သွားတာ ဟုတ်လား မဖဲဝါ"

"အေး. . . ဟုတ်တယ် တာတေ"

"ဒါဆိုရင် ဘယ်ဘုံကို ရောက်သွားတာတုံးဗျ"

"နတ်ဘုံတော့ နတ်ဘုံပဲ၊ ဒါပေမဲ့ နတ်ဆိုးတွေရဲ့ဘုံကို ရောက်သွားတာ"

"ဟာ ဒုက္ခပါပဲဗျာ၊ ဒါဆိုရင် ပြန်လာလို့ ရပါဦးမလား မဖဲဝါရယ်"

"နင် လိုက်ခေါ်လိုက်ပေါ့ တာတေရဲ့"

"ဗျာ ကျုပ် လိုက်ခေါ်ရမယ် ဟုတ်လား၊ ကျုပ်က နတ်ဆိုးတွေ နေတဲ့ဘုံကို ဘယ်လိုလိုက်ရမှာတုံးဗျ မဖဲဝါရဲ့"

"ဟဲ့ တာတေ၊ နင် ကိုယ်ပွား ကောင်းကောင်းထုတ်တတ် တယ်မဟုတ်လား၊ နင်နဲ့ ဘချစ် ငယ်ငယ်ကတည်းက လုပ်နေ အလုပ်မဟုတ်လား၊ အဲဒီအတိုင်းလုပ်ပြီး နင်လိုက်သွားပေါ့"

"လိုက်တာကတော့ ဟုတ်ပါပြီ၊ ဟိုကျနော့ ကိုဘ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲ့ ကိုယ်ပွားကို တွေ့ပါ့မလားဗျ။ ပြီးတော့ ဒီလူက ဘာဖြစ်လို့ ပြန်မလာရတာတုံး"

"ဟဲ့ တာတေ၊ ထွေးမောင်ရဲ့ ကိုယ်ပွားကို နတ်ဆိုးတွေ ဖမ်းထားတာဟဲ့၊ ဒါကြောင့် ပြန်လို့မရတာ"

"ဗျာ. . . ဒါဆိုရင် ကျုပ်လိုက်သွားတဲ့အခါ ကျုပ်ကိုပါ ဖမ်းထားရင် ကျုပ်ပါ ပြန်လို့မရဘဲ ဖြစ်မှာပေါ့ဗျ မဖဲဝါရဲ့"

"ဟိုရောက်ရင် နင် နတ်ဆိုးတွေရဲ့ အရှင်သခင်နဲ့ တွေ့ရမှာပဲ၊ အဲဒီကျရင် ကုဝေရနတ်မင်းကြီးရဲ့ ကျေးတော်မျိုး၊ ကျွန်တော်မျိုး မဖဲဝါ လွှတ်လိုက်တာပါလို့ နင်ပြောလိုက်၊ ထွေးမောင်ကို ပြန်ခေါ်ဖို့ မဖဲဝါ လွှတ်လိုက်တာပါလို့ပြော။ ထွေးမောင်ရဲ့ ကိုယ်ပွားက သူတို့ဘုံကို တမင်လာတာ မဟုတ်ဘဲ သူ့အလိုလို ရောက်လာတဲ့အကြောင်း ပြောပြပါ။ သူတို့ ထွေးမောင်ကို ပြန်ထည့်ပေးလိုက်လိမ့်မယ်။ ဒီတော့ ပြန်လာခဲ့ကြပေါ့"

"ကျုပ်က အဲဒီဘုံကိုရောက်အောင် ဘယ်လိုသွားရမှာတုံး မဖဲဝါ"

"နင် ထွေးမောင်ဘေးမှာ လှဲအိပ်ပြီး သူ့ရင်ညွှန့်ကို ထိထား၊ သူ့ရဲ့ ငွေကြိုးက အဲဒီဘုံကို တန်းနေတာ၊ နင်လည်း အဲဒီကြိုးအတိုင်း ပါသွားပြီး ထွေးမောင် ရောက်နေတဲ့ဘုံကို ရောက်သွားလိမ့်မယ်"

"ဩော် ဒီလိုလား၊ ကောင်းပြီလေ၊ ကျုပ် လိုက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် လန့်နိုးသွားတယ်ဗျို့။ ကျုပ် နိုးသွားတဲ့အချိန်မှာ အမေက အိပ်ရာထဲက လှမ်းမေးနေတာဗျ။

"တာတေ ဘာတွေယောင်နေတာတုံး၊ ဝူးဝူးဝါးဝါးနဲ့"

"ဗျာ. . . အင်း အိပ်မက် မက်နေတာပါ အမေရာ"

ခဏနေတော့ ကျုပ် ပြန်ပြီးအိပ်ပျော်သွားတယ်။ မနက်နေတော်တော်မြင့်မှ နိုးတော့တာဗျို့။ ကျုပ်အိပ်ရာကနိုးတော့ မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကို သေသေချာချာ ပြန်သိမ်းလိုက်တယ်။

ပြီးတော့ ကျုပ် စဉ်းစားတယ်။ ကိုထွေးမောင်နောက်ကို ကျုပ် ကိုယ်ပွားထုတ်ပြီး လိုက်သွားလို့ ဖြစ်ပ့ါမလားလို့ ကျုပ် တွေးနေတာဗျ။ ဟိုရောက်လို့ မဖဲဝါ ပြောသလို ရှောရှောရှူရှူ မဖြစ်ရင် ဘယ့်နှယ်လုပ်မှာတုံး။ ကျုပ်ပါ ပြန်ရောက်မလာရင် ကျုပ်တို့နောက်ကို ဘယ်သူလိုက်လာမှာတုံး။ ဒါပေမဲ့ မလိုက်ရင်လည်း ကိုထွေးမောင် ပြန်ရောက်လာမှာ မဟုတ်တော့ဘူး ထင်တယ်။

ကျုပ်ဗျာ ကျုပ်သူငယ်ချင်း ဘချစ်ကို သတိရလိုက်တာ။ အခုအချိန်မှာ ဘချစ်သာ ရှိရင် သိပ်ကောင်းမှာလို့ ကျုပ် တွေးနေမိတယ်။

ခင်ဗျားကို ကျုပ် ပြောပြရဦးမယ်ဗျ။

ကိုယ်ပွားဆိုတာ ခင်ဗျားကိုယ်ထဲက ထွက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပဲဗျ။ ခင်ဗျားရဲ့ ခန္ဓာကိုယ်က ဒီနေရာမှာ အိပ်ပျော်ပြီး တျန်ရစ်ခဲ့ပေမယ့် ခင်ဗျားရဲ့ ကိုယ်ပွားက ခင်ဗျားစိတ်ညွှတ်လိုက် တဲ့နေရာကို ရောက်သွားတာ။

ခင်ဗျားရဲ့ ခန္ဓာကိုယ်ကနေ ကိုယ်ပွား ထွက်သွားရင် ခင်ဗျားခန္ဓာကိုယ်ရဲ့ ရင်ညွန့်တည့်တည့်ကနေ ငွေရောင်ကြိုးမျှင် လေးက ခင်ဗျားကိုယ်ပွားနောက်ကို ပါသွားရောဗျ။ အဲဒီ ငွေရောင်မျှင်လေးက ဘာအကြောင်းနဲ့မှ ပြတ်မသွားနိုင်ဘူး။ ခင်ဗျားရဲ့ ခန္ဓာကိုယ်ထဲကို ခင်ဗျားပြန်ဝင်တဲ့အခါ အဲဒီငွေကြိုး လေးအတိုင်း ပြန်ဝင်လာတာဗျ။

ကိုယ်ပွားထုတ်ကာစမှာ သိပ်ညင်သာမှု မရှိသေးတော့ ကိုယ်ထဲကို ပြန်အဝင်မှာ လန့်သွားတတ်တယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ ကိုယ်ပွားက အဝင်အထွက် လုပ်တာများလာလို့ ရှိရင်တော့ မလန့်တော့ပါဘူး။ လူတစ်ယောက် အိပ်ရာက နိုးသလို နိုးလာ တာပေါ့ဗျာ။

မဖဲဝါ ကျုပ်ကို ပြောတာက ကိုထွေးမောင်ရဲ့ ငွေကြိုး လေးအတိုင်း လိုက်သွားဖို့ဗျ။ ဘချစ်နဲ့ မတွေ့တော့ကတည်းက ကိုယ်ပွားထုတ်တာကို ကျုပ် မလုပ်တော့တာ တော်တော်တောင် ကြာပြီဗျ။

ဒီအကြောင်းတွေနဲ့ ဘချစ်အကြောင်းကို သေသေချာချာ သိချင်ရင်တော့ ကျုပ်ရေးခဲ့တဲ့ 'ကာဝေပျံ' စာအုပ်ထဲက 'ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပွား’ ဆိုတဲ့ ဝတ္ထုတိုလေးမှာ ဖတ်ကြည့်ပေါ့ဗျာ။

နောက်ဆုံးတော့ ကျုပ် ဆုံးဖြတ်လိုက်တယ်။ ကျုပ် ကိုထွေးမောင်ရဲ့ ကိုယ်ပွားနောက်ကို လိုက်မယ်။ ပြီးရင် ကိုထွေး မောင်ရဲ့ကိုယ်ပွားကို ကျုပ် ပြန်ခေါ်လာခဲ့မယ်။ ဘာတွေဖြစ်မလဲ တော့ မသိဘူးပေါ့ဗျာ။ ဖြစ်ချင်ရာ ဖြစ်တော့ဗျာ။ တာတေဆိုတဲ့ ကျုပ်က ဆုံးဖြတ်ပြီးရင်တော့ နောက်ဆုတ်တဲ့ကောင် မဟုတ်ဘူး ဗျို့။

ဒီည ကျုပ် ကိုထွေးမောင်ရဲ့ကိုယ်ပွားနောက်ကို လိုက် မယ်။ ဒီအတွက် အစောင့်ချဖို့ လူရွေးရမယ်။ ကိုဘာသစ်၊ ကိုထွန်း ဖေ၊ ကိုဖိုးထောင်နဲ့ သူ့ညီ ကုလားရွှေလို့ခေါ်တဲ့ အောင်ရွှေကို ခေါ်လိုက်တယ်။

ကိုထွေးမောင်တို့ ဝိုင်းထဲမှာက အိမ်နှစ်လုံး ရှိတာဗျ၊ ကိုထွေးမောင်တို့ ဘွားကြီး ရှိတုန်းက ဝိုင်းထဲမှာ သစ်သား တစ်ထပ်အိမ်ကလေး သပ်သပ်ဆောက်ပြီး နေတာဗျ။ အခု အဲဒီ ဘွားမယ်ခကြီး မရှိကတည်းက အဲဒီအိမ်လေးကို ပိတ်ထားလိုက် တာ။ ကျုပ်က အဲဒီအိမ်လေးမှာ အလုပ်လုပ်ဖို့ ရွေးလိုက်တယ်။

ဆန့်ဆန့်ကြီး အိပ်နေတဲ့ ကိုထွေးမောင်ကို ကျုပ်တို့မပြီး အိမ်ကလေးထဲကို ရွှေ့လိုက်တယ်။ ကိုထွေးမောင်ရဲ့ အစ်မတွေ မိဘတွေကလည်း ဒီည ကိုထွေးမောင်နောက်ကို တာတေလိုက် မယ်ဆိုလို့ အံ့သြပြီး ဝမ်းသာနေကြတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုတော့ ဝိညာဉ်လိုပဲ ပြောထားရတာပေါ့လေ၊ ဝိညာဉ်လိုက်ခေါ်မယ်ဆိုတော့ သူတို့ အရမ်းကို အံ့ဩကြတာပေါ့ဗျာ။

ကျုပ်ကတော့ ကိုကြီးဘသစ်တို့၊ ကိုကြီးထွန်းဖေတို့ကို သေသေချာချာ မှာရတာဗျ။ ကျုပ်ကိုယ်ပွားထုတ်သွားတဲ့အချိန်မှာ အိမ်တံခါးကို ပိတ်ထားဖို့ အနီးအနားကို ဘယ်သူ့ကိုမှ အလာမခံဖို့။ နောက်ဆုံး ခွေးတွေ ကြောင်တွေကိုတောင် အလာမခံဖို့။

နောက်ပြီး ဘာအကြောင်းရှိရှိ လာမနှိုးဖို့၊ ဆူဆူညံညံ အသံမလုပ်ဖို့တွေကို ကျုပ် သေသေချာချာ မှာရတာပေါ့ဗျာ။

အဆင်မသင့်ရင် ကျုပ်ရော ကိုထွေးမောင်ရော ပြန်ရောက်လာမှာ မဟုတ်တော့ဘူးဗျ။

အားလုံးစီစဉ်ပြီးတော့ ညကိုးနာရီမှာ ကျုပ် ကိုထွေးမောင်တို့ဝိုင်းကို ပြန်ရောက်လာတယ်။ ကိုဘသစ်တို့ အုပ်စုကလည်း ဝါးရင်းတုတ်တွေနဲ့ ကျုပ်ကို ကင်းစောင့်ပေးဖို့ အဆင်သင့်ဖြစ်နေပြီဗျ။ ဝိုင်းတစ်ခုလုံးလည်း တိတ်ဆိတ်နေအောင် လုပ်ထားကြတယ်ဗျို့။ အိမ်လေးထဲမှာတော့ မှန်အိမ်တစ်လုံး ထွန်းထားတယ်။

ကျုပ် အိမ်ကလေးထဲကိုဝင်ပြီး တံခါးပိတ်လိုက်တယ်။ မှန်အိမ်ကို မှိတ်လိုက်ပြီး ဘုရားရှိခိုးတယ်။

ကျုပ်ဘေးမှာတော့ လူသေကြီးလို ဆန့်ဆန့်ကြီးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကိုခထွေးမောင်ကြီးက တရှုးရှုးနဲ့ အိပ်နေလေရဲ့။

ကျုပ် သူ့ဘေးမှာယှဉ်ပြီး အိပ်လိုက်တယ်။ ကျုပ်ရဲ့ ညာဘက်လက်ကို ကိုထွေးမောင်ရဲ့ ရင်ညွန့်ပေါ်မှာ အုပ်ထားလိုက်တယ်။ ပြီးတော့ ကျုပ် ကိုထွေးမောင်ဆီကို စိတ်ညွတ်ပြီး အိပ်လိုက်တယ်။

ကျုပ်က ကိုယ်ပွားထုတ်တာကို အကြိမ်ကြိမ် လေ့ကျင့်ဖူးတာဗျ။ ဒီတော့ ချက်ချင်းအိပ်ပျော်သွားတာပေါ့ဗျာ။

မီးတွေ လင်းထိန်နေတဲ့ အဆောက်အဦကြီးထဲကို ကျုပ်ရောက်သွားတာဗျ။ အလင်းရောင်တွေမှ ထိန်နေတာပဲ။ ကျုပ်အဆောက်အဦကြီးထဲကို လှည့်ပတ်ပြီး လိုက်ကြည့်တယ်။ ဘာက ဘယ်လိုလင်းနေမှန်းတော့ မသိဘူး။ ဘာမီးမှလည်း ထွန်းထားတာ မတွေ့ဘူး။ လင်းတာကတော့ ထိန်နေတာပဲဗျ။

ကျုပ်အဆောက်အဦကြီးထဲကို လျှောက်ကြည့်နေတာလူနဲ့တူတာဆိုလို့ တစ်ယောက်မှကို မတွေ့တာဗျ။ ကျုပ်စိတ်ထင်တော့ ဒါဟာ အိပ်တဲ့အချိန်မို့လို့ အိပ်နေတာလို့ပဲ ထင်တာပေါ့ဗျာ။ အဆောက်အဦကြီးတစ်ခုလုံးကတော့ အုတ်နဲ့ ဆောက်ထားတာဗျ။

ဟော ရှေ့မှာ အခန်းတစ်ခန်းဗျ။ အခန်းထဲမှာလည်း လင်းနေတာပဲ။ ကျုပ် အခန်းဝကနေ အထဲကို ခေါင်းဝင်ပြီး ကြည့်လိုက်တယ်။ အိပ်ရာတစ်ခုဗျ။ အပေါ်မှာ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေတယ်။ ကျုပ်အခန်းထဲကို ဝင်သွားပြီး အိပ်နေတဲ့လူကို ငုံ့ကြည့်လိုက်တယ်။

"ဟာ ကိုကြီးထွေးမောင်ပါလား"

ကျုပ် ချက်ချင်းပဲ ကိုကြီးထွေးမောင်ကို လှုပ်နှိုးလိုက်တယ်။

"ကိုကြီးထွေးမောင်၊ ကိုကြီးထွေးမောင်"

ကိုထွေးမောင်ကြီးက ချက်ချင်းပဲ လူးလွန့်ပြီး ထလာတယ်။ ကျုပ်ကို တွေ့လိုက်တော့ သူ အတော့်ကို အံ့သြနေတာဗျ။

"တာတေ မင်း တာတေ မဟုတ်လား၊ ထနောင်းကုန်းက တာတေမို့လား"

ကျုပ် ခေါင်းညိတ်ပြလိုက်တယ်။

"ဟာ တာတေရာ၊ ငါ ဝမ်းသာလိုက်တာကွာ၊ ငါ ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေတာတုံး"

"ကိုကြီးထွေးမောင်ရဲ့ ကိုယ်ပွားထွက်သွားတာဗျ"

ကျုပ်စကားကို ကြားတော့ ကိုထွေးမောင်က အံ့သြပြီး ကျုပ်ကို ကြည့်နေတာဗျ။

"ဘယ်. . . ဘယ်လိုကွ တာတေ၊ ငါ့ကိုယ်ပွား ဟုတ်လား၊ ငါ့မှာ ကိုယ်ပွားမှ မရှိတာ၊ ငါက ငါတစ်ယောက်တည်းပဲ ရှိတာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်ဘူး ကိုကြီးထွေးမောင်ရဲ့၊ လူတိုင်းမှာ ကိုယ်ပွားဆိုတာ ရှိတယ်ဗျ၊ ကျုပ်က အဲဒီကိုယ်ပွားကို ထုတ်နိုင်အောင် တော်တော်လေ့ကျင့်ယူရတာဗျ။ ကိုကြီးထွေးမောင်ကျတော့ မွေးရာပါလို့ ပြောရမှာပေါ့ဗျာ။ ကိုကြီးထွေးမောင်ရဲ့ ကိုယ်ပွားက အလိုလို ထွက်ထွက်သွားနေတာဗျ"

"ဟေ ဟုတ်လား၊ အေး မင်းပြောတာ ဟုတ်မယ်ကွ တာတေရ၊ ငါ ငယ်ငယ်ကတည်းက အိပ်မက် မက်ရင် တကယ်ဖြစ်သလိုကို မက်တာကွ၊ ငါက ငါ တကယ်ရောက်သွားတာလို့ မသိဘူး။ အိပ်မက်လို့ပဲ ထင်နေတာ"

"မဟုတ်ဘူး ကိုကြီးထွေးမောင်၊ အဲဒါ ကိုယ်ပွားထွက်သွားနေတာဗျ"

"နို့ နေပါဦး တာတေရဲ့၊ မင်းနဲ့ငါ အခုရောက်နေတဲ့ နေရာက ဘယ်နေရာတုံးကွ"

"မဖဲဝါ ပြောတာကတော့ နတ်ဆိုးတွေ နတ်မိစ္ဆာတွေ နေတဲ့ဘုံလို့ ပြောတယ်ဗျ"

"ဟေ မင်းကို မဖဲဝါ ပြောတာလား"

"ဟုတ်တယ်ဗျ၊ ဒါကြောင့် ကျုပ်က ကိုကြီးထွေးမောင်ကို ခေါ်ဖို့လိုက်လာတာလေဗျာ"

"ဟာ မင်းက ငါ့ကို ခေါ်မလို့ ဟုတ်လား၊ ဖြစ်ပါ့မလား တာတေရ၊ အဲ့တို့က ငါ့ကို ဖမ်းထားတာကွ၊ မိုးမလင်းခင် သတ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မသတ်ဘူးဆိုတာ ဆုံးဖြတ်မယ်လို့ ပြောတယ်ကွ"

"ဗျာ. . . မိုးမလင်းခင် ဟုတ်လား ကိုကြီးထွေးမောင်"

"အေးလေကွာ၊ ငါ ဒီရောက်တာ သိပ်မှမကြာသေးတာ၊ စောစောက ဒီကောင်တွေ ငါ့ကို စစ်ဆေးမေးမြန်းပြီး ဒီအထဲမှာ ထည့်ပစ်ခဲ့ကြတာကွ"

"ခင်ဗျားကသာ ဘာမှမကြာသေးဘူး ပြောနေတာ၊ ကျုပ်တို့ရွာမှာက ခင်ဗျား သတိမေ့နေတာ နှစ်လနီးပါးတောင် ရှိနေပြီဗျ"

"ဟာ တာတေကလည်း ကတ်သီးကတ်သတ်တွေ ပြောရော့မယ်၊ ငါ ဒီရောက်တာ ခဏပဲ ရှိသေးတာပါကွ"

"ကဲ အဲဒါ ထားပါတော့ဗျာ၊ ကိုကြီးထွေးမောင် စောစောကပြောတဲ့ သူတို့ဆိုတာ ဘယ်သူတွေတုံးဗျ"

"ငါလည်း မသိဘူးကွ၊ ငါ ဒီအထဲကို ရောက်တာနဲ့ ငါ့ကို ဆီးပြီးဖမ်းတော့တာပဲကွ၊ အဝတ်အစားတွေကတော့ ရောင်စုံဝတ်ထားကြတာကွ၊ စီးထားတဲ့ဖိနပ်တွေကလည်း ပြောင်ပြောင်လက်လက်ပဲကွ၊ ဒါပေမဲ့ ခေါင်းမှာတော့ ဂြိုဟ်တွေပါတယ်။ ရုပ်တွေကလည်း ဆိုးဆိုးကြမ်းကြမ်းကြီးတွေကွ၊ နေပါဦး တာတေရ မင်း ဒီထဲကို ဝင်လာတော့ သူတို့ မင်းကို ဝိုင်းမဖမ်းကြဘူးလား"

"ကျုပ် အခုထက်ထိ ဘယ်သူ့ကိုမှ မတွေ့သေးဘူးဗျ"

"ဟေ တယ်လည်း ထူးဆန်းပါလားကွ၊ ဒါဆိုရင် မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီအဆောက်အဦကြီးထဲက ထွက်ပြေးကြရအောင်”

“အေး. . . ခင်ဗျားပြောတာ ဟုတ်သားပဲ၊ ကဲ လာ ကိုကြီးထွေးမောင်၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ပြေးကြမယ်၊ ကျုပ်လက်ကို မလွှတ်နဲ့ ကိုင်ထား ကြားထား”

ကျုပ်တို့နှစ်ယောက် အဆောက်အဦကြီးထဲက ထွက် ပြေးခဲ့ကြတယ်ဗျ။

အဆောက်အဦကြီးရဲ့ အပြင်ဘက်မှာ အေးစက်နေတာ ပဲဗျို့။ ညလို မှောင်တာလည်း မဟုတ်ဘူး၊ နေ့လို လင်းတာလည်း မဟုတ်ဘူးဗျ။ ကောင်းကင်မှာ နေလည်းမရှိဘူး၊ လလည်း မရှိ ဘူး။ အရောင်က ပြာမှိုင်းမှိုင်းကြီးဗျ။ မှိုင်းမှိုင်းကြီးလင်းနေတာ ဒါ နေ့ဘက်လား၊ ညဘက်လားဆိုတာ ကျုပ် ခန့်မှန်းကြည့်လို့ မရဘူးဗျ။

ကျုပ်နဲ့ ကိုထွေးမောင် အဆောက်အဦကြီးထဲက ပြေး ထွက်လာကြတာ။ ဒီဘုံက ဘုံသားတွေ တစ်ယောက်မှ မတွေ့ကြ ဘူးဗျ။ အပြင်မှာလည်း ဘယ်လိုသတ္တဝါမှကို မရှိဘူးဗျ။ ကျုပ်တို့ ရှေ့မှာ ကွင်းပြင်ကြီးဗျ။

“လာ ကိုကြီးထွေးမောင် အဲဒီကွင်းပြင်ကြီးထဲကို ဖြတ် ပြေးကြမယ်”

ကျုပ်က ကိုထွေးမောင်ကို လက်တွဲပြီး ကွင်းပြင်ကြီးထဲ ကို ဖြတ်ပြေးတယ်။ ကွင်းပြင်ထဲမှာ မြက်ပင်လေးတွေ ရှိတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့က ဖိနပ်ပါတာမှ မဟုတ်တာ။ မြက်တွေကို နင်းပြီး ပြေးရတာပေါ့ဗျာ။

ကျုပ်နဲ့ ကိုထွေးမောင် တော်တော်လေး ပြေးမိတဲ့အခါ အဆောက်အဦကြီးတစ်ခုရှေ့ကို ရောက်သွားကြတယ်ဗျ။ အဆောက်အဦက အချွန်အတက်တွေနဲ့ဗျို့။ တော်တော့်ကိုကြီးတာ။ ကျုပ်နဲ့ ကိုထွေးမောင်နဲ့ ရပ်ပြီး အဆောက်အဦကြီးကို မော့ကြည့်နေတုန်း. . .

"ချွင်၊ ချွင်၊ ချွင်"

ကျုပ်တို့နောက်က ဓားတွေဆွဲထုတ်တဲ့အသံတွေ ကြားလိုက်ရလို့ ကျုပ်တို့နှစ်ယောက် နောက်ကို လှည့်ကြည့်တယ်။

"ဟာ ဘုံသားတွေ ကျုပ်တို့ကို ဝိုင်းထားပြီဗျို့"

"ဟုတ်တယ် တာတေ၊ ငါ့ကို ဖမ်းတာ ဒီလူတွေပဲ"

ကျုပ် သေသေချာချာ ကြည့်လိုက်တယ်။ အားလုံးကတော့ လူပုံစံပဲဗျ။ ဝတ်ထားတဲ့ အဝတ်အစားတွေနဲ့ သူတို့ စီးထားတဲ့ဖိနပ်တွေက အရောင်တွေ တလက်လက်ထွက်နေတယ်။

ခေါင်းမှာလည်း ချိုတွေပေါက်လို့ဗျ။ တချို့က န္ဒားချိုလို နှစ်ချောင်းဗျ။ တချို့က ခေါင်းတည့်တည့်မှာ ချိုတစ်ချောင်းနဲ့။ တချို့ကတော့ နဖူးတည့်တည့်မှာ ချိုတစ်ချောင်းဗျ။ ရုပ်ကြီးတွေကတော့ တော်တော်ကို ဆိုးတာဗျာ။ မျက်လုံးကြီးတွေဆိုတာ နီရဲနေတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကျုပ် သေသေချာချာကြည့်မိတာ။ တချို့က မျက်လုံးနှစ်လုံး ရှိပေမယ့် တချို့က မျက်လုံးတစ်လုံးတည်းဗျ။ လက်ထဲမှာ ကိုင်ထားတဲ့ ဓားတွေက အရောင်တွေ တလက်လက် ထွက်နေတယ်။

ကျုပ်တော့ဗျာ ဒီတစ်ခါဖြင့် အကျိုးနည်းပြီလို့ကို ထင်သွားတာဗျို့။ ကျုပ်တို့ကို ဝိုင်းထားတဲ့ ဘုံသားတွေ စုစုပေါင်း တစ်ရာကျော်လောက် ရှိမယ်ဗျ။

ကျုပ်တို့ နောက်လှည့်ကြည့်နေတုန်း ကျုပ်တို့နောက်က. . .

"ချွင်၊ ချွင်၊ ချွင်"

ဆိုတဲ့ အသံတွေကြားလို့ နောက်ကိုလှည့်ကြည့်လိုက်တော့ ကျုပ်တို့နောက်မှာလည်း ဘုံသားတွေ တစ်ရာကျော်လောက် ရှိမယ်ဗျ။ ဓားတွေမြှောက်ပြီး ကျုပ်တို့ကို စားတော့မလို ဝါးတော့မလို စိုက်ကြည့်နေတာဗျို့။

ကျုပ်တို့နောက်က ဘုံသားတွေက အဆောက်အဦးကြီးထဲက ထွက်လာကြတဲ့ပုံပဲဗျ။ ကျုပ်နဲ့ ကိုထွေးမောင်လည်း တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ပြီး မလှုပ်မယှက် ရပ်နေကြရတာပေါ့ဗျာ။ လှုပ်လည်း မလှုပ်ရဲကြဘူးပေါ့။

ဒီတုန်းမှာပဲ အဆောက်အဦးကြီးထဲက ဒေါင်းနီရောင်တောက်နေတဲ့ ချပ်ဝတ်တန်ဆာတွေ ဝတ်ထားတဲ့ ဘုံသားတွေ



www.burmeseclassic.com

www.burmeseclassic.com



တန်းစီပြီးထွက်လာတယ်။ အဲဒီအနီရောင်တွေ ထွက်လာတာမြင်တော့ ကျုပ်တို့ကို ဝိုင်းထားတဲ့ဘုံသားတွေ ချက်ချင်းဘေးကို ရှဲသွားပြီး ဒူးတုပ်ထိုင်လိုက်ကြတယ်။ ကျုပ်တို့ ကြည့်နေတုန်းမှာ အစိမ်းရောင်တောက်နေတဲ့ ဝတ်စုံနဲ့ ဘုံသားတစ်ယောက်က အနီရောင်တွေကြားထဲက ထွက်လာပြီး ကျုပ်တို့ဘက်ကို လျှောက်လာတယ်။ သူ့နောက်မှာတော့ အနီရောင်တွေက ခြံရံပြီး ပါလာတယ်ဗျ။ နေ့မှန်းညမှန်း မသိတဲ့ အပြာရောင်မှိုင်းမှိုင်းကြီးအောက်မှာ အစိမ်းရောင်တောက်တောက်နဲ့ ဘုံသားက လျှောက်လာတာ ကျုပ်တို့ဘက်ကို တဖြည်းဖြည်း နီးလာပြီဗျ။

ကျုပ် သူ့ကို သေသေချာချာ ကြည့်လိုက်တော့ နဖူးမှာ ချိုတစ်ချောင်း ပါတာကလွဲရင် ရုပ်ဆိုးဆိုးကြီး မဟုတ်ဘဲ ရုပ်ရည်ချောမောလှပတဲ့ ဘုံသားဗျ။

ကျုပ်လည်း ကိုထွေးမောင်လက်ကို ဆောင့်ဆွဲပြီး ဒူးထောက်ထိုင်လိုက်တယ်။ သူတို့ဘုံသားတွေ ထိုင်သလို မုဆိုးဒူးထောက် ထိုင်ရတာပေါ့ဗျာ။

အစိမ်းရောင် ပုဂ္ဂိုလ်ကြီးက အောင်မြင်တဲ့ အသံသြသြကြီးနဲ့ ကျုပ်တို့ကို စကားတစ်ခု ပြောတယ်။ သူပြောတဲ့ ဘာသာစကားကို ကျုပ် တစ်ခါမှ မကြားဖူးဘူး။ ဒါပေမဲ့ သူ ဘာပြောတယ်ဆိုတာကိုတော့ ကျုပ် နားလည်တယ်။ အံ့သြစရာပေါ့ တော်တော်ကောင်းတာဗျ။ ကျုပ် ချက်ချင်းတွေးမိတယ်။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်လည်း သူ နားလည်မှာပဲလို့ပေါ့ဗျာ။ သူပြောတာက. .

"မင်းတို့ ဘယ်က ရောက်လာတာတုံး"

"ကျွန်တော်မျိုးတို့ လူ့ဘုံက ရောက်လာတာပါ"

"ဘာလာလုပ်ကြတာတုံး"

"သူပျောက်သွားလို့ ကျွန်တော်မျိုးက လိုက်ရှာတာပါ အရှင်"

"သူ ဒီကိုရောက်လာတယ်လို့ မင်း ဘယ်လိုလုပ်သိတုံး"

"ကုဝေရနတ်မင်းကြီးရဲ့ အစေအပါး မဖဲဝါ ပြောလို့ သိတာပါ အရှင်"

အစိမ်းရောင်ဝတ် ဘုံသားကြီးက ကျုပ်ကိုစူးစိုက်ကြည့်ပြီး ခေါင်းညိတ်တယ်။

"ငါတို့ဘုံကို လူ့ဘုံက လူဆိုတာတွေ တစ်ခါမှ ရောက်မလာဖူးဘူး၊ မင်းတို့ ပထမဆုံး ရောက်လာတာပဲ၊ မင်းတို့လူတွေမှာ ဘုံတစ်ခုကနေ တစ်ခုကို အခုလိုသွားနိုင်တဲ့အစွမ်း ရှိသလား၊ ဒါဆိုရင် ကျန်တဲ့လူတွေ ဘာလို့ရောက်မလာကြတာတုံး"

"လူတိုင်း အဲဒီလို မသွားနိုင်ပါဘူး အရှင်"

"ဒါဆိုရင် မင်းတို့က ဘာဖြစ်လို့ သွားနိုင်တာတုံး"

ကျုပ်လည်း ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူးဗျ။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ချက်ချင်းပေါ်လာတယ်ဗျို့။ ပေါ်လာတဲ့အတိုင်းပဲ ကျုပ်ပြောချလိုက်တယ်။ ကျုပ်အပြောမှားသွားလို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီနေရာမှာတင် ကျုပ်တို့ကို စီရင်ကြမှာထင်တယ်ဗျ။

"ဒီလိုပါ အရှင်၊ ကျွန်တော်မျိုးတို့က တခြားလူတွေနဲ့ မတူဘဲ ကုဝေရနတ်မင်းကြီးကို ရှိခိုးတဲ့ နတ်မင်းကြီးရဲ့ သားတွေပါ"

"သြော် ဒါကြောင့်ကိုး၊ ကျန်တဲ့လူတွေက နတ်မင်းကြီးကို ရှိမခိုးကြဘူးထင်တယ်၊ ငါတို့ ဘုံသားတွေလည်း ကုဝေရနတ်မင်းကြီးကို ရှိခိုးကြတာပဲ၊ မင်းတို့နဲ့ ငါတို့နဲ့ အတူတူပဲပေါ့"

ကျုပ်တို့ကို ဝိုင်းထားတဲ့ ဘုံသားတွေကို ကျုပ် မသိမသာ ကြည့်လိုက်တော့ ကျုပ်တို့ကို ခေါင်းတညိတ်ညိတ်နဲ့ ကြည့်နေကြတယ်။ ပါးစပ်တွေကလည်း ကျေနပ်ပြီး ပြုံးနေကြတယ်ဗျ။ ဒီမှာတင် အစိမ်းရောင်ဘုံသားကြီးက သူ့ဘုံသားတွေကို အမိန့်ပေးလိုက်တယ်ဗျ။

"လက်နက်တွေ သိမ်းလိုက်ကြတော့၊ သူတို့ လူ့ဘုံသားနှစ်ယောက်ဟာ ငါတို့လိုပဲ ကုဝေရနတ်မင်းကြီးကို ရှိခိုးကြတာ၊ ဒါကြောင့်သာ လူ့ဘုံသားတွေနဲ့ မတူဘဲ ထူးခြားတဲ့ အစွမ်းတွေရှိကြတယ်။ ဒါကြောင့်မို့ ငါတို့ဘုံအထိ သူတို့ ရောက်လာတာပေါ့"

"ချွင်၊ ချွင်၊ ချွင်၊ ချွင်"

ဘုံသားတွေအားလုံး သူတို့ဓားတွေကို သိမ်းလိုက်ကြပြီဗျို့။

"ကဲ မောင်မင်းတို့ သူတို့ကို တို့ဘုံရဲ့ ထုံးစံအတိုင်း နှုတ်ဆက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



လို့ အစိမ်းရောင် ဘုံသားကြီးက ပြောလိုက်တာနဲ့ ဘုံသားတွေ ကျုပ်တို့ကို ဝိုင်းလိုက်ကြတယ်။ ကိုထွေးမောင်ဆိုတာ ကြောက်ပြီး အသားတွေတောင် တုန်နေတာဗျို့။ ကျုပ်လည်း ကြောက်တာပဲပေါ့ဗျာ။

ဟော သီချင်းတွေဆိုပြီး ကျုပ်တို့ကို ဝိုင်းပတ်ပြီး ကနေကြတာဗျို့။ ဒါ အခွင့်အရေးဆိုတာ ကျုပ် ချက်ချင်းသိလိုက်တယ်။

"ကိုကြီးထွေးမောင် ကျုပ်ပြောတာ နားထောင်၊ ခင်ဗျားတို့ဝိုင်းထဲက ဘွားမယ်ခကြီး နေသွားတဲ့အိမ်ကလေးကို ခင်ဗျား သိတယ်မို့လား"

"အေး သိတယ် တ...ခတ"

"အဲဒီအိမ်ထဲမှာ ခင်ဗျားရော ကျုပ်ရော အိပ်ပျော်နေကြတယ်၊ အဲဒီကို ခင်ဗျား စိတ်ညွှတ်လိုက်"

"အေး အေး"

ကျုပ်က ကိုထွေးမောင်ရဲ့ လက်ကိုတော့ လွှတ်မပေးဘဲ ကိုင်ထားရတာပေါ့ဗျာ။

ကျုပ်အိပ်ရာက လန့်နိုးသွားတယ်။ မှန်အိမ်အလင်းရောင် ဖျော့ဖျော့လေးအောက်မှာ ဆန့်ဆန့်ကြီးအိပ်နေတဲ့ ကိုထွေးမောင်ကို ကျုပ် ငုံ့ကြည့်လိုက်တယ်။

ဟာ ကိုထွေးမောင် ပါမလာဘူးထင်တယ်၊ ကျုပ်စိတ်ထဲမှာ တအားကို ပူသွားတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးထွေးမောင်၊ ကိုကြီးထွေးမောင်"

ကျုပ် အလန့်တကြားနဲ့ ကိုထွေးမောင်ကို လှုပ်နှိုးလိုက်မိတယ်။

"အင်"

ဟော ပါလာတယ်ဗျို့၊ ပါလာတယ်။ နိုးလာပြီဗျို့။

"ကိုကြီးထွေးမောင်၊ ကိုကြီးထွေးမောင်"

ဟော မျက်စိတွေ ပွင့်လာပြီ။ ပွင့်လာပြီး. . .

"တာတေ ငါတို့ ဘယ်ရောက်နေတုံး၊ ဟိုဘုံသားတွေရော"

"ကျုပ်တို့ အိမ်ပြန်ရောက်ပြီလေဗျာ"

"ဟ ငါ့နှာခေါင်းထဲက ဘာကြီးတုံးကွ"

"ဟာ ခဏနေဦး၊ အဲဒါ ခင်ဗျား မေ့နေတုန်းက အစာသွင်းပေးရတဲ့ပိုက်ဗျ"

ကျုပ်က ကပျာကယာထပြီး မှန်အိမ်ကို မီးမြှင့်လိုက်တယ်။

"ကိုကြီးဘသစ်၊ ကိုကြီးထွန်းဖေ"

"ဟေ တာတေ၊ ဘာ ဘာဖြစ်တုံး"

"လာကြ၊ လာကြ၊ ဒီမှာ ကိုကြီးထွန်းမောင်ကို ကျုပ်ပြန်ခေါ်လာပြီ၊ သတိရသွားပြီဗျို့"

"ဟေ ဟုတ်လားကွ တာတေ"

ကိုဘသစ်တို့အုပ်စု အိမ်ထဲဝင်လာကြတယ်။ ငတ်ရှော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထိုင်နေတဲ့ ကိုထွေးမောင်ကို တွေ့လိုက်ကြတော့မှ. . .

"ဟား၊ ဟား၊ ဟား၊ ဟား"

ကိုထွေးမောင်ရာ ခင်ဗျားဗျာ တော်တော်ကို အလ
ကြုံးတဲ့လူပဲဗျာ"

"ကဲ ကဲ ကိုထွေးမောင်တို့အိမ်သားတွေကို နှိုးလိုက်ဖေ

တစ်ယောက်တစ်ပေါက်နဲ့ ဆူညံသွားတာဗျို့။

"ကိုကြီးဘသစ်၊ အခု ဘယ်အချိန်ရှိပြီတုံး"

"မနက်လေးနာရီခွဲပြီကွ၊ မိုးလင်းကာနီးနေပြီ"

"ကျုပ်သွားတာ ဘယ်လောက်ကြာတုံးဗျ"

"သုံးရက် ရှိပြီလေကွာ"

"ဗျာ သုံးရက် ဟုတ်လား၊ ကျုပ် ဟိုမှာ ငါးမိနစ်လောက်ပဲ
ကြာတာဗျ"

"ဟေ ဟုတ်လား၊ ကိုကြီးထွေးမောင်က ပြောတယ်
သူ ရောက်တာ တစ်ညတောင် မကုန်သေးဘူးတဲ့ဗျ"

"ဟာ ကိုထွေးမောင်ရာ ဒီမှာဖြင့် ခင်ဗျားအတွက် ဒုက္ခ
တွေ ရောက်လိုက်ကြတာဗျာ၊ တာတေသာ လိုက်မခေါ်နိုင်ရင်
ခင်ဗျား ဘယ်တော့မှ ပြန်ရောက်လာမှာ မဟုတ်ဘူးဗျို့"

"ဟုတ်ပါတယ် ထွန်းဖေရာ၊ ငါ့ညီတာတေရဲ့ ကျေးဇူးကို
ငါ ဘယ်တော့မှ မမေ့ပါဘူးကွာ"

ခဏနေတော့ ကိုထွေးမောင်တို့အိမ်သားတွေ နိုးလာပြီ



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မတွေက ကိုထွေးမောင်ကို ဖက်ပြီးငိုကြပါလေရောဗျာ။ အဲဒီနေ့က မိုးလင်းမှပဲ ကျုပ် အိမ်ပြန်လာခဲ့တော့တယ်။

တာတေ

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# မပဲဝါကိုဖမ်းမဲ့ ကာဇေ

ကျုပ်တို့တောင်သူအလုပ်ဆိုတာ အားတယ်လို့ မရှိပါ
ဘူးဗျာ။ နွားစာကုန်လို့စဉ်းရ၊ ရေကုန်လို့ ရေစည်တိုက်ရ၊ ယာထဲ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပြေးဆင်းရ၊ နှမ်းထောင်စောင့်ရ၊ ပဲနှုတ်တဲ့အခါ နှုတ်ရ၊ မြေပဲခွဲ၊ ဆီကြိတ်၊ အဲဒီလို မအားလပ်တဲ့ကြားထဲကပဲ ရပ်ရေးရွာရေး၊ သာရေးနာရေးတွေမှာလည်း မလွတ်အောင် ပါကြ၊ လုပ်ကြနဲ့ ပင်ပန်းတယ်လို့မရှိဘဲ ပျော်တပြုံးပြုံးနဲ့ နေကြတာပါပဲဗျာ။

ဒီနေ့တော့ မနက်မိုးလင်းကတည်းက တာတေ ဆီကြိတ်နေတာဗျို့။ ညနေရောက်လို့ နေတောင် တော်တော်စောင်းနေပြီ။ အခုထိ တာတေ ဝိုင်းအပြင်ကို တစ်ခေါက်မရောက်သေးဘူးဗျ။

မြေပဲကို ဆီကြိတ်တယ်ဆိုတာကလည်း ပြောတော့သာ လွယ်တာဗျ။ လက်ကတော့ အတော်ဝင်တာ။ ပထမဆုံး ပဲထွတ်ရတယ်။ အဲဒီထွတ်ပြီးသားပဲကို ခြောက်အောင် နေလှန်းရတယ်။ ပြီးတော့ ကြိတ်ဆုံထဲ မထည့်ခင် ပူအောင်လှော်ထားရတာဗျ။ ပူမှ ဆီပိုကျတာ၊ အေးစက်ကြီးဆိုရင် ဆီက မကျဘူး။

ကျုပ်တို့နွားကြီးတွေက နွားဖီးကြီးတွေဆိုတော့ ဆီဆုံဆွဲလို့ လွတ်ကောင်းတဲ့ကောင်ကြီးတွေဗျ။ ကျုပ်အမေက ကိုယ့်ယာကထွက်တဲ့ ဆီဦးနဲ့ ဆွမ်းဟင်းချက်ကပ်ရတာ လွတ်စိတ်ချမ်းသာတာဗျ။ အဲဒါကြောင့် ကျုပ် ဒီနေ့တစ်နေကုန်အောင် ဆီကြိတ်နေရတာဗျ။ အမေ လှူဖို့ ဆီဦးလေဗျာ။ အမေ ဆွမ်းဟင်းချက်ဖို့ပေါ့ဗျာ။

"ကိုကြီးတာတေ၊ ဗျို့ ကိုကြီးတာတေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ကျောက်ခဲလား၊ လာလေကွာ၊ ငါ ဒီမှာကွ ဆီပွတ်နေလို့၊ ဆီကြိတ်ဆုံကို လာခဲ့ဟေ့"

ကျုပ်အသံကြားတော့ ဒီကောင်ကျောက်ခဲ ဝိုင်းထဲကို တန်းဝင်လာတာဗျ။ သူ့နောက်မှာ သံမဏိလည်း ပါလာတယ်။ သံမဏိက ကျောက်ခဲလောက် မသွက်ပေမဲ့ သတ္တိရှိတဲ့နေရာမှာတော့ ကျောက်ခဲထက် မလျော့ဘူးဗျ။ ပြီးတော့ ဘာပဲလုပ်ခိုင်း လုပ်ခိုင်း နည်းနည်းမှ ပျင်းတဲ့ကောင် မဟုတ်ဘူး။ ဒါပေမဲ့ သူက ကျောက်ခဲလောက်တော့ အာသွက်လျှာသွက် မရှိလှဘူးဗျ။ တော်ရုံတန်ရုံနဲ့ စကားပြောတဲ့ကောင် မဟုတ်ဘူးဗျ။ လွတ်စကား နည်းတဲ့ကောင်ဗျ။

ရာသီက နွေဦးပေါက်ရုံ ရှိသေးတော့ သိပ်မပူသေးဘူးဗျ။ ကျုပ်တို့အညာမှာ နေလို့ထိုင်လို့ ကောင်းတဲ့အချိန်ပေါ့ဗျာ။

"ကိုကြီးတာတေ ဆီပွတ်တာ ကြာပြီလားဗျ၊ ကဲ ဖယ် ကျုပ် စီးမယ်"

ကျောက်ခဲက ပြောပြောဆိုဆိုနဲ့ ကျုပ်ကို ဆွဲဖယ်တယ်။ ကျုပ် ဆီဆုံကနေ ဆင်းလိုက်တော့ ဒီကောင်က တွန်းတံကို ဆွဲယူပြီး လှစ်ကနဲ တက်စီးတော့တာပဲဗျ။

တွန်းတံဆိုတာက ဆီဆုံကြီးထဲကနေ ဘေးကို အံတက်လာတဲ့ ပဲဖတ်၊ နှမ်းဖတ်တွေကို ဆုံထဲ ပြန်ပြန်ပြီး တွန်းရတဲ့ အတံပေါ့ဗျာ။ သစ်သားပြားမှာ ဝါးလုံးတပ်ထားတာပေါ့။ ဆီဆုံစီး



www.burmeseclassic.com

www.burmeseclassic.com



ရင်းနဲ့ နှမ်းဖတ်၊ ပဲဖတ်တွေကို ဆုံထဲ ပြန်ပြန်ပြီး တွန်းချရတာပေါ့ဗျာ။

"ကိုကြီးတာတေကို ကျုပ်တို့ ပြောစရာတစ်ခုရှိလို့ လာတာဗျ"

ကျောက်ခဲက ကျုပ်နေရာဝင်ပြီး အလုပ်လုပ်တော့ ကျုပ်က အဘနေရာ ဝင်လိုက်တယ်။ ဆုံထဲက ကျလာတဲ့ ဆီတွေကို သေသေချာချာ ခံရတဲ့နေရာလေဗျာ။ ဆီထွက်ပေါက်မှာ ပိတ်နေတဲ့ ပဲဖတ်ကို ထိုးထိုးပေးရတာပေါ့ဗျာ။

"ပြောပါဦးကွ ကျောက်ခဲရ"

သံမဏိက အမေ ဆီထည့်တဲ့နေရာကို သွားကူလုပ်နေတယ်ဗျ။

"ကိုကြီးတာတေ သတိထားမိလား မပြောတတ်ဘူး"

"ဘာကိုတုံးကွ ကျောက်ခဲရ"

"ကျုပ်တို့ထနောင်းကုန်းသချိုင်းပေါ်မှာရော၊ ဘန့်ဘွေးကုန်းသချိုင်းပေါ်မှာရော လင်းတကြီးတွေ ဝဲနေတယ်ဗျ"

"ဟေ အလောင်းသင်္ဂြိုဟ်တာ မလုံမခြုံတွေများ ရှိနေလို့လားမှ မသိတာ"

"ဟာ မရှိပါဘူးဗျာ၊ ဘန့်ဘွေးကုန်းမှာရော ကျုပ်တို့ထနောင်းကုန်းမှာပါ လူသေတာပျောက်တာ ရှိမှ မရှိတာ"

"အေး ဒါတော့ ဟုတ်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်က ဘိုးညီလေး ပြောနေတာကြားလို့ ကျုပ်တို့ ကိုကြီးတာတေဆီ လာခဲ့တာဗျ"

"ဟေ ဘိုညီလေးက ဘာတွေပြောလို့တုံး"

"ဒီလင်းတတွေက ညဘက်ပါ လာပြီးဝဲနေတာတဲ့ဗျ။ ညက ဘိုးညီလေး မီးလောင်ကုန်းက ပြန်လာတော့ ကိုးနာရီလောက် ရှိပြီတဲ့ဗျ။ မီးလောင်ကုန်းမှာ သူ့ညီ နေမကောင်းလို့ သတင်းသွားမေးတာ၊ လူမမာ သည်းနေလို့ အပြန်နောက်ကျနေတာတဲ့ဗျို့။ အဲဒါ ဘိုးညီလေးက ထနောင်းကုန်းသင်္ချိုင်းဘေးက ပတ်ပြီး ပြန်အလာမှာ လင်းတတွေ ဝဲနေတာတွေ့လို့ ခဏရပ်ကြည့်တာတဲ့၊ လင်းတတွေဆီက တစ်ချက် တစ်ချက် လက်ကနဲ လက်ကနဲ ဖြစ်သွားတာကို တွေ့ခဲ့ရတယ်တဲ့ ကိုကြီးတာတေ"

"ဟေ ဟုတ်လားကွ၊ တစ်မျိုးပါလား ကျောက်ခဲရ"

"အဲဒါကြောင့် ကျုပ် လာပြောတာပေါ့ဗျ"

ကျုပ် တော်တော်အံ့ဩသွားတယ်။ ဘိုးညီလေးက အသက်ကြီးပြီဆိုတော့ အမြင်မှားတာလား၊ တကယ်လို့ ဘိုးညီလေး အမြင်မမှားဘူးဆိုရင်တော့ ဒါ ကောင်းတဲ့ကိစ္စ မဟုတ်ဘူးဗျ။ ဒီလင်းတကြီးတွေဟာ စုန်းမကြီးတွေဖြစ်ဖို့ သေချာတယ်ဗျ။ စုန်းမကြီးတွေ စက်လွှတ်နေတာဖြစ်မယ်။ ကျုပ်တို့ သင်္ချိုင်းကုန်းမှာ ဘာကိစ္စရှိနေလို့များတုံး။ ကျုပ် ညဘက်မှာ သေသေချာချာ တွေးကြည့်ရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ကိုကြီးတာတေရ၊ ဘိုးညီလေး အဲဒီအကြောင်းကို ပြောနေတာ ဘယ်သူနဲ့ ပြောတယ်ထင်တုံး"

"ဟာ ငါ မသိဘူးလေကွာ"

"ဘန့်ဘွေးကုန်းက ဘိုးတော်ကြီးလေဗျာ၊ ကိုကြီးတာတေရဲ့အဘနဲ့လည်း ရင်းနှီးပါတယ်၊ ဟိုဘန့်ဘွေးကုန်းအရှေ့ပိုင်းက ဘိုးယာစိန်ကြီးလေဗျာ"

"အေး ဘိုးယာစိန်ကို ငါသိတာပေါ့ ကျောက်ခဲရဲ အဘရဲ့မိတ်ဆွေပဲလေကွာ"

အေးဗျာ၊ အဲဒီအကြောင်းတွေကို ဘိုးညီလေးက ဘိုးယာစိန်နဲ့ ပြောနေတာဗျ။ အဲဒီမှာ ဘိုးယာစိန်ကလည်း ပြောတယ်။

"ကျုပ်လည်း မနေ့က မြင်တယ်ဗျ၊ ကိုညီလေးရဲ့၊ အားလုံးပေါင်း ငါးကောင်တောင်၊ အကောင်ကြီးတွေကလည်း အတော်ကြီးသားဗျ၊ ကျုပ်တွေ့တာက ကျုပ်တို့ရွာပေါ်မှာကို ဝဲနေတာကိုတွေ့တာ၊ ကျုပ်လည်း စိတ်ထဲမှာ ထင်တော့ ထင်သားဗျ၊ အရောင်တွေ တစ်ချက် တစ်ချက် လက်သွားသလားလို့၊ အခုခင်ဗျား ပြောတော့မှ ဟုတ်နေတာပေါ့ဗျ၊ ဒါ ဘာတွေတုံးဗျ၊ ရိုးမှ ရိုးရဲ့လား"

"အဲဒါတော့ ကျုပ်လည်း မသိဘူးဗျ၊ ကိုယာစိန်ရဲ့"

အဲဒီတုန်းမှာ သူတို့ပြောတာကို ထိုင်ပြီးနားထောင်နေတဲ့ ကျုပ်ကို မြင်သွားပြီး ဘိုးညီလေးက ပြောတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင် ကျောက်ခဲမို့လား"

"ဟုတ်တယ် ဘိုး၊ ကျုပ်ပါ၊ ကျောက်ခဲ"

"ဟာ ကျောက်ခဲ၊ အတော်ပဲ ခုနက ငါနဲ့ ကိုယာစိန်နဲ့ ပြောတာတွေ မင်း ကြားလိုက်တယ်မို့လား"

"ကြားတယ် ဘိုး"

"အေး မင်းအစ်ကိုကြီး တာတေကို ဒီအကြောင်း ပြောပြလိုက်ဦး ကြားလား"

"ဟုတ်ကဲ့ ဘိုး၊ ပြောလိုက်မယ်"

"ကိုယာစိန်ရေ ကျုပ်တို့လည်း တာတေတစ်ယောက်ရှိတာ တော်တော်ကို အားကိုးနေရတာဗျို့။ တာတေက လူသာငယ်တာ၊ သတ္တိကလည်း ကောင်းပဲ့ဗျာ၊ ဆရာသမားတွေနဲ့ လိုက်ဖူး သွားဖူးတော့လည်း ဗဟုသုတကလည်း ရှိဗျ။ ဘယ်သူ့မှာ အကြောင်းကိစ္စရှိရှိ နေတဲ့ကောင် မဟုတ်ဘူးဗျ"

"တာတေဆိုတာ ကိုညာဏ်သားမို့လား"

"ဟုတ်တယ်လေ ကိုယာစိန်ရဲ့၊ လွတ်အားကိုးရတဲ့ သူငယ်ဗျ"

"အဲဒီလို ပြောဆိုပြီး ကျုပ်ကို ကိုကြီးတာတေဆီ သွားခိုင်းလိုက်တာဗျ။ ဒါနဲ့ ကျုပ်က သံမဏိကို ခေါ်ပြီး ထွက်လာခဲ့တာ"

ကျုပ် နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း စဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါ မကောင်းဘူးဗျ။ ကျုပ်တို့ရွာမှာ ဘာအကြောင်းတွေ ပေါ်မှာတုံးတော့ မသိဘူးဗျ။ ကျုပ်အတွေ့အကြုံအရ ပြောရရင် ဒါ စုန်းမကြီးတွေပဲဗျ။

စုန်းဆိုတာကလည်း အမျိုးအစား များသားလား။ အဲဒီထဲမှာမှ ကဝေမြောက်စုန်းဆိုတာ တော်တော်လေး အစွမ်းထက်တာဗျ။ ဒါတွေကို ကျုပ်ဆရာကြီး ဒေါက်တာဦးမင်းအောင် ပြောခဲ့တာဗျ။ အင်း. . . အခုနေမျိုးမှာ ကျုပ်ဆရာကြီးသာရှိရင် တော်တော်ကို ကောင်းမှာပဲလို့ ကျုပ်တွေးမိတယ်။

ညကိုးနာရီလောက်မှာ ကျုပ်မျက်ကွင်းဆေးကွင်းပြီး ထနောင်းကုန်းသချိုင်းဘက်ကို [illegible]လာခဲ့တယ်။ သချိုင်းထဲရောက်တော့ သချိုင်းမြောက်[illegible]တစ်ဖက်လောက်ရှိတဲ့ မန်ကျည်းပင်ကြီးတစ်ပင်နောက်မှာ[illegible]ပြီး ကျုပ်စောင့်နေတယ်။ အခုထိတော့ ဘာလင်းတမှ မတွေ့ဘူးဗျ။ ဘာပဲဖြစ်ဖြစ် သန်းခေါင်ကျော်အောင်တော့ စောင့်ကြည့်ဖို့ ကျုပ် ဆုံးဖြတ်လိုက်တယ်။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟော အသံတွေတော့ ကြားရပြီဗျို့။ ဒါ လင်းတတွေပျံတဲ့အသံပဲဗျ။ ကျုပ် အပေါ်ကို မော့ကြည့်တယ်။ ဟာ လာကြပြီဗျို့။ ဟုတ်ပ့ါဗျာ။ စုစုပေါင်း ငါးကောင်ဗျ။ အကောင်ကြီးတွေ အကြီးကြီးတွေဗျို့။ ပုံမှန်လင်းတထက် နှစ်ဆလောက်ကြီးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ ထနောင်းကုန်းသချိုင်းမှာ ဝဲနေကြတာဗျ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

အချိန်က သန်းခေါင်နားကပ်လာပြီ။ လင်းတတွေက ပျံနေတုန်းပဲ။ ဟော ဟော စက်တွေလွှတ်ပြီဗျို့။ ဝင်းကနဲ လက်ကနဲနဲ့ စက်တွေ လွှတ်နေကြပြီဗျို့။ ဒါ စုန်းမကြီးတွေဆိုတာ သေချာတာပေါ့ဗျာ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟာ သွားပြီဗျို့၊ သွားပြီ။ အနောက်ဘက်က ပေါ်လာပြီး အနောက်ဘက်ကိုပဲ ပျံသွားကြတာ။ စက်လွှတ်တာကတော့ ဆယ်မိနစ်လောက်ပဲ ကြာတာဗျ။ ကျုပ်ဖြင့် တော်တော်ကို အံ့သြသွားတာဗျို့။ ဒီစုန်းမတွေ ဘာအတွက် ကျုပ်တို့သချိုင်းကုန်းမှာ စက်တွေ လာလွှတ်ကြတာပါလိမ့်။ ကျုပ် ဘယ်လိုပဲတွေးတွေးပါဗျာ အဖြေတော့ မရဘူးဗျို့။

ကျုပ် အိမ်ပြန်ရောက်တော့ နာရီပြန်တစ်ချက် ရှိပြီဗျ။ အမေ အသင့်ပြင်ပေးထားတဲ့ အိပ်ရာထဲကို ခြေလက် သေသေချာချာ ဆေးပြီးမှ ကျုပ် ဝင်အိပ်လိုက်တယ်။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ ကျုပ်ခေါင်းရင်းမှာ ချိတ်ထားတဲ့ ဆေးလွယ်အိတ်ထဲက မဖဲဝါကိုယ်ခွဲရုပ်ကလေးရဲ့ အသံဗျ။ အခြေအနေက အရေးကြီးနေပြီဆိုတာ ကျုပ် မှန်းမိသွားပြီဗျို့။ ကျုပ် အိပ်ရာထဲ



www.burmeseclassic.com

www.burmeseclassic.com



က ပြန်ထွက်ပြီး မဖဲဝါကိုယ်တိုင် ကျုပ်ကို အပ်ထားတဲ့ မဖဲဝါ ကိုယ်ခွဲရုပ်ကလေးကို ကျုပ် ယူပြီး ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။ အချိန်လည်း မနည်းတော့ဘူးဆိုတော့ ကျုပ် ချက်ချင်းအိပ်ပျော်သွားတယ်။

"တာတေ ငါ ဒီမှာ"

ကျုပ်ကို အိပ်မက်ပေးတိုင်း တွေ့နေကျ ကောင်မလေးပဲ ဗျ။ ခေါင်းမှာ အော်လံပန်းအဝါလေးတစ်ပွင့် ပန်လို့ဗျ။ ကျုပ် လှည့်ကြည့်လိုက်တော့ ယုဇနပန်းချုံကြီးဗျာ ပွင့်နေလိုက်တာ ဖွေးဖွေးကို လှုပ်လို့ဗျ။ ဒါပေမဲ့ ဒီကောင်မလေးကတော့ ယုဇန ပန်း မပန်ဘူးဗျ။ သူ ပန်နေကျ ပန်းအဝါလေးပဲ ပန်ထားတာ။

ကျုပ်နဲ့ သူနဲ့က မနီးဘူး၊ ခပ်လှမ်းလှမ်းကနေ စကား ပြောနေတာ။ ကျုပ်လည်း သူ့နားကို သိပ်မကပ်ရဲဘူးလေဗျာ။ သူက မဖဲဝါပဲ။

"တာတေ ငါ့ဆီကို ရန်သူ လာနေပြီ"

"ဟင် ဟုတ်လား မဖဲဝါ၊ ဘယ်က လာနေတာတုံးဗျ၊ လမ်းကစောင့်ပြီး ကျုပ် သတ်ပစ်လိုက်မယ်"

မဖဲဝါက ပြုံးနေတယ်။ ပြီးတော့မှ ပြောတယ်။

"နင် သူ့ကို ဘယ်သတ်နိုင်မှာတုံး"

"အောင်မာ၊ သူက ဘယ်သူမို့လို့တုံးဗျ"

"ကဝေရာဇာလို့ခေါ်တဲ့ အကောင်ဟဲ့ တာတေရဲ့၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကဝေတွေအချင်းချင်းတောင် သူ့ကို ဦးခိုက်ကြရတာ၊ ကဝေတွေထဲမှာတော့ ဒီအကောင်ကြီးက ပညာအမြင့်ဆုံးပဲပေါ့၊ အေး သေရင်တော့ မဟာငရဲကြီးမှာ နှစ်ပေါင်းထောင်ချီပြီးခံရမယ့် အကောင်ပေါ့ဟာ၊ ဒီအကောင်က ကျောက်ဂူကြီးတစ်ခုမှာ နေတယ်။ အမြဲနေတာတော့ မဟုတ်ဘူး တာတေ၊ ပညာစခန်း ထပ်တက်တော့မှ လာနေတာ၊ အဲဒီကျောက်ဂူကြီးထဲမှာ ဒီအကောင်အိပ်တဲ့ကုတင်ကို ဘုရားလေးဆူက ထမ်းထားတဲ့ပုံ ထုထားတာဟဲ့"

"ဗျာ ရက်စက်လှချည်လားဗျ"

"အေး သူထိုင်တဲ့ သစ်သားကုလားထိုင်ကြီးကလည်း ဘုရားလေးဆူက မုဆိုးဒူးထောက်ထိုင်ပြီး ပခုံးတွေနဲ့ ထမ်းထားတဲ့ပုံ ထုထားတာ၊ ဒီအကောင် မျက်နှာသစ်တဲ့ နေရာမှာလည်း ဘုရားမတ်ရပ်တော်တစ်ဆူက သူ့ကို ရေမှုတ်ကမ်းပေးနေတဲ့ပုံ ထုထားတယ်။ ကုလားထိုင် ထိုင်ပြီးရင်လည်း သာလျောင်းပုံ ထုထားတဲ့ ဘုရားဆင်းတုပုံတော်ပေါ်မှာ ခြေထောက်တင်ပြီး ထိုင်တာ။ ဒီအကောင် ခြေဖဝါးမှာလည်း ဘုရားပုံတော်တစ်ပုံစီ ထိုးထားတယ်ပေါ့"

"ဟာဗျာ ကျုပ်ဖြင့် ကြားတာနဲ့တောင် ကြက်သီးတွေ ထလာမိတယ် မဖဲဝါရေ"

"အေး အခု ရောက်လာတဲ့ လင်းတတွေက ဒီအကောင်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မယားတွေဟဲ့ တာတေရဲ့၊ သူ ပညာပေးထားတဲ့ စုန်းမကြီးတွေလေ။ ဒီကောင်မတွေလည်း ပညာမသေးဘူးပဲ၊ ကဝေမြောက်စုန်းတွေ ဖြစ်နေပြီ။ ဒီကောင်မငါးကောင်က ရှေ့ပြေးလာပြီး စက်တွေဖြန့်နေတာ၊ တခြားပညာသည်တွေ မလာနိုင်အောင်ကြိုပြီးရှင်းထုတ်နေတာပေ့ါ တာတေ"

"နေပါဦးဗျ၊ ဒီကဝေရာဇာ ဆိုတဲ့ အကောင်ကြီးက ခင်ဗျားဆီကို ဘာကိစ္စလာမှာတုံး"

"ငါ့ကို ဖမ်းဖို့လေ တာတေ"

"ဟာ မပဲဝါကို ဖမ်းဖို့ ဟုတ်လား"

"ဟုတ်တယ် ဘာတေ၊ ငါ့ကို ညှဉ်းပမ်းပြီး ငါ့သခင်မမြောက်ဘက်ရှင်မရဲ့ ပညာဘူးကို တောင်းမှာပေ့ါဟယ်၊ အဲဒီပညာဗူးကို သူတို့လို ကဝေ ရသွားရင် အသက်ထောင်ချီပြီး နေနိုင်ပြီလေ တာတေရဲ့၊ ဟား၊ ဟား၊ ဟား ရမတဲ့လား တာတေရယ်၊ ငါက မဖဲဝါလေ၊ အေးလေ ဘယ်သူ ဘာဖြစ်မယ်ဆိုတာတော့ မနက်ဖြန်ည သိကြမှာပေ့ါလေ"

"ဗျာ ဘယ်လိုဗျ၊ မဖဲဝါ၊ မနက်ဖြန်ညဆို ဒီကဝေကောင်ကြီး ရောက်လာတော့မှာ ဟုတ်လား"

"အေး. . . ဟုတ်တယ် တာတေ"

"မဖဲဝါ ကျုပ်ပါ လာခဲ့မယ်၊ ကျုပ် တတ်နိုင်သလောက် ကူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ နင် မလာနဲ့ တာတေ၊ ကဝေရာဇာဆိုတာ အန္တရာယ်သိပ်များတဲ့အကောင်၊ လူတစ်ယောက်သတ်ဖို့ဆိုတာ ပုရွက်ဆိတ် သတ်တာလောက်ထင်တဲ့ အကောင်ဟဲ့"

"ဟာဗျာ ဘာကောင်ကြီးဖြစ်ဖြစ် ကျုပ်ရောက်အောင် လာခဲ့မယ်ဗျာ"

ကျုပ် ဖျတ်ကနဲ လန့်နိုးသွားတယ်။ မိုးတောင်လင်းတော့မှာဗျ။ အမေတောင် ထမင်းချက်နေပြီ။ ဒီနေ့ ဆရာတော့်ကျောင်းကို ဆွမ်းချိုင့်ပို့ရမှာဗျ။ ကျုပ်တို့ ဆွမ်းလှည့်လေဗျာ။ မနေ့ကတည်းက အမေ ဝက်သားချက်နေတာ ကျုပ် တွေ့တယ်။ မိုးချုပ်မှ ဘယ်က ဆုံသားရလာတယ် မသိပါဘူးဗျာ။ ကျုပ်တောင် ငရုတ်သီး ဝင်ထောင်းပေးလိုက်သေးတယ်။

အမေချက်တဲ့ ဝက်သားဟင်းကို ကျုပ်ဆရာတော်က လည်း လွတ်ကြိုက်တာဗျ။ ကျုပ်ကတော့ ပြောမနေနဲ့တော့ပေါ့ ဗျာ။

ကျုပ် ကျောင်းကို ဆွမ်းချိုင့်ဆွဲပြီး အမေနဲ့ လိုက်ရတယ်။ ဆွမ်းကပ်ပြီး ဆရာတော်နဲ့ စကားပြောဆိုပြီး ကျုပ်တို့ ပြန်လာခဲ့ တယ်။ ထမင်းစားချိန်ရောက်တော့ ကျုပ် ဝက်သားနဲ့ တစ်ဝကြီး စားပစ်လိုက်တာဗျို့။

ပြီးတော့ မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာ ကျုပ် အိပ်ပစ်လိုက်တယ်။ ရာသီက သိပ်မပူသေးတော့ အိပ်လို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားဗျ။ ဘယ်သူမှလည်း ကျုပ်ဆီမလာတော့ ညနေစောင်းမှ ကျုပ် နိုးလာတာဗျို့။ အမှန်ကတော့ ဒီည ကိစ္စတွေရှိနေလို့ အိပ်ရေးဝအောင် ကျုပ် ကြိုပြီးအိပ်ထားတာပေါ့ဗျာ။

အိပ်ရာကနိုးတော့ လန်းသွားအောင် ကျုပ် ရေမိုးချိုးပြီး အဝတ်အစားလဲထားလိုက်တယ်။ မိုးမချုပ်ခင် သင်းလင်းရှင်းရှင်း ရှိတုန်း ကျုပ်ဆေးလွယ်အိတ်ကို ထုတ်ယူပြီး ကျုပ်ဆရာကြီး ဦးမင်းအောင်နဲ့ ဆရာနွံဖတို့ ချီးမြှင့်ထားတဲ့ အင်းတော်၊ ဆေး တော်တွေ ထုတ်ပြီး စစ်ဆေးလိုက်တယ်။ ဆေးတော်ရုပ်တွေကို လည်း ဂါထာရွတ်ပြီး နှိုးထားလိုက်တယ်။ ကျုပ် ဆရာနွံဖ လုပ်တဲ့ အတိုင်း ဘုရားခန်းဝင်ပြီး ဘုရားရှိခိုး ပုတီးစိပ်တယ်။ ဆေးတွေ အင်းတွေ၊ ဆေးတော်ရုပ်တွေကို လင်ဗန်းကလေးနဲ့ထည့်ပြီး နှိုး ထားတဲ့ သဘောပေါ့ဗျာ။

ဆရာကြီး ဦးမင်းအောင် လုပ်တာလည်း ကျုပ် မြင်ဖူး တွေ့ဖူးခဲ့တာမို့လား။ ဆရာကြီး ဦးမင်းအောင်အကြောင်းကို ခင်ဗျား မသိသေးရင်တော့ 'ကဝေဆယ့်နှစ်ကြိုး' စာအုပ်မှာ ဖတ်ကြည့်ပေါ့ဗျာ။

ကျုပ် နှစ်နာရီလောက်ထိုင်ပြီး ပုတီးစိပ်၊ ဂါထာတွေရွတ် ပေါ့ဗျာ။

"ဟဲ့ တာတေရေ ညစာ စားတော့လေ၊ မိုးချုပ်ပြီ"

လို့ အမေ သတိပေးတော့မှ ကျုပ် ပုတီးစိပ်တာဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားလိုက်တယ်။ ထမင်းစားပြီးတော့ ကျုပ် ဘုရားခန်း ပြန်ဝင်ပြီး ပုတီးပြန်စိပ်တယ်။ အင်မတန်ကြောက်စရာကောင်းတဲ့ ရန်သူလို့ မဖဲဝါပြောတော့ ကျုပ်ကိုယ်ကျုပ် မပြင်ဆင်ဘဲသွားလို့ ဘယ်ဖြစ်မှာတုံးဗျာ"

ညကိုးနာရီတိတိကျမှ ကျုပ် အိမ်ကထွက်လာတယ်။ ထနောင်းကုန်းသချိုင်းကို ရောက်တော့ ပထမညက ကျုပ် ပုန်းပြီး ကြည့်တဲ့ မန်ကျည်းပင်ကြီးအောက်ကိုပဲ ကျုပ် လာခဲ့တယ်။

မန်ကျည်းပင်ကြီးက တော်တော်ကိုကြီးတာဗျ။ လူ နှစ်ဖက်လောက်ကိုရှိတယ်။ ကျုပ် မန်ကျည်းပင်နောက်မှာထိုင်ပြီး နဂါးဆေးပေါ့လိပ်ကလေး ဖွာနေလိုက်တယ်။ မီးကိုတော့ ဘေးကမတွေ့အောင် လက်နဲ့အုပ်ပြီး ဖွာရတာပေါ့ဗျာ။ ကျောက်ခဲတို့ သာသီရင် လိုက်ချင်မှာဗျ။ ဒါကြောင့် ကျုပ် ဒီကောင်တွေကို မပြောဘဲ ထွက်လာတာ။ ကလေးတွေ ခေါ်လို့ ဘယ်ဖြစ်မှာတုံး ဗျာ။ ကျုပ်ကတော့ တာတေလေဗျာ၊ ဒါမျိုးကို ဘယ်တော့မှ လက်လွှတ်မခံဘူးဗျ။ ရောက်အောင်လာပြီး မြင်အောင်ကြည့်မှာ ဗျ။ ကျုပ် အိမ်ကမထွက်ခင်ကတည်းက မျက်ကွင်းဆေး ကွင်းလာ ခဲ့တာ။ ပတ်ဝန်းကျင်ကို ကျုပ် လိုက်ကြည့်တော့ ဘာဆိုဘာမှ မမြင်ဘူးဗျ။ တစ္ဆေလည်း မရှိဘူး။ သရဲလည်း မရှိဘူး။ ဟိုရက် တည်းက စုန်းမကြီးတွေ လာလာပြီး စက်တွေလွှတ်ထားလို့နဲ့ တူတယ်ဗျ။ တစ္ဆေ သရဲတွေလည်း စုန်းကဝေတွေရဲ့ စက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပုံရတယ်ဗျ။

ကျုပ် မန်ကျည်းပင်ကြီးမှီပြီး ဆေးလိပ်သောက်နေတာ နဂါးဆေးပေါ့လိပ်တစ်လိပ်တောင် ကုန်တော့မယ်ဗျ။ ခုထိ ဘာမှ မတွေ့ရသေးဘူး။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟော လာပြီဗျို့၊ လာပြီ။ ပျံလာတဲ့အသံတွေ ကြားနေရပြီ။ ကျုပ်လည်း လက်ထဲက ဆေးပေါ့လိပ်ကို မြေကြီးမှာထိုးပြီး ငြိမ်းလိုက်တယ်။

ဟာ မနေ့ကညက လာတဲ့ လင်းတကြီးငါးကောင်ဗျို့။ ဟော ထနောင်းကုန်းသချိုင်းပေါ်မှာဝဲပြီး ပျံနေကြတာဗျို့။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဒီနေရာတစ်ဝိုက်မှာ ကျီးတွေ၊ ငှက်တွေတောင် မရှိကြဘူးဗျို့။ ရှိရင် လန့်ပြီးပျံမှာပေါ့ဗျာ။ လင်းတကြီးတွေကတော့ ဝဲနေဆဲပဲဗျ။ ဒီနေ့တော့ စက်တွေလွှတ်တာ မတွေ့တော့ဘူးဗျို့။

ဟာ. . . ဘာတုံးဗျ။ ဒါ ဘာတုံး။

"ရှီ၊ ရှီ၊ ရှီ၊ ရှီ၊ ရှီ"

မှောင်မဲနေတဲ့ ကောင်းကင်မှာ ပေါ်လာတာဗျို့။ အရောင်တွေ တဝင်းဝင်းနဲ့ ရောက်လာတာ ဘာတုံးဗျ။ ဟာ နိမ့်လာပြီ။ နိမ့်လာပြီ။ ကြည့်စမ်း၊ ကြည့်စမ်း လင်းတကြီးတွေက အပေါ်ကို ခေါင်းတွေထောင်ပြီး ပျံတက်သွားပြီဗျို့။ လင်းတကြီးတွေရိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကနေ စက်ရှောင်တွေ ဖြာထွက်ထွက်နေလိုက်တာ ကြည့်လို့ တောင် ကောင်းသေးတော့ဗျာ။

အောင်မာ၊ အောင်မာ စုန်းမတွေက အပေါ်က ရောက် လာတဲ့ အရောင်တလက်လက်နဲ့ ယာဆီကို ပျံသွားကြတာဗျို့။ ဟာ မဖဲ့ဝါပြောတဲ့ ကဝေရာဇာကြီး ရောက်လာတာ ဖြစ်မယ်ဗျ လင်းတပုံစံ ဖ ားတဲ့ စုန်းမကြီးငါးယောက်က သူတို့ ယောက်ျား ကဝေ ကြီးကို အပေါ်တက်ပြီး ကြိုနေကြတာဗျ

ဟော ဟော ဆင်းလာကြပြီဗျို့။

အရောင်တွေမှ တဝင်းဝင်းကို ဖြစ်နေတာဗျာ။ အားလုံး အောက်ကို ဆင်းလာပြီဗျ။ ဆင်းလာပြီ။ ဟာ ဂူတွေပေါ်မှာ မတ်တတ်တွေ ရောက်နေကြပြီ။ ကဝေရာဇာကြီးက ကျောင်း အစ်မကြီးရဲ့ ဂူပေါ်မှာ ရပ်လို့ဗျ။ သူ့မယား စုန်းမကြီးငါးယောက် က သူ့ဘေးက ဂူတွေပေါ်မှာရပ်လို့။ စုန်းမကြီးတွေက ဆံပင်ဖား လျားကြီးတွေနဲ့ ထဘီအနက်ကြီးတွေ ဝတ်ထားတယ်ဗျ။ ကဝေ ရာဇာဆိုတဲ့ အကောင်ကြီးကတော့ သျှောင်တစောင်းကြီး ထုံး ထားတယ်။ သူတို့ရုပ်တွေတော့ ကျုပ် သေသေချာချာ မမြင်ရဘူး ဗျ။ ညက ကြယ်ရောင်ပဲရှိတာဆိုတော့ အမှောင်ကဲနေတာလေ ဗျာ။

"ရှင်မတို့ နင်တို့စက်တွေကို ကောင်းကောင်းဖြန့်ထား ကြပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန့်ထားပါပြီ အရှင်"

"အေး အေး မြေပြင်စက်၊ ဝေဟင်စက်တွေနဲ့ ညှပ်ပြီးမှ ဒီသရဲမကို ဖမ်းလို့ရမှာကွဲ့"

"နေပါဦး အရှင်၊ ဒီသရဲတစ္ဆေမကို ဒီလောက်တောင် စက်တွေဖြန့်ပြီး ဖမ်းရတာ အံ့သြလွန်းလို့ပါရှင်၊ တခြားပညာသည်တွေနဲ့ တိုက်ရ၊ ခိုက်ရတာတောင် ဒီလောက်မလုပ်ရပါဘူး။ အခုဟာက သရဲမ ဖမ်းဖို့ သုံးရက်လောက်ကြိုပြီး စက်တွေဖြန့်နေရတယ်လို့၊ ကျွန်မတော့ နားကို မလည်လို့ပါရှင်"

"ဟဲ့ သောက်ကန်းမ နားမလည်ဘဲ ထင်ရာလျှောက်ပြောမနေနဲ့၊ ငါ ထကန်လိုက်ရင် ပင်လယ်ထဲအထိ လွင့်သွားမယ်၊ ဒီသရဲမက ရိုးရိုးသရဲမ မဟုတ်ဘူး၊ နင်သိလား။ မြောက်ဘက်ရှင်မက သူ့ရဲ့ပညာဗူးကို စောင့်ဖို့ သူ့ရဲ့စက်တွေ ဒီသရဲမမှာ တပ်ပေးထားတာ နင် သိသလား။ နင့်မှာရှိတဲ့စက်နဲ့ မြောက်ဘက်ရှင်မရဲ့စက် အဆင့်ချင်းတူတယ်လို့ နင် ထင်နေသလား၊ ကဲ သွားကြ၊ ငါမှာထားတဲ့အတိုင်းလုပ်။ သူရဲမ လာလို့ ငါနဲ့ ရင်ဆိုင်နေတဲ့အချိန်မှာ နင်တို့က စက်တွေ ဝိုင်းလွှတ်ပေးထားကြ၊ ကြားလား။ ဒါမှ ငါ့စက်က အရှိန်ပိုမြင့်လာပြီး ဒီသရဲမကို ဖမ်းချုပ်နိုင်မှာ၊ ကဲ သွားကြတော့"

ကဝေရာဇာကြီးက သူ့မယား စုန်းမကြီးတွေကို မောင်းထုတ်လိုက်တယ်။ ဟာ စုန်းမကြီးတွေက ထဘီကို နှစ်ထပ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာဗျ။ အပေါ်ကတစ်ထပ်ကို ချွတ်ချလိုက်ပြီး 'ဖြန်း၊ ဖြန်း' နဲ့ ခါလိုက်တယ်။ ပြီးတော့ ဇောက်ထိုးကြီးတွေ ဝတ်လိုက်ကြ တယ်။ ဩော် လက်စသတ်တော့ အပေါ်က ထပ်ဝတ်တဲ့ ထဘီ က ပညာသည်ထဘီတွေကိုး။

စုန်းမကြီးတွေ စက်ရောင်တွေ တလက်လက်နဲ့ သချိုင်း ထဲက ထွက်သွားတယ်ဗျ။ ဒီမိန်းမကြီးတွေက ဘယ်ကိုသွားမှာတုံး ဆိုပြီး ကျုပ်က သေသေချာချာ လိုက်ကြည့်တယ်။ သချိုင်း အနောက်ဘက်က ယာခင်းထဲကို ထွက်သွားကြတာဗျ။ ဒီယာကို သချိုင်းယာလို့ ခေါ်ကြတယ်။ ဘိုးမင်းဒင်ကြီးရဲ့ယာဗျ။ ဘိုးမင်းဒင် မရှိတော့ သူ့သား ကိုကြီးမင်းညို လုပ်နေတာဗျ။

"သရဲမ မဖဲဝါ နင် အခုချက်ချင်း ဒီသချိုင်းကုန်းထဲကို လာခဲ့၊ နင့်သခင်မ မြောက်ဘက်ရှင်မရဲ့ ပညာဗူးကိုပါ တစ်ခါ တည်း ယူလာပြီး ငါ့ကို အပ်ပေတော့၊ ငါ့ကိုကြောက်ပြီး ပုန်းနေ မယ်တော့ မကြံနဲ့၊ နင့်ဆီကို ငါ ရောက်လာပြီး ဆံပင်ကနေ ဆွဲ ခေါ်သွားမယ် မှတ်ပေတော့၊ ဟား ဟား ဟား ဟား"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော မဖဲဝါရဲ့ခွေးကြီး အူသံ ကြားနေရပြီဗျို့။ မဖဲဝါ လာနေပြီ။ လာနေပြီ။ ကဝေရာဇာ ဆိုတဲ့ အကောင်ကြီးကတော့ မဖဲဝါခွေးကြီးအူသံကို သိပုံမပေါ်ဘူးဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး"



www.burmeseclassic.com

www.burmeseclassic.com



ဟော ခွေးကြီးအူသံက တဖြည်းဖြည်း နီးလာပြီဗျို့။ ဟာ လာပြီဗျို့၊ လာပြီ။ ဂူတွေပေါ်ကျော်ပြီး ပြေးလာတာဗျို့။ ဆယ်ပေလောက်မြင့်တဲ့ ဖြူဖြူအရိပ်ကြီးတစ်ခု ပြေးလာတာဗျို့။ ဟော ဂူကြီးတစ်လုံးပေါ်မှာ ရပ်သွားပြီ။ ကဝေရာဇာကြီးရဲ့ စက်တွေက ဖြန့်ထားတာဆိုတော့ မဖဲ့ဝါ ရှေ့ကိုတိုးလို့ မရတော့ဘူးထင်တယ်ဗျ။

ဟာ မဖဲ့ဝါက ထဘီအနက်၊ ခါးတောင်အင်္ကျီအနက်နဲ့ ခေါင်းမှာလည်း ခေါင်းပေါင်းအနက် ပေါင်းထားတာဗျ။ ဆံပင်ကတော့ ဖားလျားကြီးချလို့ဗျ။ အရပ်ကြီးမှ ဆယ်ပေလောက်ကို မြင့်တာပါဗျာ။

"ဟဲ့ကောင်မ မဖဲ့ဝါ၊ ဘယ်မှာတုံး၊ ငါ့ကို အပ်မယ့် ပညာဗူး၊ နင့်သခင်မရဲ့ ပညာဗူးကို ငါ လိုချင်တယ်၊ နင် မသေချင်ရင် အခုသွားယူလိုက်"

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

မဖဲ့ဝါ အော်ရယ်လိုက်တယ်ဗျို့။ ကဝေရာဇာကြီးက ချက်ချင်း သူ့ရဲ့စက်တွေ လွှတ်ပြီဗျို့။ ပါးစပ်က ထွက်လာတဲ့ အစိမ်းရောင်စက်တွေက မြွေတစ်ကောင် ပြေးသလို ချက်ချင်း ပြေးသွားတယ်။ မဖဲ့ဝါက မျက်လုံးက အလင်းတန်းသေးသေးလေးနှစ်တန်း ထွက်လာတယ်။ အရောင်ကတော့ လိမ္မော်ရောင်တောက်နေတာဗျ။ ဟော ကဝေရာဇာရဲ့စက်နဲ့တွေ့ပြီး စက်နှစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လိမ်သွားပြီ။ ဟာ ကဝေရာဇာရဲ့စက်တွေ ပြုတ်ထွက်ကုန်ပြီဗျို့။ ဟော ဟော ကဝေရာဇာကြီးပါ ဂူအောက်ကို လိမ့်ကျသွားပြီဗျို့။

"ဝုန်း၊ ဝုန်း"

ဟာ ကဝေရာဇာကြီးက ရုပ်ပြောင်းရုပ်လွဲ အတတ်နဲ့ ချက်ချင်းကျားပုံစံ ဖန်ဆင်းလိုက်ပြီဗျ။ ဟာ ကျားမှ နည်းတဲ့ကျားကြီးမဟုတ်ပါဘူးဗျာ၊ ဟိန်းလိုက်တာမှ မြေကြီးတောင် တုန်သွားတယ်ဗျို့။ ဟော ဟော ဂူကြီးတွေပေါ်ကို ခုန်တက်လိုက်ပြီ၊ လိုက်ပြီဗျို့၊ လိုက်ပြီ။ မဖဲဝါကို လိုက်ပြီဗျို့။ မဖဲဝါက ဂူတွေပေါ်ကနေ ရိပ်ကနဲ ရိပ်ကနဲ ပြေးတယ်။ ကျားကလည်း ဝုန်းကနဲ ဝုန်းကနဲ ဟိန်းပြီး မဖဲဝါကို လိုက်ကိုက်တယ်။ ဘုရား၊ ဘုရား။ ကျုပ်ဆိုတာ ဘုရားတနေရတော့တာပေ့ါဗျာ။ ဟော မဖဲဝါက ဂူတွေပေါ်က ရိပ်ကနဲ ရိပ်ကနဲ ပြေးရင်းက အရှိန်ကို ပိုမြှင့်လိုက်တယ်။ အရိပ်ကလေးပဲ တွေ့ရတယ်ဗျို့။ မြန်လိုက်တာမှ လှစ်ကနဲ လှစ်ကနဲကို ဖြစ်နေတာဗျ။

ကဝေရာဇာကျားကြီးတောင် မဖဲဝါ ပျောက်ပျောက်သွားလို့ လိုက်ရှာနေရတာဗျ။ ဟာ မဖဲဝါ ကျားကြီးအနောက်ကို ရောက်သွားပြီ။ ပြေးပြီ။ ပြေးပြီ။ မဖဲဝါ ပြေးပြီဗျို့။ ရိုက်ပြီ။ ရိုက်လိုက်ပြီ။ ကျားရဲ့ ခါးဆစ်ရိုးနေရာကို သူ့ရဲ့ လက်ဝါးကြီးနဲ့ ရိုက်ချလိုက်တာဗျို့။

"ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ပဲ၊ တစ်ချက်ပဲ။ ကျားကြီးက ဂူပေါက်နေ ခွေကနဲ ပြုတ်ကျသွားပြီး ချက်ချင်းမထနိုင်ဘူးဗျို့။ ဟော ထလာပြီ။ ဒါပေမဲ့ ကျားမဟုတ်တော့ဘူးဗျို့။ သျှောင်တစောင်းကြီး ထုံးထားတဲ့ ကဝေရာဇာကြီး ပြန်ဖြစ်သွားပြီ။ ဂူပေါက်ကို ခုန်တက်လိုက်တယ်။ ဒါပေမဲ့ ဒီလူ ခါးနာသွားတဲ့ပုံပဲဗျ။ ဒေါသလည်း တော်တော်ကို ထွက်နေပုံရတယ်ဗျို့။

"နင်က ဘာအဆင့်မှ မရှိတဲ့ သရဲမ၊ အရှင်မွေးလို့ နေ့ချင်းကြီးလာတဲ့ကောင်မ။ မယ်တော်လေးပါး စောင့်ရှောက်လို့ နင် အစွမ်းတွေ ရှိလာတာပဲ့၊ သရဲမရဲ့ နင့်ကိုနင် ဟုတ်လှပြီ ထင်မနေနဲ့၊ ငါ ဘာကောင်လဲဆိုတာ မကြာခင် နင် သိရစေမယ်၊ ကဝေရာဇာတဲ့ဟေ့"

ကဝေကြီးက ကြုံးဝါးလိုက်ပြီးတော့ မျက်လုံးတွေ၊ နှာခေါင်းတွေနဲ့ ပါးစပ်ကပါ စက်တွေ ထွက်လာရောဗျို့။ စက်တန်းကြီးငါးခုဟာ မဖဲ့ဝါဆီကို ထိုးဝင်သွားတော့ မဖဲ့ဝါ နောက်ဆုတ်သွားတယ်ဗျ။ မဖဲ့ဝါလည်း စက်တွေထုတ်တယ်။ ဒါပေမဲ့ မဖဲ့ဝါရဲ့စက်က ရှေ့ကို တိုးမလာတော့ဘဲ တစ်လံလောက်မှာ ရပ်သွားတယ်။

ဟာ မဖဲ့ဝါ ဘယ်လိုမှ မယှဉ်နိုင်တော့ဘူးဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား"

ကဝေရဲ့ ရယ်သံကြီး ထွက်လာပြီး စက်တွေကို အလုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ထုတ်ပြီး မဖဲ့ဝါဘက်ကို လွှတ်တယ်ဗျ။ မဖဲ့ဝါ ဂူတွေပေါ်က ကျော်ပြီး နောက်ဆုတ်သွားပြီဗျ။ တဖြည်းဖြည်းနဲ့ မဖဲ့ဝါက ဆုတ်၊ ကဝေက လိုက်နဲ့ သချိုင်းအနောက်ဘက်က ယာကွက်ကြီးထဲကို ရောက်သွားပြီဗျို့။

ဒြေဘ် လက်စသတ်တော့ ကဝေရာဇာက မဖဲ့ဝါကို တမင်တွန်းထုတ်သွားတာကိုးဗျ။ ယာကွက်ထဲမှာ သူ ကြိုလွှတ်ထားတဲ့ သူ့မယား စုန်းမကြီး ငါးယောက်ကလည်း စက်တွေ တဝင်းဝင်းနဲ့ စောင့်နေကြတာဗျ။ မဖဲ့ဝါ စုန်းမတွေကိုမြင်တော့ နည်းနည်းတွန့်သွားပုံရတယ်။

"ဟဲ့ကောင်မတွေ နင်တို့စက်တွေ ငါ့ဆီပို့ပေးစမ်း၊ ဒီသရဲမက မယ်တော်တွေအားကိုးနဲ့ ငါ့ကို ခံနေတာ၊ ဒီကောင်မကို ငါ ဒီည ရအောင်ဖမ်းမယ်"

ဟာ စုန်းမကြီးတွေ သူတို့စက်တွေကို တဝင်းဝင်းနဲ့ လွှတ်ပြီဗျို့။ စက်တွေက ကဝေကြီးဆီကို အကုန်ရောက်သွားတာဗျို့။ ကဝေရဲ့စက်တွေက စုန်းမတွေရဲ့စက်နဲ့ပေါင်းပြီး အရောင်တွေ ပိုတောက်လာတယ်ဗျ။ မဖဲ့ဝါရဲ့ စက်တွေက ရှေ့ကို တိုးမလာနိုင်တော့ဘူးဗျို့။ စောစောက ကဝေရာဇာရဲ့ စပြီးလွှတ်တဲ့အား သိပ်မပြင်းတဲ့စက်ကိုတော့ မဖဲ့ဝါရဲ့စက်က ဖြတ်ထုတ်ပစ်လိုက်နိုင်တယ်ဗျ။ အခုတော့ ဘယ်လိုမှ ယှဉ်နိုင်ပုံ မပေါ်ဘူး။ ဟာ စက်တန်းကြီး။ မဖဲ့ဝါကို ပတ်နေပြီ။ မဖဲ့ဝါ အသားဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



တုန်နေပြီဗျ။ ဒါပေမဲ့ တောင့်ခံထားပုံပဲ။

ဒါပေမဲ့ မဖဲဝါရဲ့ခေါင်းက နောက်ကို လန်နေပြီ။ လက်ဝဲနှစ်ဖက်နဲ့တော့ ကဝေရဲ့စက်တွေကို တွန်းထားတုန်းပဲဗျ။

ဒီတိုင်းဆိုရင်တော့ မဖဲဝါ ရေရှည်ခံနိုင်ပုံ မပေါ်ဘူးဗျို့။

ဟာ မဖဲဝါ ဒူးထောက်ကျသွားပြီ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ နင် ဘာခံသေးတုံး သရဲမဟင်၊ ကဝေရာဇာကို နင် ယှဉ်နိုင်မယ် ထင်လို့လား၊ ကဲဟာ ကဲဟာ"

ပြောပြောဆိုဆိုနဲ့ လက်ချောင်းတွေကနေ စက်တွေ ထပ်လွှတ်တယ်။ ဟာ မဖဲဝါ တဖြည်းဖြည်းနဲ့ သေးသွားပြီဗျို့။ ဟာ သေးသေးလေး ဖြစ်သွားပြီဗျာ။ နှစ်လက်မလောက်ကလေးပဲ ရှိတော့တယ်။ ထဘီအနက်၊ အကျီအနက်နဲ့ တကယ့်အရုပ်ကလေးကျနေတာပဲဗျာ။ ဟာ ကဝေက စလွယ်သိုင်းလွယ်ထားတဲ့ သူ့လွယ်အိတ်ကြီးထဲက ပုလင်းတစ်လုံးကို ထုတ်တယ်။ ပုလင်းက အဝကျယ်ကျယ်ဗျ။ အဖုံးက ဝက်အူရစ်အဖုံးအနက်ဗျ။ အဖုံးကို လှည့်ပြီး ပုလင်းကို ဖွင့်တယ်။ ပြီးတော့ မဖဲဝါသေးသေးလေးကို ဂုတ်ကကိုင်ပြီး ပုလင်းထဲကို ထည့်လိုက်တယ်။

"မှတ်ထား သရဲမ၊ ဒါ 'မှော်ဝင်ပုလင်း' လို့ ခေါ်တယ်။ မှော်ထောင်ချောက်ပေါ့၊ မှော်ထောင်ချောက်၊ နင့်လို သရဲတွေ၊ သရဲမတွေကို ဖမ်းတဲ့ ပုလင်းဟဲ့၊ ဒီပုလင်းထဲကနေ နင် ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ရင် ငါ့ကို နင့်သခင်မရဲ့ ပညာဗူး အပ်ပေတော့၊ အဲဒါ မအပ်မချင်း နင် ဒီပုလင်းထဲကနေ ဘယ်တော့မှ မထွက်ရတော့ဘူး မှတ်ပေတော့"

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

စုန်းမကြီးတွေက သူတို့လင် ကဝေရာဇာကြီးရဲ့ အောင်မြင်မှုကို ဝမ်းသာအားရ ဖြစ်နေကြတာဗျို့။ ကျုပ် ဒီတော့မှ ဘာလုပ်ရမယ်ဆိုတာ သိသွားတယ်ဗျို့။

လွယ်အိတ်ရဲ့ထောင့်မှာ ထည့်ထားတဲ့ ပစ္စည်းတစ်ခုကို ကျုပ် ထုတ်ယူလိုက်တယ်။ ဆရာကြီးဦးမင်းအောင် နိုင်ငံခြားကို ပြန်မသွားခင်မှာ ကျုပ်ကို ပေးခဲ့တဲ့ ကဝေပိုက်ကွန်ဗျ။ ကျုပ် ပိုက်ကွန်ကို ဖြန့်လိုက်ပြီး တံငါတွေ ကွန်ပစ်မယ့်ပုံမျိုး ကိုင်ထားလိုက်တယ်။

ပြီးတော့ ဂူတွေကို ကွယ်ပြီး သချိုင်းနောက်ဘက်ကို ပြေးထွက်တယ်။ ကျုပ် တစ်ရှိန်ထိုး ပြေးထွက်သွားလိုက်တာ စုန်းမကြီးတွေ အံ့သြပြီး ကျုပ်ကို မျက်လုံးပြူးကြီးတွေနဲ့ ကြည့်နေကြတာဗျို့။ သူတို့ ကျုပ်ကို ဘာမှမလုပ်ရသေးခင် ကျုပ်က ကွန်ကို ပစ်လိုက်ပြီ။ အုပ်သွားပြီ။ အုပ်သွားပြီ။ ငါးယောက်စလုံးကို ကဝေပိုက်ကွန်က အုပ်မိသွားပြီဗျ။ အားလုံး ဘုန်းကနဲလဲကျပြီး ဆန့်ငင် ဆန့်ငင် ဖြစ်နေရောဗျ။

ကျုပ် ပိုက်ကွန်ကို လွှတ်ချလိုက်တယ်။ အချိန်မရှိဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် လွယ်အိတ်ထဲက သံကဝေရုပ်ကလေးကိုထုတ်ပြီး ဂါထာ စုတ်လိုက်တယ်။ သံကဝေကလည်း ကျုပ်က အိမ်မှာ ကြိုပြီးနှိုး ထားတော့ ချက်ချင်းကို အသက်ဝင်လာပြီး အရောင်တဝင်းဝင်း ထွက်လာတာဗျို့။

"ဝှီး၊ ဝှီး၊ ဝှီး"

သံကဝေက ကျုပ်လက်ထဲက ပျံထွက်သွားပြီး ကဝေ ရာဇာကိုပတ်ပြီး ပျံနေတယ်။ ကဝေရာဇာရဲ့စက်တွေ အရောင် မှိန်သွားပြီဗျ။ ကဝေရာဇာကြီးက မဖဲဝါကို ဖမ်းထားတဲ့ ဖန်ပုလင်း ကို ကိုင်ထားရင်းနဲ့ ကျုပ်ကို လှည့်ကြည့်တယ်။ သူ့မယားတွေကို ကျုပ် ပိုက်ကွန်နဲ့ အုပ်ဖမ်းထားတာတွေ့တော့ လန့်သွားပြီး. . .

"ဟေ့ကောင်လေး မင်းက ဘယ်သူတုံး၊ မလောက်လေး မလောက်စားနဲ့၊ မင်းက ဘာဝင်ရှုပ်တာတုံး၊ ငါ့ကိစ္စငါ လုပ်တာကို မင်းက ဝင်ရှုပ်ရအောင် မင်းက ဘာကောင်တုံး"

ကဝေစက်အကျမှာ မဖဲဝါက အခွင့်ကောင်းယူလိုက်ပြီဗျို့။

"ခွမ်း"

ကဝေလက်ထဲက မှော်ဝင်ပုလင်းကို မဖဲဝါက သူ့စက် တွေနဲ့ ခွဲပစ်လိုက်တယ်။ အပြင်လွင့်ထွက်သွားတာနဲ့ တစ်ပြိုင်နက် တည်းမှာ အရွယ်လည်း ပြန်ကြီးသွားပြီဗျ။

"အမေ"

"မြောက်ဘက်ရှင်မ"



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါရဲ့ အော်သံက ယာကွင်းကြီးထဲမှာ ဟိန်းပြီး ထွက်လာတယ်ဗျို့။ ဟာ မဖဲဝါရဲ့ တစ်ကိုယ်လုံးမှာ စက်ရောင်တွေ ပျိုးပျိုးပျက်ပျက် ထွက်လာတယ်ဗျို့။ ဧကန္တ မြောက်ဘက်ရှင်မက မဖဲဝါကို စက်တွေ ထပ်ပေးလိုက်ပြီ ထင်တယ်ဗျ။

ဟာ ဟာ့ မဖဲဝါ လက်နှစ်ဖက်က ထွက်လာတဲ့ စက်ရောင်က မျက်စိမခံနိုင်အောင်လို့ တောက်နေတာဗျို့။

ကဝေရာဇာကြီးကတော့ ကျုပ်ရဲ့ သံကဝေရုပ်ကလေး ပတ်နေတော့ တဖြည်းဖြည်း စက်အားတွေ ကျလာပြီး လူပါ ခွေကျသွားပြီး မြေကြီးမှာ ဒူးထောက်လျက်ကြီး ကျသွားရောဗျာ။ ခေါင်းကြီးကလည်း ငိုက်စိုက်ကြီး ကျနေတယ်။ ဒီတုန်းမှာပဲ မဖဲဝါရဲ့လက်က စူးပြီးတောက်နေတဲ့ စက်တန်းလေးတစ်တန်းက လှစ်ကနဲ ပြေးထွက်သွားပြီး ကဝေရဲ့ လည်ပင်းကို ပတ်လိုက်တယ်။

"ဟာ"

ကျုပ်ပါးစပ်က လန့်ပြီးအော်လိုက်မိတာဗျို့။ ကဝေရာဇာကြီးလည်ပင်း တိကနဲ ပြတ်ကျသွားပြီဗျို့။ ကျုပ်မျက်စိတောင် ကျုပ် မယုံနိုင်အောင် ဖြစ်နေတာ။ လည်ပင်းငုတ်တိုကြီးကနေ ပန်းထွက်လာတဲ့ သွေးတွေဟာ နှစ်ပေလောက်တောင် ရောက်သွားတယ်ဗျ။

ကျုပ်လည်း ကျုပ်ရဲ့ သံကဝေရုပ်ကလေးကို ပြန်သိမ်းလိုက်တယ်။ မဖဲဝါက ကျုပ်ကို လှမ်းကြည့်ပြီး သူ့လက်နှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဆွဲသလို ဆွဲပြတယ်။

ကျုပ် သိပြီ။ ကျုပ် သိပြီ။ ကဝေပိုက်ကွန်ကို ဆွဲယူနိုင်းတာဗျို့။ ကျုပ် ချက်ချင်းပိုက်ကွန်ကို ပြန်သိမ်းလိုက်တယ်။

"ရှီး၊ ရှီး"

"ဟာ"

ကျုပ် လန့်ပြီးအော်မိပြန်ပြီဗျို့။ ကျုပ်လည်း ကဝေပိုက်ကွန် သိမ်းလိုက်ရော မဖဲ့ဝါက စောစောက ကဝေရာဇာကို လည်ပင်းဖြတ်ဟဲ့စက်ကို စုန်းမတွေဆီ လွှတ်လိုက်တယ်ဗျ။

"အား၊ အား၊ အား"

စုန်းမကြီးတွေ အသံနက်ကြီးနဲ့ အော်လိုက်ကြတယ်။ ပြီးတော့ တွန့်လိမ်ပြီးမှ ငြိမ်ကျသွားကြတယ်ဗျို့။ ကျုပ် ကဝေရာဇာကို လှည့်ကြည့်လိုက်တော့. . .

"ဟာ"

ကျုပ် လန့်ပြီးအော်မိပြန်ရောဗျာ။ ကဝေကြီးရဲ့ အလောင်းက လူမဟုတ်ဘူးဗျ။ ခွေးမဲကြီးတစ်ကောင် ဖြစ်နေတယ်။ ခွေးမဲကြီးက ဆန့်ဆန့်ကြီး သွေးအိုင်ထဲမှာ လဲနေတာဗျို့။ ခေါင်းပြတ်ကြီးက တစ်ပေလောက်အကွာမှာ ခွေးခေါင်းကြီးပဲ။

"ဟာ"

ကျုပ်မှာ အံ့ဩရပြန်ရောဗျာ။ စုန်းမကြီးတွေကို လှည့်ကြည့်တော့ လူတွေ မဟုတ်တော့ဘူးဗျာ။ အားလုံး လင်းတ



www.burmeseclassic.com

www.burmeseclassic.com



အသေ ငါးကောင် ဖြစ်နေရောဗျို့။

ကျုပ် အံ့သြပြီး မဖဲဝါကို လှည့်ကြည့်လိုက်တယ်။ မျက်လုံးနီနီကြီးတွေနဲ့ ကျုပ်ကို တစ်ချက်လှမ်းကြည့်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဒီတုန်းမှာပဲ မဖဲဝါရဲ့ ခွေးနက်ကြီးက အပြေးအလွှား ရောက်လာပြီး မဖဲဝါရှေ့မှာ ရပ်လိုက်တယ်။ ကဝေပိုက်ကွန်ကို သေသေချာချာ ခေါက်နေတဲ့ ကျုပ်ကို ခွေးနက်ကြီးက စိုက်ကြည့် နေတယ်ဗျ။

ဟော သွားကြပြီဗျို့။ မဖဲဝါရော သူ့ခွေးနက်ကြီးရော ထွက်သွားကြပြီ။

ကျုပ်လည်း ရွာထဲကို ခပ်သုတ်သုတ် ပြန်ဝင်ခဲ့တယ်။ ကျုပ် အိမ်ပြန်ရောက်တော့ နာရီပြန်နှစ်ချက်ကျော်နေပြီဗျ။ အဘနဲ့ အမေ မသိအောင် ကျုပ် အိမ်ထဲကို တိတ်တိတ်ကလေး ဝင်ပြီး အိပ်နေလိုက်တယ်။ ဒါပေမဲ့ အိပ်လို့ဘယ်ပျော်ပါ့မလဲဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# ခြေကျာတစ်တောင်
# နောက်မှောင်

အညာမိုးဆိုတာ စွေပြီးရွာတယ်လို့ ဘယ်ရှိမှာတုံးဗျာ။
သဲသိပ်ရုံလောက်ပဲ ရွာတာပါ။ ဒါပေမဲ့ ညကရွာတဲ့မိုးကတော့

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာသွားဗျ။ မိုးအအေးဓာတ်ကလေးနဲ့ ကျုပ်လည်း
အိပ်ရာထဲမှာ ခွေနေတာဗျ။ နိုးလာလိုက်၊ ပြန်အိပ်သွားလိုက်
ပေါ့ဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျောက်ခဲအသံဗျ။ ဒီကောင် ဘာဖြစ်လာတယ် မသိ
ဘူးဗျို့။ ပျာပျာ ပျာပျာနဲ့ ရောက်လာပြန်ပြီ။ ကျုပ်လည်း အိပ်
ကနေ ကပျာကယာ ထလိုက်ရတာပေါ့ဗျာ။

ဒီကောင် အိမ်ပေါ်ကို တန်းပြီးတက်လာတာဗျို့။ ကျု
ခြင်ထောင်ဖွင့်ပြီး ထွက်လိုက်တာနဲ့ ကျောက်ခဲက ကျုပ် အိပ်
ဘေးကို ရောက်နေပြီဗျ။

"ဟေ့ကောင် ကျောက်ခဲ ဘာတွေအလုပ်များနေတုံး"

"အလုပ်ကတော့ အမြဲများနေတာပေါ့ ကိုကြီးတာ
ရာ၊ ကျုပ်တို့က တောင်သူသားတွေ မဟုတ်လားဗျာ"

ကျုပ်က ခေါင်းညိတ်ပြရင်း အိပ်ရာက ထလိုက်တယ်
ကျုပ်မျက်နှာသစ်ပြီး ထွက်လာတော့ အမေ အဆင်သင့်ပြင်
ထားတဲ့ ထမင်းကြမ်း စားတယ်ဗျ။

အဘမြို့က ပြန်လာတော့ ဝယ်လာတဲ့ အမဲသား
ခရမ်းချဉ်သီးနဲ့ သေသေချာချာ ဆီပြန်ချက်ထားတဲ့ဟင်းဗျ။

"ကျောက်ခဲ ထမင်းကြမ်း စားလေ"

"ကျုပ် စားခဲ့ပြီးပြီဗျ၊ ကိုကြီးတာတေစား"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ထမင်းကြမ်းစားတော့ ဒီကောင် ရေနွေးကြမ်းသောက်နေတယ်။

"နို့ နေပါဦး ကျောက်ခဲရဲ့၊ မင်း အစောကြီး ရောက်လာတာ ကိစ္စရှိလို့လားကွ"

"ရှိသမှ ကိစ္စကသေးသေးလေး မဟုတ်ဘူးဗျ၊ တစ်တောင်ကျော်ကျော်လောက်ကို ရှိတာ"

"ဘာကွ၊ မင်းစကားက အဆန်းပါလား၊ ကိစ္စက တစ်တောင်ကျော်ကျော်လောက်ရှိတယ် ဟုတ်လား၊ ဘာအဓိပ္ပာယ်တုံး ကျောက်ခဲရ"

ကျုပ်က ထမင်းကြမ်းစားရင်း ကျောက်ခဲကို လှမ်းကြည့်နေတာဗျ။

"ကိုကြီးတာတေက အိပ်ရာက အခုမှနိုးတာကိုဗျ၊ ဘာသတင်းမှ မကြားသေးဘူးပေါ့"

"ဟော့အေး ငါ ဘာမှမကြားသေးဘူးကွ၊ ရွာထဲမှာ ဘာများဖြစ်လို့တုံး"

"ရွာထဲမှာ ဘာမှမဖြစ်ဘူးဗျ၊ ရွာပြင်မှာဖြစ်တာ"

"ဟကောင် ကျောက်ခဲ မင်းစကားတွေက အထူးအဆန်းတွေချည်းပါလား၊ ရှင်းရှင်းပြောစမ်းပါကွာ"

"ဒီလို ကိုကြီးတာတေရေ၊ ရွာမြောက်ဘက်မှာ ဘွားမယ်လှတို့ယာ ရှိတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်လေကွာ၊ မြောက်ဘက်က ကပ်လျှ ထန်းတောရှိတဲ့ယာက ဘွားမယ်လှတို့ယာပေါ့ကွ"

"အဲဒီယာထဲမှာ ခြေရာကြီးတွေ့လို့ဗျ"

"ဘာခြေရာတုံးကွ ကျောက်ခဲရ"

"လူခြေရာတော့ လူခြေရာဗျ"

"ဟ ယာထဲမှာ လူခြေရာတွေ့တာ ဆန်းလို့လားကွ ကျောက်ခဲရ"

"ဟာ ဆန်းပါပြီလားဗျာ၊ ခြေရာက လူခြေရာ ဆို မယ့် တစ်တောင်လောက် ရှိတာဗျ၊ ဒါ လူကြီးလက်နဲ့ တိုင်းတာ နော်၊ ကျုပ်လက်နဲ့ တိုင်းကြည့်တာတော့ တစ်တောင်ကျော် တယ်ဗျ"

"ဟေ မင်း ရောက်ပြီးသွားပြီလား ကျောက်ခဲရ"

"ဟာ ရောက်ပြီးပြီပေါ့ဗျ၊ ထနောင်းကုန်းက တာ တပည့် ကျောက်ခဲပဲဗျာ၊ ရှေ့ဆုံးကပေါ့"

"အင်း ဒီသတင်းကို တို့ရွာသားတွေ သိသွားကြ လားကွ"

"သိလို့ပဲ တစ်ရွာလုံး သွားကြည့်ကြပြီးပြီဗျ၊ မကြ သေးတာဆိုလို့ ကိုကြီးတာတေတစ်ယောက်ပဲ ကျန်တော့မှာ"

ကျုပ်နဲ့ ကျောက်ခဲနဲ့ ပြောဆိုနေကြတုန်းမှာပဲ အ ဝိုင်းထဲကို ဝင်လာတယ်။ အမေ ဘယ်အချိန်က ရွာထဲသွားလို

www.burmeseclassic.com



မှန်း ကျုပ်တောင် မသိလိုက်ဘူးဗျ"

"တာတေ နေရာတကာ ရှေ့ကရောက်တဲ့ ကိုတာတေရေ၊ ဒီတစ်ခါတော့ နောက်ဆုံးကပါလားတော်"

"အမေ ဘယ်က ပြန်လာတာတုံးဗျ"

"ဟဲ့ ဘယ်ကပြန်လာရမှာတုံး၊ တစ်ရွာလုံး အုံးအုံးကျွက်ကျွက် ဖြစ်နေတဲ့ ခြေရာကြီးတွေကို သွားကြည့်တာပေါ့ဟဲ့"

"ခြေရာကြီးတွေ၊ အကြီးကြီးဆိုတာ ဟုတ်လား အမေ"

"ဟုတ်ပ့ါတော်၊ တစ်တောင်လောက်ရှိတဲ့ ခြေရာကြီးတွေဟဲ့ တာတေရဲ့"

ကျုပ် ထမင်းဆက်စားလို့တောင် မရတော့ဘူးဗျ။ ခပ်မြန်မြန်ပဲ ထမင်းကြမ်းစားပြီး ကျုပ်နဲ့ ကျောက်ခဲ ရွာပြင် ထွက်လာခဲ့တယ်။

ရွာမြောက်ဘက်က ဘွားမယ်လှယာထဲ ရောက်တော့-

"ကိုကြီးတာတေ အဲဒီမှာ ခြေရာကြီးတွေ"

ကျောက်ခဲက ကျုပ်ကို ပြတာဗျ။ ကျုပ် ရောက်တော့ သူရှင်းနေပါပြီ။ တစ်ရွာလုံးကလူတွေ ဒီခြေရာကြီးတွေကို ဆွက်ပြီး ကြည့်ပြီးသွားပြီထင်တယ်"

"ဟာ"

ကျုပ်တောင် ပါးစပ်က လွှတ်ကနဲ အော်လိုက်မိတာဗျ။ နည်းတဲ့ခြေရာကြီး မဟုတ်ပါဘူးဗျာ။ ယောကျ်ားကြီးတစ်တောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ အနည်းဆုံး ရှိတယ်ဗျ။ ညက တစ်ညလုံး မိုးကလေး တစိမ့်စိမ့်ရွာနေတော့ သဲတွေက ကျစ်ပြီး သိပ်နေတာလေဗျာ၊ ဒီတော့ ခြေရာက ကောင်းကောင်းမြင်ရတာပေါ့ဗျ။

ကျုပ် သေသေချာချာ ကြည့်တယ်ဗျ။ ခြေချောင်းက လည်း ငါးချောင်းပဲ။ အရှည်တစ်တောင်ကျော်ကျော်ရှိတဲ့ ခြေဖဝါး ဆိုတော့ ဖြက်ကလည်း အကြီးကြီးပေါ့ဗျာ။ စုံထောက်တွေရဲ့ ပညာမှာတော့ အလျားဘယ်လောက်ရှိရင် အရပ်ဘယ်လောက် ရှိတယ်ဆိုတာ ရှိတာပေါ့ဗျာ။ ကျုပ်ကတော့ ဒါတွေ ဘယ်သိမှာ တုံး။ ခြေလှမ်းအကျယ်ကလည်း အကျဲကြီးဗျ။

ဒါကို မှန်းဆကြည့်ရင် အရပ်က ဆယ်ပေ၊ ဆယ့်နှစ်ပေ လောက်ရှိမယ်ထင်တယ်။ ဒါပေမဲ့ အံ့ဩစရာကောင်းတာတစ်ခု ရှိတယ်ဗျ။ ဒီလောက်ကြီးမား ထွားကျိုင်းတဲ့ လူတစ်ယောက်ဆိုရင် ခြေရာဟာ သဲထဲမှာ အနက်ကြီး ကျွံဝင်နေရမှာဗျ။ အခုတော့ ခြေရာက သဲပေါ်မှာ ထင်ရုံလေး ထင်နေတာ။ တော်တော်ကို အံ့ဩစရာပေါ့ဗျာ။

ကျုပ် တွေးမိပြီးသားပါဗျာ။ ဒါ လူမဟုတ်ဘူးဗျ။ နာနာ ဘာဝတစ်ကောင်ရဲ့ ခြေရာပဲဗျ။ ကျုပ်နဲ့ ကျောက်ခဲ ခြေရာ နောက်ကို ချောက်လိုက်ကြည့်တယ်။ ခြေရာက ရွာကို တစ်ပတ် ပတ်သွားတယ်။ တစ်ပတ်တည်းဗျ။ တစ်ပတ်ထက်ပိုပြီး မပတ် ဘူး။ ကျုပ် ခြေရာတွေကို သေသေချာချာကြည့်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အံ့ဩစရာက ရွာကို တစ်ပတ် ပတ်ပြီးတော့ အဲဒီခြေရာတွေ ဘယ်ကိုသွားတုံးဆိုတာ ကျုပ်လိုက်ကြည့်တာ ဘယ်ကိုသွားတာမှ မတွေ့ရဘူးဗျ။ ပျောက်သွားတဲ့ပုံပဲ။

အလုပ်ရှုပ်ပြန်ပြီပေါ့ဗျာ။

သူကြီးက နေ့လည်ဘက်မှာ အစည်းအဝေး ခေါ်တယ်။ ရွာက ယောကျ်ားတွေအားလုံး တက်ရတယ်။ လူကြီးပိုင်းတော့ မပါဘူးပေါ့ဗျာ။

ထုံးစံအတိုင်း ကင်းတွေ တွဲရတာပေါ့။ ဒီညကစပြီး ရွာထဲမှာ ကင်းချရမယ်။ အကြောင်းရှိရင် သံချောင်းခေါက်၊ တစ်ကင်းက ခေါက်သံကြားရင် ကျန်တဲ့ကင်းတွေက အကုန် လိုက်ခေါက်ပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော ခွေးတွေ အူပြီဗျို့။ ရွာမြောက်ပိုင်းက ခွေးတွေက ပြီးအူတာဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော အူကုန်ပြီ။ အူကုန်ပြီ။ ရွာအရှေ့ပိုင်း၊ အလယ် ပိုင်း၊ တောင်ပိုင်း၊ အနောက်ပိုင်း အို တစ်ရွာလုံး အူလိုက်ကြတာ ဆူညံနေရာဗျာ။

"ဟဲ့ တာတေ ကြားလား၊ ခွေးတွေအူနေတာ"

"ကြားတယ် အမေ၊ ကြားတယ်၊ ကျုပ် နိုးနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဘယ်လိုများ ဖြစ်ပါလိမ့်ဟယ်၊ တစ်ရွာလုံးကို ဆူညံနေတော့တာပါလား"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ကျုပ် အိပ်ရာက ထလိုက်တယ်။ ဆေးလွယ်အိတ်ကိုယူပြီး မျက်ကွင်းဆေး ကွင်းလိုက်တယ်။ ကျုပ် ရွာလယ်လမ်းကိုရောက်တော့ ရွာမြောက်ပိုင်းကိုသွားတဲ့လမ်းမှာ သုတ်သုတ်နဲ့ဖြတ်လျှောက်သွားတဲ့ ကျောက်ခဲကို ကျုပ် တွေ့လိုက်တယ်ဗျ။

"ဟေ့ ကျောက်ခဲလားကွ"

တုံ့ကနဲရပ်သွားတယ်။ ပြီးတော့ ကျုပ် လျှောက်လာတဲ့ရွာလယ်လမ်းကို ဒီကောင် ရောက်လာတယ်။

"ကိုကြီးတာတေ၊ ရွာမြောက်ပိုင်း သွားကြည့်မလို့လား"

"အေးကွ၊ မြောက်ပိုင်းမှ မဟုတ်ပါဘူးကွာ၊ ဘယ်ကကြည့်ကြည့်ဖြစ်ပါတယ်၊ ဒါကြီးက ရွာကို ပတ်မှာပဲဟာ"

"ဒါပေမဲ့ မြောက်ပိုင်းက မြောက်တံခါးက သရက်ပင်ကြီးတွေက တက်လို့ကောင်းတယ်ဗျ"

"ဒါဆိုလည်း သွားလေကွာ"

ဟုတ်တော့ ဟုတ်သားဗျ၊ ကျောက်ခဲပြောတဲ့အတိုင်းပဲမြောက်တံခါးနားက သရက်ပင်ကြီးနှစ်ပင် အုပ်အုပ်ကြီးဗျ။ ကျုပ်တို့နှစ်ယောက် သရက်ပင်ပေါ်တက်ပြီး သရက်ကိုင်းကြီးတစ်ကိုင်းစီမှာ ထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာပြင်ကို တန်းမြင်နေရတာဗျ။ ကောင်းကင်မှာက လလေးမှုန်ပြပြ သာနေတယ်။ မိုးရိပ်ကလေးရှိနေတာကိုး၊ လက တိမ်ပါးကလေးကိုဖောက်ပြီး လင်းနေရတာဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟော မြောက်ပိုင်းကခွေးတွေ အူကြပြန်ပြီဗျို့။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟာ ခြေသံကြီးဗျ။ ရွာနောက်ဘက်ကနေ လျှောက်လာ တာဗျို့။ ခြေသံကတော့ ခပ်မှန်မှန်ပဲဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်"

တဖြည်းဖြည်းတော့ နီးလာသလိုပဲဗျ။ ကျုပ်နဲ့ ကျောက်ခဲ လည်း သစ်ရွက်တွေကြားကနေ မျက်တောင်မခတ် ကြည့်နေတာ ပေါ့ဗျာ။

"ဝေါ၊ ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

ဟာ ကျီးတွေ ပျံပြီဗျို့။ သစ်ပင်တွေက ကျီးကန်းတွေ လန့်ပြီး ထပျံကြတာဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

"ဟာ တွေ့ပြီဗျို့၊ တွေ့ပြီ၊ ဟာ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာဗျာ။ ဆယ့်ငါးပေလောက်ကို မြင့်မှာဗျ။ ကိုယ်လုံးက လည်း စပါးအစိတ်ဝင် ပုတ်လောက်လောက်ရှိတယ်။ ခြေသံ ဒါကြောင့်လည်း ခြေရာကြီးက တစ်တောင်ကျော်လောက်ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုးလို့ ကျုပ် တွေးလိုက်မိတယ်။

ကျောက်ခဲကတော့ ခြေသံကြီးပဲ ကြားနေရတာပေါ့ဗျာ။ မျက်လုံးနီနီကြီးတွေက ခြင်းလုံးအရွယ်လောက် ရှိမယ်ဗျ။ ကျုပ်ဖြင့် ကြက်သီးနတွေတောင် ထလို့ပေါ့ဗျာ။ အံ့ဩစရာ ပြောရဦးမယ်ဗျို့။ ဒီအကောင်ကြီးက ဘာကောင်ကြီးမှန်းတော့ မသိဘူးဗျ။ ဒါပေမဲ့ တစ်ကိုယ်လုံးကတော့ မီးသွေးခဲလိုကို နက်မှောင်နေတာပဲဗျို့။ ခါးမှာ ပုဆိုးကွက်တုံးကြီး ဝတ်ထားတယ်။ ပုဆိုးက ဒူးခေါင်းလောက်ကို တိုတိုကြီး ဝတ်ထားတာဗျ။ အပေါ်ပိုင်းမှာ အင်္ကျီမပါဘူး။ ကိုယ်တုံးလုံးဗျ။ အသားက မီးသွေးခဲ မည်းသလိုကို မည်းတာဗျို့။ မျက်လုံးနီနီကြီးတွေက ဘယ်ကိုမှ မကြည့်ဘဲ ရှေ့တည့်တည့်ကိုပဲ ကြည့်နေတာဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

ခွေးတွေကလည်း အူလိုက်တာမှ ဆူညံနေတာဗျို့။

ကျုပ်နဲ့ ကျောက်ခဲလည်း သရက်ပင်ပေါ်က ပြန်ဆင်းလာပြီး အိမ်ပြန်ခဲ့ကြတယ်။ ကျုပ် အိမ်ရောက်ပြီး ခဏကြာတော့ ခွေးအူတာတွေလည်း ရပ်သွားရောဗျ။ ကင်းသမားတွေလည်း ဘာမှမဖြစ်တော့ သံချောင်းတွေ ဘာတွေလည်း မခေါက်ရဘူးပေါ့ဗျာ။

ကျုပ် အိပ်ရာကနိုးပြီး ထမင်းကြမ်းစားပြီးရုံပဲ ရှိသေးတာ



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ ကျောက်ခဲ ရောက်လာတယ်။ ဒီကောင်ကလည်း ကျုပ်လို ကောင်ပါဗျာ။ ဒီလိုကိစ္စမျိုးတွေ ကြုံလာရင် ညတောင် အိပ်လို့ ပျော်တာ မဟုတ်ဘူးဗျ။

"ကိုကြီးတာတေ ညကကိစ္စ ဘယ်လိုတုံးဗျ"

ကျုပ်က ကျောက်ခဲကို ကျုပ်မြင်တာ ပြောပြလိုက်တယ်။ ဒီတော့မှ ကျောက်ခဲ တော်တော်လန့်သွားတာဗျ။

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ ကိုကြီးတာတေ၊ တော်တော်ကြာ ရွာကို ဒုက္ခပေးနေရင် ခက်မယ်ဗျ"

"ငါလည်း ဒါကိုပဲ စဉ်းစားနေတာကွ၊ ဒါပေမဲ့ ကိစ္စ အကြောင်းရင်းကို သေသေချာချာ မသိဘဲ ငါ မလုပ်ရဲဘူးကွ ကျောက်ခဲရ"

"ဟင် ဒါဆိုရင် ကိုကြီးတာတေ ခါတိုင်းလုပ်သလို မဖဲဝါ ကို သွားမေးမလား"

"နေပါဦးကွာ၊ ဒါ ဘာအကြောင်းလဲဆိုတာ သိလာမှာပါ။ ခဏစောင့်ကြည့်ကြတာပေါ့ကွာ"

"အင်းလေ ဒါလည်း ဟုတ်တာပါပဲ၊ ဘာမှန်းညာမှန်း မသိဘဲ ဘာမှလုပ်လို့ မရဘူးလေ"

"ကျောက်ခဲရေ ကျောက်ခဲ"

ကျောက်ခဲက အိမ်ရှေ့ကို လှမ်းကြည့်တယ်။ ဝိုင်းဝမှာ ရပ်ခေါ်နေတာက သံမဏိဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် သံမဏိ၊ လာလေကွာ၊ ငါ ဒီမှာ ရှိတယ်"

သံမဏိက အိမ်ပေါ်ကို တန်းတက်လာတယ်။

"သံမဏိ လာလေကွာ၊ ကျောက်ခဲကိုခေါ်ပြီး ဘယ်သွားမလို့တုံး"

"ဒီကောင့် အဖေတွေ အမေတွေ ယားနေလို့ဗျ"

"ဟေ ဘာကွ၊ သံမဏိ၊ ဘယ်လိုဖြစ်တယ်"

"ကျောက်ခဲ အဖေတွေ အမေတွေ ယားနေကြတာ ကိုကြီးတာတေရ၊ ကုတ်လို့လည်း မရဘူး၊ အသားမှာ အပိန့်ကြီးတွေထပြီး ယားတာဗျ၊ အခုတော့ သနပ်ခါး သွေးလိမ်းနေကြတယ်"

"အင်ပြင်ထတာ နေမှာပေါ့ကွာ"

"အင်ပြင်လား၊ ဘာလားတော့ မသိဘူးဗျ။ ယားတာက တော့ ရွာမြောက်ပိုင်းတစ်ပိုင်းလုံးနဲ့ တောင်ပိုင်းတစ်ပိုင်းလုံးက လူအကုန်ပဲဗျ"

"ဟေ ဘယ်လိုကွ၊ ကျောက်ခဲအဖေနဲ့ အမေတင် ယားတာမဟုတ်ဘူးလားကွ သံမဏိရ"

"ဟာ မဟုတ်ဘူး ကိုကြီးတာတေရ၊ ရွာမြောက်ပိုင်းတစ်ပိုင်းလုံးနဲ့ တောင်ပိုင်းတစ်ပိုင်းလုံး ယားနေကြတာ။ အလိုလိုနေရင်းက ယားတာဗျ"

"ဟာ မဟုတ်သေးပါလား၊ ငါလိုက်မယ်၊ လိုက်မယ်"

ကျုပ်ရောက်တော့ ဟုတ်တယ်ဗျို့။ အိမ်တိုင်းအိမ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိသမျှ လူအကုန် ယားနေတာဗျ။ ကျုပ် ချက်ချင်း ဆရာတော် ဆီကို ပြေးပြီး အကျိုးအကြောင်း လျှောက်လိုက်တယ်။ ဆရာ တော်က ကျုပ်ကို သစ်စုန်းတောင်ဝှေး ပေးလိုက်တယ်။ ရေတိုင် ကီထဲမှာ သစ်စုန်းတောင်ဝှေးနဲ့မွှေပြီး အဲဒီရေနဲ့ တောက်လိုက် တာ အယားတွေ ပျောက်ကုန်ရောဗျ။ ဒါနဲ့ မြောက်ပိုင်းက အိမ် တွေနဲ့ တောင်ပိုင်းက အိမ်တွေမှာ ကျုပ်ရယ်၊ ကျောက်ခဲရယ်၊ သံမဏိရယ် သစ်စုန်းတောင်ဝှေးနဲ့ ရေတွေ လိုက်လုပ်ပေးတယ်။

ဒီဗောဓိမှ အယားတွေ ပျောက်ကုန်တာဗျို့။ တစ်ရွာလုံး ကလူတွေ ကျုပ်ဆရာတော်ရဲ့တောင်ဝှေးကို ချီးမွမ်းလိုက်တာ မပြောပါနဲ့တော့ဗျာ။ ညရောက်တော့ ကျုပ်နဲ့ ကျောက်ခဲ သရက် ပင်ပေါ် တက်စောင့်နေကြတယ်။ ဒါပေမဲ့ ခွေးတွေလည်း မအူ ဘူး။ မီးသွေးခဲလို မည်းနက်နေတဲ့ အကောင်းကြီးလည်း မလာ ဘူးဗျ။

ကျုပ်တို့ အိမ်ပြန်လာခဲ့ကြတယ်။

ကျုပ် မေးကနဲ အိပ်ပျော်ရုံ ရှိသေးတာဗျ။

“ဝေါ၊ ဝေါ၊ ဝေါ၊ ဝေါ”

ဟာ လေတွေ တိုက်နေပါရောလား၊ ကျုပ် လန့်ပြီး ထထိုင်လိုက်မိတယ်။

“တာတေ နိုးလား၊ လေတွေ တအားတိုက်နေတယ် ကြားလား”



www.burmeseclassic.com

www.burmeseclassic.com



"နိုးတယ် အမေ၊ ကြားတယ်၊ ကြားတယ်"

တိုက်လိုက်တဲ့လေဗျာ၊ ဝေါကနဲ၊ ဝေါကနဲကို ဖြစ်နေတာဗျ။ ပြီးတော့ လေကလည်း လေအေးကြီးဗျာ။ မိုးတော့ မပါဘူးဗျို့။ လေချည်းပဲတိုက်တာ။ လေငြိမ်တော့မှ ကျုပ် အိပ်ပျော်သွားတယ်။

"ကိုကြီးတာတေ"

ကျောက်ခဲ ရောက်လာပြီး နိုးတော့မှ ကျုပ် နိုးသွားတာဗျို့။

"ထူးတယ် ကိုကြီးတာတေရေ၊ ညက လေတွေတိုက်တာ ကျုပ်တို့တစ်ရွာတည်း တိုက်တာဗျ။ ဘန့်ဘွေးကုန်းက မနက်စောစောလာတဲ့ လူတွေပြောတယ်၊ သူတို့ဆီမှာ လေမတိုက်ဘူးတဲ့ဗျ"

"လေဆိုတာ ဒီလိုပေါ့ကွာ၊ သူ့လမ်းကြောင်းအတိုင်း တိုက်တာပေါ့"

"ဒါတင် မဟုတ်ဘူးဗျ၊ ကိုကြီးတာတေရ၊ ဒီမနက် မြောက်ပိုင်းကလူတွေရော တောင်ပိုင်းကလူတွေရောအားလုံး ကိုယ်တွေပူပြီး ဖျားနေကြတယ်ဗျ"

"ဟေ ဟုတ်လား၊ တယ်လည်းထူးဆန်းပါလား၊ ဟိုတစ်ခါ ကကျတော့ ယားလို့၊ ဒီနေ့ကျတော့ ဖျားလို့။ ဖျားတာကလည်း တစ်ယောက်တလေ မဟုတ်ဘူး၊ လူကုန်ဖျားတာ ဟုတ်လား ကျောက်ခဲ"

www.burmeseclassic.com



"ဟုတ်ပ့ါဗျာ၊ ကလေးလူကြီးတစ်ယောက်မကျန် ဖျားနေတာဗျ။ ကျုပ်အဖေရော၊ အမေရော ဖျားနေကြတယ်"

"ဟေ မင်းကတော့ မဖျားပါလား၊ မင်းလည်း မြောက်ပိုင်းကပဲမို့လား"

"ဟုတ်တယ်ဗျာ၊ အဲဒါတော့ နည်းနည်းဆန်းတယ်၊ ဟိုနေ့ကလူတွေ ယားတုန်းကလည်း ကျုပ် မယားဘူးဗျ၊ အခုလူတွေအကုန်ဖျားတော့လည်း ကျုပ် မဖျားဘူးဗျ"

"ကဲ ဒါဆိုရင် ဟိုနေ့က ဆရာတော့်တောင်ဝှေးနဲ့ မွှေထားတဲ့ရေကို အပက်နဲ့စိမ်ပြီး ရေပတ်တိုက်ခိုင်းလိုက်ကွာ၊ ကဲသွား၊ မင်းတို့လူငယ်လေးတွေ ချက်ချင်းစုပြီး လိုက်လှုံ့ဆော်လိုက်ကွာ၊ နေပါဦး ကျောက်ခဲရဲ့ ရွာအရှေ့ပိုင်း၊ အနောက်ပိုင်းတွေရော ဘာမှမဖြစ်ဘူးလားကွ"

"ဟာ မဖြစ်ဘူးဗျ၊ မြောက်ပိုင်းနဲ့ တောင်ပိုင်းပဲ ဖြစ်နေတာ"

"အင်း ထူးတော့ တော်တော်ထူးတာပဲကွာ"

ကျောက်ခဲ ချက်ချင်းထွက်သွားတယ်။ မြောက်ပိုင်းနဲ့ တောင်ပိုင်းက လူတွေကို လိုက်ပြီးလှုံ့ဆော်ဖို့ပေ့ါဗျာ။ အဲဒီနေ့ ညနေပိုင်း ကျောက်ခဲ ရောက်လာပြီး ပြောတယ်ဗျ။ ဆရာတော့် တောင်ဝှေး မွှေထားတဲ့ရေနဲ့ ရေပတ်တိုက်တာ အပူတွေ ကျသွားကြပြီတဲ့ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်တော့ ကျုပ် ချက်ချင်းမအိပ်ဘူး၊ အခြေအနေကို စောင့်ကြည့်နေတယ်။

ညသန်းခေါင်လောက်ကျတော့ ကျုပ် အိပ်ပျော်နေတာကို အမေ လာနှိုးတယ်ဗျ။ ကျုပ် အိပ်မောကျနေတာကို အမေ တော်တော်နှိုးယူရတာဗျ။

"ဟဲ့ တာတေ၊ တာတေ"

"ဗျာ"

"ထစမ်း၊ ထစမ်းဟဲ့ ရွာထဲမှာ အသံတွေ ဆူညံနေတာပဲ၊ နည်းနည်းပါးပါး ထွက်ကြည့်စမ်း"

"ဟုတ်တယ် လူကလေး၊ အသံတွေကြားတာ ကြာပြီ၊ ကြားကာစကတော့ ရန်တွေဘာတွေ ဖြစ်တယ်မှတ်တာ၊ အခုဟာက လူသံတွေ အများကြီးကို ဖြစ်နေပြီ"

ကျုပ်အဘကပါ ပြောတာဗျ။

ဟာ ဟုတ်တယ်ဗျို့၊ ဘာဖြစ်ကြပြန်တယ် မသိဘူး၊ ဆူညံနေပါလား။

ကျုပ် ချက်ချင်းအိပ်ရာကထပြီး ရွာထဲကို ခပ်သုတ်သုတ် ထွက်ခဲ့တယ်။ လက်ထဲက သုံးတောင့်ထိုးဓာတ်မီးနဲ့ ဟိုထိုးသည်ထိုးလုပ်ရင်း လျှောက်လာခဲ့တာ၊ လမ်းရောက်တော့မှ သိတာဗျ။ ဆူဆူညံညံအသံတွေက ရွာမြောက်ပိုင်းနဲ့ တောင်ပိုင်းက ထွက်နေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် မြောက်ပိုင်းကို အရင်သွားတယ်။ အဲဒီမှာက ကျောက်ခဲတို့ ရှိတယ်လေဗျာ။

"ကိုကြီးတာတေ"

ကျုပ်ကိုခေါ်သံကြားလို့ နောက်ကို လှည့်ကြည့်လိုက်တယ်။ လက်ထဲမှာ မာတ်မီးနဲ့ လှမ်းထိုးလိုက်တော့ သံမဏိဗျ။ ဒီကောင်ကလည်း ကျုပ်လိုပဲ ရွာလယ်ပိုင်းမှာ နေတာလေဗျာ။

"ကိုကြီးတာတေ၊ ကျုပ်အဖေ သွားကြည့်ပြီး ပြန်လာပြောတယ်ဗျ"

"ဟေ ဘာဖြစ်တာတဲ့တုံး သံမဏိရဲ့"

"လျှောင်လှုပ်နေတာတဲ့ဗျ"

"ဘာ. . လျှောင်လှုပ်တာ ဟုတ်လား"

"ဟုတ်တယ် ကိုကြီးတာတေရဲ့၊ ကျုပ်အဘပြောတာတော့ အိမ်ကြီးတွေတောင် ခါနေတာတဲ့၊ အဲဒါ လူတွေကြောက်ပြီး ဆင်းပြေးလာကြတာတဲ့ဗျ"

သံမဏိနဲ့ ကျုပ်နဲ့ မြောက်ပိုင်းကိုရောက်တော့ ငြိမ်သွားပြီဗျ။ မလှုပ်တော့ဘူး။ မြောက်ပိုင်းကလူတွေကတော့ တော်တော်ကို ကြောက်သွားတဲ့ပုံပဲဗျ။ ပြောနေလိုက်ကြတာ ဆူညံပွက်နေပါရောလား။

"ကျွိ၊ ကျွိ၊ ကျွိ၊ ကျွိ"

"ဟာ လှုပ်ပြန်ပြီဟေ့၊ လှုပ်လာပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အော်သံတွေညံပြီး ထွက်လာတာဗျို့။ ဟုတ်ပ့ါဗျာ။ အိမ်ကြီးတွေ အကုန်လုံး ယိမ်းပြီး လှုပ်နေတာဗျ။ တကျွီကျွီနဲ့ကို ဖြစ်နေတာဗျ။ ဒါပေမဲ့ ကျုပ်တို့ မတ်တတ်ရပ်တဲ့မြေကြီးကတော့ မလှုပ်ဘူးဗျ။ သစ်ပင်တွေလည်း မလှုပ်ဘူး။ ရေစည်ထဲက ရေတွေလည်း မလှုပ်ဘူးဗျ။ လက်စသတ်တော့ ဒါ ငလျင်လှုပ်တာမှ မဟုတ်ဘဲ။ အိမ်တွေ လှုပ်တာဗျ။ မြေငလျင်မှ မဟုတ်တာ။ အိမ်ငလျင်လို့ပဲ ပြောရတော့မှာပေ့ါဗျာ။

"ကဲ သံမဏိ လာ မင်းနဲ့ငါ တောင်ပိုင်း သွားကြည့်ကြဦးစို့"

ကျုပ်နဲ့ သံမဏိ တောင်ပိုင်းကို ထွက်လာခဲ့တယ်။ လမ်းရောက်တော့. . .

"ဟာ ကိုကြီးတာတေ"

"ဟင် ကျောက်ခဲ၊ မင်း ဘယ်က လာတာတုံး"

"ကျုပ် တောင်ပိုင်းကို သွားကြည့်ပြီး ပြန်လာတာဗျ"

"ဟေ ဟုတ်လား၊ ငါတို့က အခုမှသွားမလို့ကွ၊ လာကွာ၊ တစ်ခေါက်ပြန်လိုက်ခဲ့ဦး၊ မင်းတို့မြောက်ပိုင်းမှာတော့ ငါ ကြည့်ခဲ့ပြီးပြီ"

"ကိုကြီးတာတေ၊ ဒါ မြေငလျင်လှုပ်တာလားဗျ၊ မြေငလျင်ဆိုရင်လည်း တစ်ရွာလုံး လှုပ်ရမှာပေ့ါဗျ။ အခုတော့ မြောက်ပိုင်းနဲ့ တောင်ပိုင်းတင် ကွက်လှုပ်နေတာ၊ ဘာသဘောတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မြေငလျင် မဟုတ်ဘူးကွ ကျောက်ခဲရ၊ အိမ်ငလျင်၊ အိမ်ငလျင်"

"ဗျာ အိမ်ငလျင် ဟုတ်လား၊ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါဘူးဗျာ"

"မြေကြီးလှုပ်မှ မြေငလျင် ခေါ်မှာပေါ့ ကျောက်ခဲရ၊ အခုဟာက မြေကြီး မလှုပ်ဘူးကွ၊ အိမ်တွေချည်း လှုပ်တာ"

"ဩော် ဒီလိုလား"

ပြောရင်းဆိုရင်းနဲ့ ကျုပ်တို့သုံးယောက် တောင်ပိုင်းကို ရောက်လာကြရောဗျို့။

"ဟော လှုပ်ပြန်ပြီဟေ့"

လူတွေ ဆူညံ ဆူညံနဲ့ အော်တဲ့အသံတွေ ညံနေပြန်ရောဗျာ။

ဟုတ်ပ့ါဗျာ။ အိမ်ကြီးတွေ လှုပ်ရမ်းနေတာဗျို့။

"ကျွိ၊ ကျွိ၊ ကျွိ၊ ကျွိ"

ကျုပ်တို့ ခဏရပ်ကြည့်တယ်။ ဒီမှာလည်း ဒီလိုပဲဗျ။ မြေကြီး မလှုပ်ဘူး၊ အိမ်တွေချည်း လှုပ်နေတာ။ ဒါနဲ့ ကျုပ်တို့ ပြန်လာခဲ့တယ်။

ကျုပ် အိမ်ပြန်ရောက်တော့ အဘနဲ့ အမေက ကျုပ်ကို စောင့်နေကြတယ်ဗျ။

"တစ်ခုခုတော့ တစ်ခုခုပဲ အဘရ၊ မြေကြီးလှုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ အိမ်တွေချည်း လှုပ်နေတာ"

"အေးလေ လူလေးရာ၊ မြေငလျင်လှုပ်တယ်ဆိုရင် အဘတို့ တစ်ရွာလုံး လှုပ်ရမှာပေါ့။ အခုတော့ တောင်ပိုင်းနဲ့ မြောက်ပိုင်းပဲ လှုပ်တယ်ဆိုတာ တော်တော်ထူးဆန်းတဲ့ကိစ္စကွ။ လူတွေတော့ တော်တော်ကို လန့်နေမှာပဲနော်"

"ဟာ လန့်ပါပြီလား အဘရာ၊ ကျွက်ကျွက်ကို ညံနေကြတာဗျ အဘရ"

"အေး နင် စဉ်းစားကြည့်စမ်း တာတေ၊ ဟိုနေ့က ယားလိုက်ကြတာ အိမ်ရှိလူကုန်ပဲ၊ နောက်နေ့ကျတော့ ဖျားလိုက်ကြတာ အိမ်ရှိလူကုန်ဆိုပဲ။ အခုတစ်ခါ အိမ်ကြီးတွေ လှုပ်နေပြန်ပြီတဲ့။ ငါ့စိတ်ထင်တော့ ဒီမြောက်ပိုင်းသားတွေနဲ့ တောင်ပိုင်းသားတွေ တစ်ခုခုတော့ ဖြစ်နေပြီထင်တယ်ဟဲ့ တာတေရဲ့"

"ကျုပ်လည်း အဲဒါကိုပဲ တွေးနေတာ အမေရဲ့၊ ဒါမျိုးတွေ ကျုပ်လည်း တစ်ခါမှ မကြားဖူးပါဘူးဗျာ၊ ရွာပြင်မှာလည်း ခြေရာတစ်တောင်ကျော်ရှိတဲ့ သရဲကြီးတစ်ကောင်က ရွာကို နှစ်ညဆက်တိုက်ပတ်ပြီး လျှောက်သွားတယ်ဗျ"

"ဟေ အဲဒါ သရဲဟုတ်လား၊ နင် မြင်လို့လား တာတေ"

"ကျုပ် မျက်ကွင်းဆေးကွင်းပြီး ကြည့်တာဗျ အမေရဲ့၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျ။ ဆယ့်ငါးပေလောက် မြင့်တယ်၊ ကိုယ်လုံးကြီးကလည်း အစိတ်ဝင်ပုတ်လောက်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြီးတွေကလည်း နီရဲပြီး ခြင်းလုံးလောက် ရှိတာဗျ"

"အောင်မယ်လေး၊ အောင်မယ်လေး နင်မို့လို့ မမြင်မြင်အောင်လုပ်ပြီး ကြည့်ရတယ်လို့ တာတေရယ် ငါဖြင့် ပြောသံကြားတာနဲ့တောင် ကြောက်နေပြီ"

ညနာရီပြန်နှစ်ချက်လောက်မှ ကျုပ်တို့ အိပ်ရာပြန်ဝင်ခဲ့ကြတာဗျ။

ပြန်မအိပ်ခင် ကျုပ်က မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးကို ကိုင်ပြီး ပြောလိုက်တယ်။

"သချိုင်းရှင်မ မဖဲဝါ ခင်ဗျာ၊ ကျုပ်တို့ရွာမှာ ဖြစ်ပျက်နေတာတွေနဲ့ပတ်သက်ပြီး ကျုပ် သိလိုပါတယ်ဗျာ"

မဖဲဝါကိုယ်ခွဲရုပ်ကလေးကို ကျုပ်က ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။

ပန်းပွင့်ဝါဝါကလေး ပန်ထားတဲ့ ကောင်မလေးကို ကျုပ်တွေ့တယ်။ တရုတ်စကားပင်ကြီး တစ်ပင်အောက်မှာ ရပ်နေတာဗျ။ သူရပ်နေတဲ့နောက်က တရုတ်စကားပင်က အပွင့်ဖြူဖြူတွေဖွေးနေအောင် ပွင့်တာဗျ။

ကျုပ် သေသေချာချာ သတိထားပြီး ကြည့်လိုက်တော့ ကောင်မလေး ပန်ထားတာလည်း တရုတ်စကားပန်းပဲဗျ။ ဒါပေမဲ့ အဖြူမဟုတ်ဘူး၊ အဝါဗျ။ တရုတ်စကားပန်းအဝါ။

"ဟဲ့ တာတေ၊ နင် သိချင်တာ ပြောပြမလို့ ငါလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပြောပြပါ သချိုင်းရှင်မကြီးရယ်"

ကောင်မလေးက ခေါင်းညိတ်တယ်။ ပြီးတော့ ပြောတယ်ဗျ။

"တာတေ နင်တို့ရွာတော့ မကြာခင် မီးလောင်ခံရလိမ့်မယ်၊ ဒါပေမဲ့ မီးက ကွက်လောင်မှာပါ။ မြောက်ပိုင်းနဲ့ တောင်ပိုင်းမှာ အလိုလိုနေရင်းကနေ ဟုန်းကနဲ ထလောင်မှာ၊ ဘယ်လိုငြိမ်းလို့မှ မငြိမ်းဘူး၊ အေး တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာ အိမ်တစ်လုံးမှ မကျန်တော့တဲ့အခါ(.)ျတော့ သူ့အလိုလို ငြိမ်းသွားလိမ့်မယ်"

"ဟင် ဘယ်လိုဖြစ်လို့ ရွာမြောက်ပိုင်းနဲ့ တောင်ပိုင်းမှာ ကွက်ပြီးဖြစ်နေတာတုံးဗျ"

"တောင်ပိုင်းကအကောင်နဲ့ မြောက်ပိုင်းကအကောင် မဟုတ်တာ လုပ်ထားလို့ပေါ့ တာတေရဲ့"

"ဟင် ဟုတ်လား၊ ဘယ်သူတွေတုံးဗျာ၊ ဘာများလုပ်ထားလို့တုံး မဖဲဝါ"

"အေး ဒါကို နင် မသိခင် နင်တို့ရွာကို ညဘက် ပတ်လျှောက်နေတဲ့အကောင်ကို နင် ချောင်းကြည့်ပြီးပြီမို့လား"

"ဟုတ်ပါတယ်ဗျာ"

"အဲဒါ ငနက်မှောင်ကြီးဟဲ့၊ ခြေရာတစ်တောင် ငနက်မှောင်ဆိုတာ သူပေါ့ တာတေရဲ့"

"ဗျာ ခြေရာတစ်တောင် ငနက်မှောင် ဟုတ်သလား မဖဲဝါ၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပဲ့ဗျာ၊ တစ်ကိုယ်လုံး မီးသွေးတုံးလို မည်းနက်နေတာဗျ။ သူက ဘာလာလုပ်တာတုံး မဖဲဝါ"

"ငနက်မှောင်က 'ဘုရားပြို' သိုက်က သိုက်စောင့်ကြီးဟဲ့ တာတေရဲ့၊ ငနက်မှောင် အဲဒီ 'ဘုရားပြို' သိုက်စောင့်တာ နှစ်ထောင်နဲ့ချီနေပြီ။ သူစောင့်တဲ့သိုက်က ပစ္စည်းတစ်ခုကို ယူသွားလို့ကတော့ ငနက်မှောင်က တစ်ကိုယ်လုံး စိစိညက်ညက်ကြေအောင် ရိုက်သတ်ပစ်မှာဟေ့၊ အခုဟာက ပစ္စည်းတစ်ခု မဟုတ်ဘူး၊ ရွှေ သပိတ်နဲ့ ထည့်ထားတဲ့ ရတနာတွေ ယူလာတာ၊ အဲဒါ ပြန်ပို့ဖို့ သတိပေးနေတာဟေ့"

"ဗျာ သိုက်ထဲက ပစ္စည်းတွေကို ကျုပ်တို့ရွာသားတွေ ယူလာတာ ဟုတ်လား မဖဲဝါ"

"အေး အဲဒီအချိန်က ငနက်မှောင် မရှိဘူး၊ အောက်ပြည်ကို ကိစ္စတစ်ခုနဲ့ သွားနေရတာ၊ ပြန်လာမှ ပစ္စည်းတွေ ယူသွားမှန်းသိတာ"

"ဟာ ဖြစ်မှဖြစ်ရလေဗျာ၊ တော်တော်ကို မိုက်တဲ့လူတွေပဲဗျာ၊ ဘုရားပစ္စည်း သိုက်ပစ္စည်းကို ယူရသတဲ့လားဗျာ"

"အေး အဲဒီကောင်နှစ်ယောက်ကြောင့် နင်တို့တစ်ရွာလုံး ဒုက္ခကြုံကြရတော့မယ်"

"ကျုပ် ဘာလုပ်ရမှာတုံး မဖဲဝါ"

"ဟဲ့ ဘာလုပ်ရမှာတုံး၊ ဘုရားပစ္စည်းတွေ ပြန်ပို့ရမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



နင်တို့သွားပို့စရာ မလိုဘူး၊ ငနက်မှောင်ကို ပြန်ပေးလိုက်ရုံပဲ"

"ဟင် ဘယ်မှာ သွားပေးရမှာတုံး မဖဲဝါ"

"မနက်ဖြန်ည နင်တို့ရွာကို မီးရှို့ဖို့ လာလိမ့်မယ်၊ ရွာမြောက်ဘက်မှာ သိုက်ထဲက ယူလာတဲ့ ရွှေသပိတ်ကို ခုံမြင့်နဲ့ သေသေချာချာတင်ထား၊ ပြီးရင် ငနက်မှောင်ကို စားပွဲသောက်ပွဲ ပေးပြီး တောင်းပန်၊ ကြက်အကောင်လိုက် ငါးကောင်ကြော်၊ ထမင်းနှစ်ပြည်ချက်နဲ့ စကောထဲမှာ ပြင်ဆင်ပြီး ကျွေးရမယ်။ ငါလာပြီး စားခိုင်းမယ်။ နင်တို့ကျွေးလို့ စားမှာမဟုတ်ဘူး၊ ငနက်မှောင် ဒေါသတော်တော်ဖြစ်နေတာ။ သူ့ခြေရာကို နင်တို့မြင်အောင် တမင်ပြနေတာ၊ ဒါတောင် ငမိုက်သားနှစ်ကောင်က မသိချင်ယောင်ဆောင်နေတုန်း၊ ရွာသားတွေကိုယ်စား နင်က တောင်းပန်ပေတော့ တာတေ၊ နင် ဘာမှ မကြောက်ပါနဲ့ ငါ ရှိနေမှာပါ"

"ကောင်းပါပြီ မဖဲဝါ၊ ကျေးဇူးတင်ပါတယ်ဗျာ၊ မနက်ဖြန် ည ကိစ္စပြီးရင် ထနောင်းကုန်းသချိုင်းမှာ မဖဲဝါကို စားပွဲဆက်ပါ့မယ်"

"လွဲချော်သွားရင်တော့ မနက်ဖြန်ညမှာ နင်တို့ရွာ မီးလောင်လိမ့်မယ် တာတေ"

"မလွဲချော်စေရပါဘူးဗျာ၊ စိတ်ချပါ မဖဲဝါ၊ စိတ်ချပါ၊ စိတ်ချပါ"

"ဟဲ့ တာတေ၊ ဘယ်သူ့ကိုများ စိတ်ချပါ၊ စိတ်ချပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာတုံး”

ဟင် မိုးတောင်လင်းတော့မှာပါလား။ အမေနဲ့ အဘ တောင် အိပ်ရာထနေကြပြီဗျ။

“အဘ ဒီနေ့တော့ ကျုပ် ယာထဲမလိုက်တော့ဘူးဗျာ၊ မဖဲ့ဝါ ကျုပ်ကို လာပြောတယ်၊ မနက်ဖြန် ရွာမီးလောင်လိမ့်မယ် တဲ့၊ ဘုရားပြိုသိုက်က ရွှေသပိတ်နဲ့ ထည့်ထားတဲ့ ပစ္စည်းတွေကို တောင်ပိုင်းကလူတစ်ယောက်နဲ့ မြောက်ပိုင်းကလူတစ်ယောက် ပေါင်းပြီး ယူလာကြတာတဲ့ဗျ”

“သြော် ဒါကြောင့် တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာချည်း ဖြစ်နေတာကို၊ နို့ ဘယ်သူတွေတုံးကွ လူကလေးရ၊ သွားပြီးပြော တန်ပြောရမှာပေါ့ကွာ”

အဘက မေးတာဗျ။

“အဲဒါကို မဖဲ့ဝါက ပြောမသွားဘူးဗျ၊ ဒီတော့ သူကြီးကိုပဲ ဖော်ခိုင်းရတော့မှာပေါ့ဗျာ”

“သြော် အေး အေး၊ ရွာမီးလောင်မယ့်ကိစ္စ မင်း မလုပ် လို့ ဘယ်ဖြစ်မှာတုံး၊ ကဲ မင်း လုပ်စရာရှိတာသာလုပ် ယာထဲကို အဘတစ်ယောက်တည်း ဆင်းမယ်”

မိုးလင်းလင်းချင်း ကျုပ် သူကြီးကို ပြောပြတယ်။ သူကြီး က ကျုပ်ပြောရင် ယုံပြီးသားပဲဗျာ။ သူကြီးက ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်းတွေ ချက်ချင်းခေါ်ပြီး မြောက်ပိုင်းကလူတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းကလူတွေကို စစ်တော့တာပေါ့ဗျာ။ တောသားပဲဗျာ ဘယ်မှာ သိပ်စစ်စရာလိုမှာတုံး။

နေ့ခင်းလောက်ရောက်တော့ ပေါ်တော့တာပဲဗျို့။ ဘယ်သူတွေလည်း မှတ်တယ်။ မြောက်ပိုင်းက ကိုစက်အောင်နဲ့ တောင်ပိုင်းက သူ့သူငယ်ချင်း ကိုကျော်နိုင်ဗျ။ ဒီလူနှစ်ယောက်က မကြာ မကြာတက်ပြီး သစ်ခုတ် ဝါးခုတ် လုပ်တဲ့လူတွေလေဗျာ။ ဘုရားပြို့ဆိုတာ တောထဲမှာ ရှိတာဗျ။ ဘုရားအကြီးကြီးဗျ။ အခုတော့ အုတ်ပုံကြီးလို ဖြစ်နေပြီပေါ့ဗျာ။ သူတို့နှစ်ယောက်က တောတက်ရင်း ဖွတ်တွေလိုက်တာတဲ့ဗျို့။ အဲဒီဘုရားပြို့ထဲ ဝင်သွားလိုက်၊ အုတ်တွေဖယ်ပြီး ရှာရာကနေပြီး ရွှေသပိတ်နဲ့ ထည့်ထားတဲ့ ရတနာတွေ တွေ့ပြီး ယူလာကြတာတဲ့ဗျာ။

သူကြီးနဲ့ ရာအိမ်ခေါင်းတွေက ရွှေသပိတ်နဲ့ ရတနာတွေကို ချက်ချင်းသိမ်းယူပြီး သူတို့နှစ်ယောက်ကို ထိတ်တုံးခတ်ထားလိုက်တယ်ဗျို့။

"ရွာသာတစ်ခုခု ဖြစ်လို့ကတော့ မင်းတို့နှစ်ယောက် မလွယ်ဘူးလို့သာ မှတ်ပေတော့"

လို့ သူကြီးက ကြိမ်းဝါးထားသတဲ့ဗျာ။

ဒီတေ ဆဲမှာ ဒီဘုရားကြီးကို ဘယ်ဘုရင် တည်သွားတယ်ဆိုတာ ဘယ်သူမှ အတိအကျ မသိကြဘူးဗျာ။ ကျုပ်တို့ လူလာဖြစ်တဲ့အချိန်မှာ ဘုရားပြို့ကြီးပဲ တွေ့ဖူးတော့တာပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးက ခြေရာတစ်တောင် ငနက်မှောင်အတွက် ကြက်အူစုံ အသည်းစုံ၊ အမောက်၊ ခြေထောက်အစုံ ငါးကောင်ကျော် ထမင်းနှစ်ပြည်ချက်၊ မဖဲဝါအတွက်က ကြက်တစ်ကောင်ချက်နဲ့ ဆန်တစ်ခွက်ချက် အားလုံးတာဝန်ယူ စီစဉ်ပေးတယ်။

မိုးချုပ်တာနဲ့ မဖဲဝါအတွက် ထမင်းတောင်း အဆင်သင့်၊ ခြေရာတစ်တောင် ငနက်မှောင်အတွက်က စကောအကြီးကြီးတစ်ချပ်မှာ အဆင်သင့် ပြင်ပြီးသားဗျ။ ရွာမြောက်ဘက်က ငနက်မှောင် လာတဲ့လမ်းမှာ စားပွဲခုံကြီးချပြီး စကောနဲ့ ထမင်းပွဲပြင်ရတယ်။ စကောဘေးမှာ ဖယောင်းတိုင်လေး စိုက်ထားရတယ်။ ရွှေသပိတ်ကိုတော့ စားပွဲပြင်တဲ့ စားပွဲဘေးမှာ သီးသန့်စားပွဲတစ်လုံးနဲ့ တင်ပေးထားရတယ်။ အဲဒီစားပွဲမှာတော့ အောက်က ပန်းတွေခင်းပြီးမှ အပေါ်က သပိတ်တင်ထားတာ။ အဲဒီစားပွဲမှာလည်း ဖယောင်းတိုင်တွေ ထွန်းထားတယ်ဗျ။

အားလုံးအဆင်သင့်ဖြစ်တော့ မဖဲဝါရဲ့ ကိုယ်ခွဲအရုပ်ကလေးကိုကိုင်ပြီး ကျုပ်က မဖဲဝါကို အကြောင်းကြားလိုက်တယ်။

"သချိုင်းရှင်မ မဖဲဝါ ကျုပ် အားလုံးအဆင်သင့် လုပ်ထားပါပြီဗျာ၊ သချိုင်းရှင်မကြီးကို ကျုပ် အကြောင်းကြားတာပါဗျာ"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟာ ရွာထဲက ခွေးအူသံတွေ ထွက်လာတာဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒါက မဖဲဝါရဲ့ ခွေးကြီးအသံဗျ၊ လာကြပြီထင်တယ်၊ ကျုပ်က မျက်ကွင်းဆေးကွင်းပြီးထားတော့ မြင်ရမှာပေါ့ဗျာ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟာ လာပြီဗျို့၊ လာပြီ၊ ခြေရာတစ်တောင် ငနက်မှောင်ကြီး လာနေပြီဗျို့။

ဟော ဟော ကျုပ် လှမ်းမြင်နေရပြီဗျို့။ လရောင်ဖျိုးဖျ လေးအောက်မှာ မဲနက်နေတဲ့ ငနက်မှောင်ကြီးက လျှောက်လာနေတာဗျ။ သူ့ဘေးနားမှာ ဆံပင်ဖားလျားကြီးနဲ့ မဖဲဝါကြီး ပါလာတယ်ဗျို့။ မဖဲဝါရဲ့ဘေးမှာတော့ နွားပေါက်တစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီးက လျှာနီနီကြီးကို တွဲလောင်းချပြီး ပါလာတယ်ဗျ။ မီးတွေထွန်းထားတဲ့ စားပွဲခုံတွေနားရောက်တော့ မဖဲဝါရော၊ ငနက်မှောင်ကြီးပါ ရပ်လိုက်တယ်။ ငနက်မှောင်က ရွှေသပိတ်ကြီးဆီကို တန်းသွားတယ်ဗျ။ သပိတ်ကို အဖုံးဖွင့်ကြည့်တယ်။ ခဏကြာမှ ခေါင်းကြီးကို တဆတ်ဆတ်ညိတ်တယ်။ ရွှေသပိတ်ကို အဖုံးကြီး ပြန်ဖုံးလိုက်တယ်။ မဖဲဝါကို လှည့်ကြည့်ပြီး ခေါင်းညိတ်ပြတယ်။ မဖဲဝါက စားပွဲပြင်ထားတာကို လက်ညှိုးထိုးပြပြီး စားပြတယ်။

ငနက်မှောင်ကြီးက ထမင်းတွေ ကြက်ကြော်တွေကို ငုံ့ကြည့်ပြီး ကြက်ကြော်ရော ထမင်းရော အားရပါးရ စားတော့တာပဲဗျာ။ စကောကို သူ့လက်ဝါးကြီးပေါ်မှာတင်ပြီး အားရပါးရကို



www.burmeseclassic.com

www.burmeseclassic.com



စားတော့တာဗျို့။

မဖဲဝါက ကျုပ်ကို လှည့်ကြည့်တယ်။ ကျုပ်လည်း ကြက်သီးတွေ တဖျန်းဖျန်း ထနေတော့တာပေါ့ဗျာ။

"ခြေရာတစ်တောင် ငနက်မှောင်ဗျာ. . ."

ငနက်မှောင်ကြီးက ခြင်းလုံးလောက်ရှိတဲ့ မျက်လုံးနီနီ ကြီးတွေနဲ့ ကျုပ်ကို စိုက်ကြည့်တယ်။

"ကျုပ်တို့ရွာသားနှစ်ယောက်ရဲ့ မိုက်မဲမှုအတွက် ကျုပ် တောင်းပန်ပါတယ်ဗျာ။ မသိသားဆိုးဝါးတဲ့ ရွာသားနှစ်ယောက် ကိုလည်း ကျုပ်ဂို ရွာသူကြီးကိုယ်တိုင် ဆုံးမနေပါပြီဗျာ။ နောင် ကို ဒီလိုမဖြစ်စေရပါဘူး ငနက်မှောင်။ ဒီတစ်ကြိမ်တော့ဖြင့် ကျုပ်တို့ရွာသားတွေကို ခွင့်လွှတ်ပါလို့ ကျုပ်က တစ်ရွာလုံး ကိုယ်စား တောင်းပန်ပါတယ်ဗျာ"

BURMESE CLASSIC

ဟာ ခြေရာတစ်တောင် ငနက်မှောင်ကြီးက သူ့ခေါင်း ကြီးကို ညိတ်ပြတယ်ဗျို့။ အောင်မယ်လေး တော်သေးတာပေါ့ဗျာ။

ကြက်ငါးကောင်ရော၊ ထမင်းနှစ်ပြည်ချက်ပါ တက်တက် ပြောင်တော့မှ ငနက်မှောင်ကြီးက ရွှေသပိတ်ကြီးကို ဆတ်ကနဲ ပွေ့ယူပြီး လာလမ်းအတိုင်း လှည့်ထွက်သွားတယ်။ မဖဲဝါလည်း ခွေးနက်ကြီးကိုခေါ်ပြီး လှည့်ထွက်သွားရောဗျို့။

ကျုပ်လည်း ရွာထဲကို ကပျာကယာဝင်လာပြီး သူကြီး အိမ်မှာ အဆင်သင့်ပြင်ထားတဲ့ မဖဲဝါအတွက် ထမင်းတောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်တယ်။

ဒါပေမဲ့ ထမင်းတောင်းကို ကျုပ် မသယ်ရပါဘူးဗျာ။ ကျောက်ခဲနဲ့ သံမဏိက တစ်လှည့်စီ ထမ်းကြတာပါ။ သချိုင်းထဲ ကိုရောက်တော့ ပြင်နေကျ ဂူကြီးပေါ် မှာ မဖဲ့ဝါအတွက် ငှက်ပျော ဖက်ခင်းပြီး ထမင်းပွဲပြင်လိုက်တယ်။

"သချိုင်းရှင်မကြီး မဖဲ့ဝါခင်ဗျာ. . အခုလို ကူညီတဲ့ အတွက် ကျေးဇူးတင်လွန်းလို့ ကျုပ်တို့ ထနောင်းကုန်းရွာသား တွေက ကျွေးမွေးတာကို ပျော်ပျော်ကြီး သုံးဆောင်ပါဗျာ"

ရိပ်ကနဲ ရောက်လာပြီး မဖဲ့ဝါက အားရပါးရ စားတယ်။ ကျုပ်က မဖဲ့ဝါကို တစ်ရွာလုံးက ကျေးဇူးတင်ကြောင်းပြောပြီး ကျုပ်တို့သုံးယောက် ရွာကို ပြန်လာခဲ့တယ်။

တာတေ

BURMESE CLASSIC

□□□



www.burmeseclassic.com

www.burmeseclassic.com

သရဲတစ္ဆေ၊ စုန်းကဝေကို စိတ်ဝင်စားကြတဲ့
ကျုပ်ရဲ့ ပရိသတ်တွေအတွက် ထူးထူးခြားခြားဖြစ်မယ့်
စာစောင်လေးတစ်ခုကို ကျုပ်ကိုယ်တိုင်
စီစဉ်ပြီး ထုတ်ဝေမယ်ဗျို့ . . . . .
၁၅-ရက်တစ်ကြိမ်ထုတ်ဝေမယ့်
စာစောင်လေးကို

# ဂစ္ဆေမျက်လုံး

လို့ နာမည်ပေးထားတယ်။ ဒီတစ်ခါတော့
ကျုပ်တစ်ယောက်တည်းရဲ့ ကိုယ်တွေ့ဇာတ်လမ်းတွေအပြင်
ခင်ဗျားတို့ရဲ့ အတွေ့အကြုံတွေကိုပါ ဖော်ပြပေးသွားမယ်ဗျို့။
ခင်ဗျားတို့လည်း ဂစ္ဆေမျက်လုံးမှာ
ပါဝင်ရေးသားနိုင်တယ်ဆိုတာ အသိပေးလိုက်ပါတယ်။

တာတေ

၂၀၁၅ ဇူလိုင်လမှာ စဖတ်လို့ရပြီဗျို့။
တာတေ ဝယ်နေကျဆိုင်တွေမှာမေးဝယ်ပါ။

www.burmeseclassic.com